
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မိတ်ကောင်းဆွေမှန်၊ လမ်းကောင်းညွှန်၍
များလွန်အကျိုး ရွက်သယ်ပိုး၏။
မိတ်ဆွေစာပေ

ဖြန့်ချိရေး
မိတ်ဆွေစာပေ(မူပိုင်)
အမှတ်(၆၁)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊
ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။
ဖုန်း - ၀၉ ၂၅၀၆၆၁၃၀၃၊ ၀၉ ၇၉၉၇၄၃၃၉၃

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၆ ဇူလိုင်လ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ဦးကံကောင်း |
| ကွန်ပျူတာ | - | ချယ်ရီမေ |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (၀၀၃၇၄) ဇင်ရတနာစာပေ ၂၀၅၊ က/၄ လမ်း၊ မြို့သစ် (က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြ-၀၀၄၅၉) စိုးမေတ္တာပုံနှိပ်တိုက် အမှတ်(၁၇)၊ ၅၆ လမ်း ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ကေနန်မင်း ၃၉၈.၂
ကျတ်တစ္ဆေများနဲ့ မဖဲဝါ/ကေနန်မင်း၊
ရန်ကုန်၊
ဇင်ရတနာ‌စာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၃၅-စာ၊ ၁၂ × ၁၈ စင်တီ


# ကျတ်တစ္ဆေများ

# နဲ့

# မဖဲဝါ

## ကေနန်မင်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ကျွတ်တာစွေများနဲ့ မဖဲဝါ | ၃ |
| ၂။ | မီးတတို့လောက် | ၃၅ |
| ၃။ | ကဝေတိုက်ပွဲ | ၆၅ |
| ၄။ | သရဲစကားဝိုင်းနဲ့ ခွေးအသုဘချပွဲ | ၇၃ |
| ၅။ | သံယောဇဉ်ဝိညာဉ်ရဲ့ ငိုရှိုက်သံ | ၁၀၅ |
| ၆။ | အရှက်အတွက် အမျက်မပြေတဲ့စုန်းမ | ၁၂၀ |
| ၇။ | ရှေးဟောင်းရတနာနဲ့ အစောင့်သရဲများ | ၁၆၁ |
| ၈။ | မြှုင်သေလာစခန်း မရဏလမ်း | ၁၈၉ |


# ကျွတ်တာစွေများ နဲ့ မဖဲဝါ

လယ်ကွင်းများအတွင်း စပါးခင်းအားလုံး သိမ်းပြီးကုန်ပြီ။ ကျော်ဝင်း၊ တင်စိုး၊ အေးမောင်၊ သောင်းမြင့်တို့ သူငယ်ချင်း ကလေးတစ်စု ပေါက်ပြားကိုယ်စီ ခွေးတစ်ကောင်နှင့် အလုပ်ဖြစ်နေကြသည်။

သူတို့မိဘများပိုင် လယ်ကွင်းများက မြေဆီမြေသား မကောင်းခြင်း၊ ရေနှင့်ဝေးခြင်းတို့ကြောင့် စပါးပြီးပါက ကိုင်းသီးနှံစိုက်၍ မရသဖြင့် ရိုးပြတ်ငုတ်အတိုင်း မိုးမကျမခြင်း ဤအတိုင်းထားသည်။

ထိုအခါ စပါးနှံအကြွေများ စပါးရိတ်ရာ ပါမသွားသော ကောက်နှံများကို အမျိုးသမီးများ၊ ကလေးများ ကောက်သင်း ကောက် ထွက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံး စိတ်ရှည်လက်ရှည်နှင့် ကွင်းအနှံ့ လိုက်ကောက်လျှင် လူတစ်ယောက်ကို စပါးနှံတစ်တင်းခန့်မျှ ရနိုင်သည်။

ထိုကဲ့သို့ ကောက်သင်းကောက်ပြီး ကျန်စပါးစေ့အကြွေများကို လယ်ကြွက်ကြီးများက ကောက်ယူစားသုံးကြသည်။

စားစရာပေါသော ထိုအချိန်မျိုးတွင် လယ်ကွက်များအတွင်း၌ ကြွက်များခိုနားရာ ကြွက်တွင်းများ အလျှိုအလျှိုပေါ်လာသည်။

ထိုလယ်ကြွက်များရှိရာ တွင်းများကို နေ့အချိန်ရှာပြီး ပေါက်တူးဖြင့် တူးကြသည်။ အချို့တွင်းတစ်တွင်းမှာ နှစ်ကောင်သုံးကောင်ခန့်ပင် ရရှိကြသည်။

တစ်ယောက်ကို ဆူဖြိုးသောလယ်ကြွက်ကြီး သုံးကောင်ခန့် ရလျှင် နေ့ထွက်ကိုက်ပြီး အိမ်ပြန်ကြသည်။

ကျော်ဝင်းတို့ သူငယ်ချင်းလေးယောက်မှာ သောင်းမြင့်က ဆယ့်လေးနှစ်၊ ကျန်သုံးယောက်က ဆယ့်သုံးနှစ်ပေမယ့် ပေါက်တူးကိုတော့ နိုင်နင်းစွာ ပေါက်တတ်နေပြီး၊ တင်စိုးတို့ခွေးကလည်း ကြွက်လိုက်ရာမှာ အလွန်ကျွမ်းကျင်သည်။

သူငယ်ချင်းလေးယောက် ပေါက်တူးတစ်လက်စီနှင့် ခွေးတစ်ကောင်ကို အားကိုးကာ ကြွက်တွင်း လိုက်တူးကြသည်။

သူတို့၏ခွေးက လွန်စွာအားကိုးရသည်။ ကြွက်တွင်းကိုတွေ့၍





ပေါက်တူးဖြင့် နှစ်ချက်သုံးချက်တူးပြီး အပေါက်ကို ခွေးအား ပြလိုက်သည်နှင့် အထာသိသောခွေးက ကြွက်ရှိ မရှိ၊ အပေါက်မှာ အနံ့ခံကြည့်သည်။

ကြွက်ရှိမှန်းသိသည်နှင့် ဂနာမငြိမ်၊ အသည်းအသန် လက်နှင့်ယက်တော့သည်။

, ပါးစပ်ကလည်း ဟောင်သည်။ ခြေထောက်ကလည်း ယက်သည်။ ထိုအခါ ခွေးကိုတွန်းထုတ်ပြီး သူတို့က တွင်းကို အမြန်ပေါက်သည်။ ခွေးနှင့် ကျန်လူများက ဂယ်ပေါက်များက အသင့်စောင့်နေကြရသည်။

ထိုကဲ့သို့ မစောင့်ချင်လျှင်၊ ဂယ်ပေါက်များကို လိုက်ပြီးပိတ်ထားလိုက်သည်။

ကြွက်ခိုအောင်းသောနေရာနှင့် နီးပြီဟုထင်လျှင် ခွေးနှင့် လွှတ်လိုက်ရုံပင်။ ကြွက်ထွက်ပြေးပါကလည်း ခွေးက မလွတ်အောင်လိုက်၍ခဲတော့သည်။

ကြွက်သေသွားလျှင် သူ့သခင်ထံ ချီလာသည်။ ဒါမှမဟုတ်မြင်သာသည့်နေရာမှာ ချပေးသည်။

သို့ဖြင့် သူတို့လေးယောက် တစ်ယောက်ကို အနည်းဆုံးနှစ်ကောင်စီတော့ ရအောင် ရှာတူးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လယ်ကွက်များကလည်း တမျှော်တခေါ်၊ သူတို့အကွက်ကလည်း ကြွက်တွင်းတွေက နေရာအနှံ့ရှိနေသည်။

လူကြီးများကတော့ ညဘက်၌သာ ကြွက်ထိုးထွက်တတ်ကြသည်။ သူတို့က ကြွက်ကို ဘိတောင်ဖြင့်ကြသည်။ ပိုးဖလံအသံတုဖန်တီး၍ ကြွက်များအား တွင်းထဲမှထွက်အောင်လုပ်ကြသည်။

တွင်းမှထွက်လာသော ကြွက်ကို စူးဖြင့်ထိုး၍လည်း ဖမ်းကြသည်။

တင်စိုး၊ ကျော်ဝင်းတို့ လူငယ်လေးများက ခွေးတစ်ကောင်အားကိုး၍ နေ့ခင်းဘက်၌သာ ကြွက်ဖမ်းထွက်ကြသည်။

တစ်ရက် ... ညနေပိုင်း လေးနာရီခန့် တင်စိုးတို့လူငယ်တစ်စု သင်္ချိုင်းဟောင်းနားသို့ ရောက်သွားသည်။

ထိုသင်္ချိုင်းဟောင်းက အကျယ်သုံးဧကခန့်ရှိပြီး မြေပြင်ကလယ်မြေမျက်နှာပြင်ထက် လေးငါးပေမျှ မြင့်တတ်နေသော၊ သစ်ပင်ချုံပင်များရှိသည့် မြေကွက်ဖြစ်သည်။ ဂူဟောင်းဂူပျက်လည်း မရှိ၊ မြေသားအတိဖြစ်သည်။

ရှေ့မီနောက်မီလူကြီးများက သင်္ချိုင်းဟောင်းဟု ပြောထား၍ ထိုနေရာကို ဖြိုဖျက်မြေညှိပြီး လယ်ယာမြေအဖြစ်လည်း ဆိုက်ပျိုးမည့်သူမရှိ။





ရွာ၏သင်္ချိုင်းကတော့ ရွာနှင့် မိုင်ဝက်ခန့်အဝေးမှာ ရှိပြီး ဂူမောင်းရော ဂူအသစ်ပါရှိသည်။

တင်စိုးတို့အုပ်စု သင်္ချိုင်းအဟောင်းအနီးမှာ ကြွက်တွင်းတွေအများကြီးတွေ့သဖြင့် ခွေးအားကိုးနှင့် ကြွက်တွင်းကို ဝိုင်းပေါက်ကြသည်။

ထိုနေရာမှ ကြွက်ကြီးနှစ်ကောင် ရလိုက်သည်။

"ဟော့ကောင်တွေ ... တို့တစ်ယောက်ကို နှစ်ကောင်စီရနေပြီ ... ရွာပြန်ကြမယ် ... ခဏနေရင် မှောင်တော့မှာ"

ထိုစဉ် ... သူတို့နေရာနှင့် မနီးမဝေးမှာ တွင်းထဲကို ဝင်ပြေးသွားသည့် သဏ္ဍာန်များကို သူတို့လေးယောက် ရိပ်ခနဲတွေ့လိုက်သည်။

သူတို့၏ လက်စွဲတော်ခွေးကြီးကလည်း တွေ့လိုက်သဖြင့် ထိုနေရာသို့ ပြေးသွားပြီး တွင်းဝသို့ ထိုးဟောင်တော့သည်။

"မင်းတို့ တွေ့လိုက်ကြလား"

"အေး ငါ့မျက်စိထဲမှာ ကြွက်သုံးလေးကောင် ဝင်ပြေးတာရိပ်ခနဲ မြင်လိုက်တယ် ..."

လာ ... အဲဒီကို သွားကြည့်မယ်။

သူတို့ ထိုနေရာရောက်တော့ ခွေးကြီးက တွင်းဝမှာ ဟောင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ တွင်းအခြေအနေကို အကဲခတ်လိုက်သည်။

"အချိန်ကလည်း သိပ်မရှိတော့ဘူး ... ဒီလိုလုပ်ရင် ကြွက်ရှိသမျှ ထွက်လာမှာပဲ"

"ဘယ်လိုလုပ်ရမှာလဲ"

သောင်းမြင့်က ရိုးပြတ်တောထဲ ဝင်ပြေးသည်။

သူပြန်ရောက်လာတော့ လက်ထဲမှာ ကောက်ရိုးပြတ်၊ အပင်ခြောက်များ တပွေ့တပိုက် ပါလာသည်။

"တင်စိုး မင်းလည်း တစ်ပွေ့စာလောက်၊ သွားနှုတ်ခဲ့ကွာ"

ရိုးပြတ်ပင်ငုတ်တစ်ပွေ့စာမျှ တင်စိုး သွားနှုတ်လာခဲ့သည်။

သောင်းမြင့်က ရိုးပြတ်အခြောက်များဖြင့် တွင်းပေါက်များအားလုံး ဆို့ပိတ်လိုက်သည်။

ကြွက်တွင်း အဓိကအပေါက်ကို လွှတ်ထားပြီး ကျန်အပေါက်တို့မှ ကောက်ရိုးပြတ်များကို မီးရှို့လိုက်ကြသည်။

ခဏအတွင်း မီးများက တဟုန်းဟုန်း ထတောက်တော့သည်။ မီးခိုးများကလည်း တွင်းထဲသို့ အလုံးလိုက်အလိပ်လိုက် ဝင်သွားတော့သည်။

မီးလည်း ငြိမ်းသွားပြီ။ တွင်းဝမှ တစ်ကောင်မျှ ထိုးထွက်လာခြင်းမရှိ။





"ဟော့ကောင်တွေ ကြွက်လည်း တစ်ကောင်မှ ထွက်မလာပါလား"

"ဟုတ်တယ် ... တွင်းထဲမှာ ကြွက်ရောရှိသေးရဲ့လား"

"အထဲဝင်တာ ငါတို့အားလုံး တွေ့လိုက်ပါတယ် ... အပြင်ထွက်တာကို မတွေ့ဘူး"

"အထဲမှာ မီးခိုးမွန်ပြီး သေကုန်ပြီထင်တယ်"

"တို့ ဒီကြွက်တွင်းကို ပေါက်တူးနဲ့တူးပြီး ကြည့်ကြမယ်"

"ဟုတ်တယ် အချိန်လည်း ရသေးတယ်၊ တူးကြမယ်"

သို့ဖြင့် ပေါက်ပြားသုံးလက်နှင့် တညီတညာ တူးလိုက်ကြသည်။

"ဟာ အထဲမှာ ဂလိုဏ်ကြီး"

"ဟိုမှာ ဘာကောင်တွေလဲ"

"ပုတ်သင်ညိုတွေလား၊ ကင်းလိပ်ချောတွေလား မသိဘူး။ မီးခိုးမွန်ပြီး သေကုန်ကြပြီ"

"ငါတို့က ကြွက်မှတ်လို့ ဒီကောင်တွေကတော့၊ စားလို့မှ မရတာ၊ ဒီအတိုင်းပဲ ထားခဲ့ကြမယ်"

သူငယ်ချင်းလေးယောက်လည်း ဖမ်းဆီးရထားသော ဖယ်ကြွက်နှစ်ကောင်စီ ဆွဲပြီး နေလုံးမပျောက်တပျောက်အချိန် ရွာသို့



www.burmeseclassic.com

www.burmeseclassic.com



သုတ်ခြေတင်ပြီး ပြန်လာကြတော့သည်။

❖ ❖ ❖

ထို့နောက် ရက်သတ္တတစ်ပတ်အတွင်း တင်စိုးတို့၏ လေးအိမ်စုရွာလေးမှာ ထူးခြားသော ဖြစ်ရပ်များ၊ ကြောက်မက်ဖွယ်ကောင်းသောဖြစ်ရပ်များနှင့် ကြုံလာရတော့သည်။

ညနေစွာရိုင်းသွင်းချိန်ဆိုလျှင် လေးအိမ်စုရွာမှ ခွေးများ တစီစီနှင့် ရှိနေသလို အချို့ခွေးများကလည်း ဆွဲဆွဲငင်ငင် အူကုန်ကြသည်။

ဟင်းကုတ်များအတွင်း ချည်နှောင်ထားသော နွားများလည်း တရှူးရှူးနှာမှုတ်ကာ ချည်တိုင်ကကြိုးကို ပြတ်အောင်ပင် ရုန်းရင်းဆန်ခတ် လှုပ်ရှားကုန်တော့သည်။

ရွာပတ်ပတ်လည်မှာလည်း ကျီးပြိုသကဲ့သို့ ဝေါခနဲ ဝုန်းခနဲ ဖြစ်နေသည်။

ထိုထူးခြားချက်ကို လူတွေမြင်ပြီး ထိတ်လန့်ချောက်ချားနေကြသည်။

ရွာလည်က ကျော်ဝင်းတို့အိမ်မှာ လူအများ စိခနဲအော်ငိုသံထွက်လာသည်။

တစ်နေ့လုံး ဆော့ကစားနေသော အသက်ဆယ့်သုံးနှစ်အရွယ်ရှိ ကျော်ဝင်း ကောက်ကာငင်ကာ သေဆုံးသွားတော့သည်။





မည်သည့်ရောဂါကြောင့် သေမှန်းလည်းမသိ။ ရုတ်တရက် အသက်ရှူကြပ်ပြီး သေသွားခြင်းဖြစ်သည်။

မိဘဆွေမျိုးသားချင်းများ ယူကျုံးမရစွာ ငိုကြွေးကြသည်။

ကျော်ဝင်းတစ်ယောက် ရုတ်တရက် သေဆုံးသွားသည်ဆို၍ တင်စိုးနှင့်မိဘများ နာရေးသတင်း လာမေးကြသည်။

အေးမောင်နှင့် သောင်းမြင့်တို့ကတော့ ကြောက်တတ်သူများဖြစ်၍ လူကြီးများနှင့်အတူ လိုက်မလာကြ။

ကျော်ဝင်းရှိရာသို့ မလိုက်ပါခဲ့သော်လည်း ကစားဖော် ကစားဖက် သူငယ်ချင်းတစ်ယောက်၊ လျော့သွားပြီဆိုသော အသိဖြင့် ငိုကြွေးကြသည်။

ပြီးခဲ့သော သုံးလေးရက်ကပင် အတူတူ ကြွက်ပိုက်ဖမ်းခဲ့သေးသည်။

ကျော်ဝင်း၏ နာရေးအိမ်သို့ သောင်းမြင့်၏အဖေနှင့် အမေတို့ရောက်နေသည်။ အိမ်မှာ မြေးအဖွားနှစ်ယောက်သာ ကျန်ခဲ့သည်။

အိမ်ပေါ်သို့ ဇကောဇောက်မျက်နှာကြီးနှင့် မျက်လုံးကြီးနှစ်လုံးက ရှေ့သို့ ပူစွန်မျက်လုံးများအလား ပြူးထွက်နေသော ကြောက်စရာကောင်းသည့် သရဲကြီးတစ်ကောင် ဝင်လာသည်ကို သောင်းမြင့် တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"နင်လူသတ်ကောင် နင်သေရမယ်။ ဟီး ... ဟီး ... ဟီး ... နင့်ကို ငါကိုယ်တိုင်သတ်မယ်"

"အဖွား ... အဖွား ... သားကြောက်တယ်၊ အိမ်ပေါ်ကို သရဲကြီး တက်လာတယ်"

"ဘာသရဲမှ မရှိပါဘူးမြေးရယ်"

သောင်းမြင့်က အဖွားဖြစ်သူကို သိမ်းကျုံးဖက်ထားသည်။

"ဟီး ... ဟီး ... ဟီး ... နင့်အလှည့်ကျတော့ သေရမှာ ကြောက်နေပြီလား"

သရဲကြီးက ကြောက်စရာအသွင်ကြီးနှင့် သောင်းမြင့်အနီ သို့တိုင် ကပ်လာသည်။

အဖွား ... အဖွား ... သားနားကို သရဲကြီး ကပ်လာ သား ကြောက်ဟယ် သားကြောက်တယ်။

"ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ..."

သရဲကြီးပါးစပ်အတွင်းက ဖြူဖြူအငွေ့များ မှုတ်ထုတ်လို သည်။

သောင်းမြင့်လည်း ထိုအငွေ့များကို ရှူရှိုက်မိသွားပြီး အသ





ရှမဝ၊ ရင်ကျပ်သလိုဖြစ်ကာ မျက်လုံးကြီးပြူး၍ အသက်ထွက်သွားသည်။

သောင်းမြင့် ရုတ်တရက်သေဆုံးသွားစဉ် အနီးအနားမှာ အဖွားသာရှိ၍ ကျော်ဝင်းတို့အိမ်ရောက်နေသော မိဘများကို လူလွှတ်ပြီး ခေါ်ခိုင်းရသည်။

သောင်းမြင့် မိဘများအိမ်သို့ ပြန်ရောက်လာသည်။ အသက်ကင်းမဲ့နေသည့် သားကိုမြင်ပြီး ယူကြုံးမရစွာ အော်ဟစ်ငိုယိုကြတော့သည်။

ကစားဖော် သူငယ်ချင်းနှစ်ယောက် ရုတ်တရက် သေဆုံးသွားသဖြင့် သူတို့၏ တွဲဖော်တွဲဖက် တင်စိုးနှင့် အေးမောင်တို့၏ မိဘများ စိုးရိမ်သွားကြသည်။

"သား တင်စိုး ... မင်းတို့သူငယ်ချင်း သောင်းမြင့်နဲ့ ကျော်ဝင်း ဘာရောဂါမှမဖြစ်ဘဲ ... အသက်ရှုကြပ်ပြီး သေသွားကြတယ်။ သေတာထူးဆန်းတယ် ... မင်းတို့လေးယောက် အများတစ်ခုခုများ လုပ်မိသေးလား"

"သားတို့ ဘာမှမလုပ်ပါဘူး။ ကစားနည်းမျိုးစုံ ကစားတာပဲ ရှိတယ်"

"မင်းတို့ အခုရက်ပိုင်း ရွာဦးနတ်စင်ဘက် ရောက်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ပါဘူး၊ ဘာဖြစ်လို့လဲ"

"နတ်စင်ဘက်ရောက်ပြီး နတ်မကြိုက်တာများ လျှောက်လုပ်မိကြသေးလားလို့ပါ"

"သားတို့ တစ်ခေါက်မှကို မရောက်ဘူး"

"ကလေးတွေပဲ ဖြစ်မှာလား၊ လူကြီးတွေရော မဖြစ်နိုင်ဘူးလား။ အခြားကလေးတွေရော ဖြစ်မှာလား"

လူကြီးမိဘများ အစိုးရိမ်ပိုလာသည်။ ကလေးများကို အနီးက အပျောက်မခံ၊ သွားလေရာ ခေါ်သွားကြသည်။ ကိစ္စအထူးမရှိလျှင် ဘယ်မှ မသွားကြ။

သူတို့အပြင် ရွာထဲက ကလေးရှိသော မိဘများလည်း စိုးရိမ်ကြသည်။

သုံးရက်အတွင်း ကလေးနှစ်ယောက် ရောဂါတစ်မျိုးတည်းနှင့် သေဆုံးသွားကြသည်။

ထို့နောက် သောင်းမြင့်အသုဘကို အရင်ချပြီး နောက်ရက်မှ ကျော်ဝင်းအသုဘကို ချသည်။

သောင်းမြင့်နှင့် ကျော်ဝင်းတို့၏ အသုဘမြေကျပြီးသည်နှင့် နောက်ရက်မှာ တင်စိုးတစ်ယောက် ကြောက်တယ် ... ကြောက်တယ် ... သရဲကြီး အိမ်ပေါ်တက်လာပြီဟု အားကုန် အော်ဟစ်





နေသည်။

သူက ထိတ်လန့်ကြောက်ရွံ့စွာနှင့် အော်ဟစ်နေပေမယ့် သူတို့တစ်အိမ်လုံး သရဲကိုမတွေ့။

"သရဲမကြီး သားကို သတ်တော့မယ် အမေ ... သား သား ကြောက်တယ် ... သားကိုသတ်မလို့ လုပ်နေပြီ"

တင်စိုးအိမ်မှာ ဆူညံဆူညံ ဖြစ်နေသည်။

တင်စိုးတစ်ယောက် အသက်ရှုကြပ်၍ မျက်လုံးပြူးပြူး ပါးစပ်ဟပြီး အသက်ရှူနေရသည်။

မည်သူမှ မမြင်ရသော၊ သရဲမကြီးကလည်း သူ့ကိုသတ်ရန် လုပ်နေပြီဟု အော်တစ်ပြောဆိုနေသည်။

နောက် ... ဆယ့်ငါးမိနစ်ပင် မကြာလိုက်၊ အသက်ရှုကြပ်နေသောတင်စိုး အသက်ထွက်သွားသည်။

"အမယ်လေး အဖြစ်ဆိုးလိုက်တာသားရယ် လူကြီးတွေကကာမှမဖြစ်ဘဲ ကလေးတွေမှ ဒီရောဂါဖြစ်ရလား ... ဟီး ... ဟီး ... ဟီး ..."

ထိုကဲ့သို့ တစ်ပတ်အဲတွင်းမှာ ကလေးသုံးယောက် သရဲကြောင့်လား၊ ရောဂါကြောင့်လားမသိ။ ရောဂါတစ်မျိုးတည်းနှင့် သေဆုံးကုန်ကြသဖြင့် တစ်ရွာလုံး တုန်လှုပ်ချောက်ချားကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လိုဖြစ်ရတာလဲ၊ တို့ရွာက ခါတိုင်း ဒီလိုမျိုးသေတာ မရှိခဲ့ပါဘူး။ ဒီကလေးတွေ အမှားတစ်ခုခုများ လုပ်မိကြလို့လား”

ရွာလူကြီးများလည်း ခေါင်းချင်းဆိုင်ကုန်သည်။

“ဘယ်လိုဖြစ်ရတာလဲဗျာ၊ ကလေးသုံးယောက်က အသက် ဆယ့်သုံးနှစ် ဆယ့်လေးနှစ်လောက်ပဲ ရှိသေးတာ၊ အမှားတစ်ခု လုပ်ခဲ့ကြရင်လည်း ကလေးတွေမို့ ခွင့်လွှတ်သင့်ကြပါတယ်”

“အခုလို သေဆုံးတဲ့အထိတော့ အပြစ်မပေးသင့်ပါဘူး”

“ဒီအတိုင်း လက်ပိုက်ကြည့်မနေကြပါနဲ့ဗျာ။ အကြံဉာဏ်လေ ပေးနိုင်ရင် ပေးကြပါဦး”

“ဒီလိုမျိုး အစိမ်းသေ၊ သေတယ်ဆိုတာ ရွာမှာ အမှော် ပယောဂ နှောင့်ယှက်တာမျိုးတွေ ဖြစ်လာနိုင်တယ်”

စုန်းတို့၊ ကဝေတို့၊ မှော်တို့နဲ့ လုပ်ထားတာလည်း ဖြစ်နို တယ်။ ဒီအတိုင်း ကလေးတွေ ဆက်တိုက် အသေခံလို့ မဖြစ်ဘူ ဆရာကောင်း သမားကောင်းသိကြရင် လမ်းညွှန်ပေးကြပါ။ ရှိ နေရာက သွားခေါ်ပေးကြပါ”

“ဦးလေးကောင်းစံ”

“ဟ မောင်စိန် ... ပြော ကိစ္စရှိလား”

“ဟုတ်ကဲ့ ... ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့ ဘကြီး





အထက်လမ်းဆရာကြီးတစ်ယောက်ပဲ။ ကျွန်တော့်မိတ်ဆွေရှိတဲ့ မြို့ကို သွားပြီး ဒီရွာကအကြောင်း ပြောပြီး ပင့်ခဲ့ရင် ကောင်းမလား”

“ဟကောင် ... ပြောစမ်း ဘက ကြားသေးတယ်။ အဲဒီ ဆရာက ဘယ်မြို့မှာ နေတာလဲ”

“မအူပင်မှာ နေတာလား၊ ရွှေကျင်မှာ နေတာလား၊ အသေ အချာတော့ မပြောတတ်ဘူး။ မအူပင်မှာနေတဲ့ ကျွန်တော့်မိတ်ဆွေဆီ ရောက်ရင်သိရမှာပဲ”

“မင်းဟာက မသေချာလိုက်တာ”

“အကြောင်းကိစ္စက မရှိတော့ သူ့ဘကြီးနေရပ် ဘယ်မှာလဲ မမေးထားမိဘူးပေါ့။ ကျွန်တော့်မိတ်ဆွေဆီ သွားလိုက်ရင်သိမှာပဲ”

“မနက်စောစော ရယားနဲ့ လိုက်သွား၊ နေ့ခင်းရထားခေါက်နဲ့ ပြန်လိုက်ခဲ့”

သို့ဖြင့် နောက်နေ့ မောင်စိန်တစ်ယောက် မအူပင်မြို့သို့ ထွက်သွားသည်။

ထိုနေ့က ရွာသားတို့ မျှော်လင့်စောင့်စားနေပေမယ့် မောင်စိန် ပြန်ရောက်မလာပါ။

နောက်တစ်ရက်နေပြီးမှ မောင်စိန်နှင့် အသက်ငါးဆယ်ခန့် လူတစ်ယောက် ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်စကားကြောင့် အားကိုးတကြီး စောင့်နေသော ရွာသားတို့ စိတ်ဓာတ်ကျသွားရသည်။

"ဆရာကြီး သိမ်ဇရပ်ဘက် ဆင်းသွားတယ်။ ပြီးရင် … မုပ္ပလင်အထိသွားပြီး ဆေးကုဦးမယ်တဲ့။ နောက်ငါးရက်လောက်မှ ပြန်လာမယ်တဲ့"

ထို့ကြောင့် ပယောဂအကြောင်း တတ်ကျွမ်းနားလည်သည့် ဆရာကြီး၏တပည့် ဆရာဦးတင်မြင့်ဆိုသူကိုသာ ပင့်ခဲ့ကြောင်း ရွာလူကြီးကို ရှင်းပြသည်။

မောင်စိန်နှင့် ပါလာသော ဆရာဦးတင်မြင့်က ရွာကိုရောက်သည်နှင့် ပထမသေဆုံးခဲ့သော ကျော်ဝင်းတို့အိမ်သို့ဝင်၍ အကျိုးအကြောင်း စုံစမ်းမေးမြန်းသည်။

ထို့အတူ တင်စိုး၊ သောင်းမြင့်တို့အိမ်သို့လည်း ဝင်သည်။ ဘယ်သူမှ သူရဲကို မမြင်ရဘဲ၊ သေသူကလေးများသာ သရဲကို မြင်တယ်၊ ကြောက်တယ် အသည်းအသန် အော်ဟစ်ပြီး အသက်ရှူကြပ်လို့ သေကုန်သည်ဟုသာ သိခဲ့ရသည်။ မည်သည့်သဲလွန်စကိုမှ မရခဲ့။

သို့ကြောင့် ဤည ရွာတွင်လှည့်၍ ရွာအခြေအနေကို စောင့်ကြည့် အကဲခတ်ပါရစေဟု ရွာလူကြီးအား ခွင့်တောင်းပြီး …





ဦးကောင်းစံအိမ်မှာ တည်းခိုနေထိုင်ရန် လိုက်ခဲ့သည်။

ဆရာဦးတင်မြင့် လေးအိုင်ရွာသို့ ရောက်သည့်အချိန်က နေ့ဆယ်နာရီခန့် ဖြစ်သဖြင့် စာရေးသောက်ရေး ဦးကောင်းစံအိမ်မှာပင် စီစဉ်ထားသည်။

ညနေခြောက်နာရီခန့်အချိန် ဆရာဦးတင်မြင့်က မည်သူ့ကိုမှ အဖော်မခေါ်ဘဲ ရွာအတွင်း အခြေအနေ အကဲခတ်ရန် ထွက်ခဲ့သည်။

ထိုအချိန် တစ်ရွာလုံး တိတ်ဆိတ်နေပြီး လမ်းမပေါ်မှာရှိသော လူများလည်း အိမ်ထဲရောက်ကုန်ပြီ။ လှုပ်ရှားမှုမရှိ အသက်ကင်းမဲ့နေသော ရွာကြီးကဲ့သို့ ဖြစ်နေသည်။

ထိုအချိန် သူ့မျက်စိထဲမှာ ရွာပြင်မှ ရွာဆီသို့ ရိပ်ခနဲ ရိပ်ခနဲ လာနေသော တံလျှပ်များလိုလို အခိုးအငွေ့များလိုလို အရာများကို မြင်နေရသည်။

ထိုသို့မြင်ပြီး မကြာခင်မှာပင် ခွေးများ တစီစီဖြစ်ကုန်သည်။ဟောင်သည့်ခွေးကဟောင်၊ အူသည့်ခွေးကအူကုန်တော့သည်။

ရွာထဲသို့ ဆရာဦးတင်မြင့် ပြန်ဝင်လာခဲ့သည်။

ထိုစဉ်မှာပဲ သူ့အမြင် တစ်မျိုးပြောင်းသွားသည်။ အရွယ်အစား မျိုး၊ ပုံသဏ္ဌာန်မျိုးစုံနှင့် ကြောက်မက်ဖွယ် နာနာဘာဝကောင်များ



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲလျှောက်သွားနေသည်ကို မြင်လိုက်သည်။

ရိုးတိုးရိပ်တိတ် လှုပ်ရှားသွားနေသော အခိုးအငွေ့လိုလို တိမ်လျှပ်များလိုလိုဖြင့် အမြင်အာရုံးမျိုးကို မြင်နေရသည်။

"ဘုရား ... ဘုရား ... ရွာထဲကို နာနာဘာဝတွေ အစုလိုက် အပြုံလိုက် ဝင်နေကြပါလား"

"ဒီအတိုင်းဆို ရွာထဲမှာ တစ်ယောက်ယောက်များ သေဆုံးဦးမှာလား ... ငါဘာမှ အတိအကျ မပြောနိုင်သေးဘူး။ ငါ့ဆရာကြီး ပါလာရင်တော့ ဒီကိစ္စ ချက်ချင်းအဖြေသိမှာပဲ ... ငါက အဆင့်နိမ့်သေးတော့ ချက်ချင်းအဖြေကို မဖော်နိုင်ဘူး"

"ဒါပေမဲ့ ငါ့ဆရာ မှာထားတာရှိတယ်၊ တကယ်လို့ သရဲတစ္ဆေ နာနာဘာဝတွေရဲ့ အစစ်အမှန် သရုပ်သဏ္ဌာန်ကို မဖော်ထုတ်နိုင်ရင် မဖဲဝါကို အကူအညီတောင်းရင် ရနိုင်တယ်။ ဒါကလည်း ဆရာကြီး မရှိမှ လုပ်သင့်တာလုပ်ဖို့ မှာဖူးတယ်"

"ငါအဖြေ မဖော်နိုင်တဲ့ ဒီကိစ္စကို ဒီညပဲ မဖဲဝါဆီသွားပြီး အကူအညီ တောင်းရမယ်"

ဆရာဦးတင်မြင့်လည်း အချိန်ဆိုင်း၍ မဖြစ်တော့ကြောင်း သိလိုက်၍ ရွာထဲသို့ အမြန်ပြန်ဝင်ခဲ့သည်။

ရွာလူကြီးဦးကောင်းစံအိမ် ရောက်သည်နှင့် သတ္တိရှိ၍





မကြောက်တတ်သော ယောကျ်ားသုံးယောက်နှင့် နတ်ဝင်သည် အမျိုးသမီးတစ်ယောက်ကို ရှာပေးရန် ပြောလိုက်သည်။

မကြာခင်မှာပင် သင်္ချိုင်းသို့လိုက်မည့် ယောကျ်ားသုံးယောက်နှင့် နတ်ဝင်သည်အမျိုးသမီးတို့ ဦးတင်မြင့်ရှေ့သို့ ရောက်လာကြသည်။

"ကျုပ်တို့ သင်္ချိုင်းထဲကို ညရှစ်နာရီ အရောက်သွားကြမယ်။ ဓာတ်မီးနှစ်လက်ယူခဲ့ပါ။ သင်္ချိုင်းထဲရောက်ရင်တော့ ဓာတ်မီး ဘယ်သူမှ မထိုးပါနဲ့"

"လိုက်ရဲကြလား"

"လိုက်ခဲ့ပါ့မယ်၊ ဘာကိစ္စနဲ့ သင်္ချိုင်းထဲသွားမှာလဲ"

"မဖဲဝါကို အရေးပေါ် ပင့်စရာရှိလို့ သွားကြမယ်"

ဆရာ၏လုပ်ဆောင်ချက်ကို သဘောမပေါက်သော ရွာလူကြီးဦးကောင်းစံနှင့် ရွာသားတို့အား ဆရာဦးတင်မြင့် ရှင်းပြလိုက်သည်။

"အခု ရွာထဲမှာ ဖြစ်ပျက်နေတဲ့ ကိစ္စတွေဟာ၊ ရိုးရိုးရောဂါ ဖြစ်တာမဟုတ်ဘူး။ ရွာထဲကို ဘယ်ကရောက်လာတဲ့ သရဲတစ္ဆေတွေလဲ မသိဘူး။ ညနေ မှောင်လာတာနဲ့ အစုလိုက် အပြုံလိုက် ဝင်လာနေကြတယ်"

"သရဲတစ္ဆေတွေကို မဖဲဝါက အုပ်ချုပ်တာ၊ သူ့ကို အသိသွားပေးပြီး ထိန်းသိမ်းခိုင်းရမယ်။ ဘာကြောင့် ရွာထဲကို သရဲတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝင်နေရတာလဲဆိုတာကိုလည်း ရှင်းရှင်းလင်းလင်း သိအောင် မေးခဲ့ရမယ်။

"ကျွန်တော်ရောက်စက စုန်းပယောဂ၊ မှော်တစ်ခုခု ပြုစားခြင်းခံထားရလို့ ကလေးတွေ သေတာလို့ ထင်ထားတာ"

"ညနေကမှ ... အမှောင့်ပယောဂမဟုတ်မှန်း ရွာထဲကို တစ္ဆေသရဲတွေ ဝင်နေတာ တွေ့မှပဲ ဆုံးဖြတ်ချက်အမှန်ကို ချလိုက်နိုင်တာ"

"သူတို့ကြောင့် ရွာထဲမှာ လူတွေ ထပ်သေလိမ့်ဦးမယ်"

"ဘာကြောင့် သေဦးမယ်လို့ ထင်တာလဲ"

"သူတို့ ရွာထဲမှာ လူတွေ သေအောင်လုပ်ပြီးလို့ ကျေနပ်ပြီဆိုရင် ရွာထဲ လာစရာမလိုတော့ဘူး။ ဒါပေမဲ့ သူတို့ရွာထဲကို ဝင်လာနေတုန်းပဲ"

"ကဲ ... မကြာခင် အခုလိုဖြစ်ရတဲ့ အကြောင်းအရင်း သိရမှာပေါ့။ အခု ခုနစ်နာရီကျော်ပြီဆိုတော့ .. ခုနစ်နာရီခွဲတာနဲ့ သင်္ချိုင်းထဲ သွားကြမယ်"

"ကျွန်တော်တို့ကို သရဲတွေတွေ့ရင် ရန်ပြုဦးမှာလား"

"မပြုစေရပါဘူး ... ရန်မပြုနိုင်အောင် ကျွန်တော်စီရင်ပေးပါ့မယ် ... ဒီကနေ ... မဖဲဝါကိုလည်း စိတ်ညွှတ်ပြီး ကြိုတင်အသိ





ပေးထားလိုက်ပါ့မယ်"

သို့ဖြင့် ခုနစ်နာရီခွဲသည်နှင့် ဆရာအပါအဝင် လူငါးယောက်တို့ ရွာပြင်ရှိ သုသာန်သို့ ထွက်ခဲ့ကြသည်။

သုသာန်အစပ်ရောက်သည်နှင့် ရှေ့ဆုံးက ရှပ်လိုက်သဖြင့် အားလုံးရပ်လိုက်ကြသည်။

နတ်ဝင်သည်အမျိုးသမီးအား ရှေ့သို့လာရန် ခေါ်လိုက်သည်။

"အခုချိန်ကစပြီး ဘယ်လိုအကြောင်းနဲ့မှ ဓာတ်မီးကို မထိုးကြပါနဲ့"

"ကဲ တူမကြီးက ဆံပင်ဖြားလျှားချပြီး သင်္ချိုင်းဘက်လှည့်ထောက်ထိုင်လိုက်ပါ၊ လက်နှစ်ဖက်ကို လက်အုပ်ချီပြီး မျက်လုံးမှိတ်ထားပါ"

"စိတ်ထဲက မဖဲဝါကိုပဲ အာရုံစူးစိုက်ထားပါ"

"ဆရာ မဖဲဝါကို ပင့်ဖိတ်လိုက်တော့မယ်"

ဆရာဦးတင်မြင့်က လည်ချောင်းကို ရှင်းအောင် ချောင်းတစ်ချက် ဟန့်လိုက်သည်။

"တောစောင့်နတ်၊ တောင်စောင့်နတ်၊ နယ်စောင့်နတ်၊ တောပိုင်၊ တောင်ပိုင် နယ်ပိုင်အပေါင်းတို့ မဖဲဝါ အဝေးတစ်နေရာသို့ ရောက်ရှိနေပါက အနှောင့်အယှက် အတားအဆီး တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မပြုလုပ်ဘဲ အသိပေးပြီး စေလွှတ်စေလိုပါသည် ...''

''မဖဲဝါလည်း အကျွန်ုပ် အကူအညီတောင်းလိုသည့်အတွက် ဤနေရာသို့ ခေတ္တခဏမျှ လာရောက်ပေးစေလိုပါသည်၊

ရောက်ရာအရပ် ရှိသည့်နေရာမှ အချိန်မဆိုင်းဘဲ ခေတ္တခဏ ကြွစေလိုပါသည်၊

အရေးတကြီးကိစ္စရှိသဖြင့် စားသောက်ပွဲများလည်း မပြင်ဆင်ခဲ့ရပါ။ သို့လိုသောကိစ္စ သိရှိပြီးပါက မနက်ဖြန်ည ဤနေရာမှာ စားပွဲ လာရောက်ဆက်သပါမည်ဟုလည်း ကတိပေးပါသည်...။

ရောက်ရာနေရာမှ ကြွရောက်ပေးပါခင်ဗျာ''

ထိုစကားဆုံးသည်နှင့် သစ်ပင်ချုံပင်အချို့ လေမတိုက်ပါဘဲ ... လှုပ်ရှားသွားတော့သည်။

ခဏအတွင်းမှာပင် နတ်ဝင်သည်ထံ မဖဲဝါ ဝင်ရောက်ပူးကပ်ကြောင်းသိရသည်။

နတ်ဝင်သည်တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်လာပြီး လက်နှစ်ဘက်ကလည်း နဖူးနှင့် လျှင်မြန်သွက်လက်စွာ ရိုက်ခတ်နေသည်။

''ကဲဟေ့ ... ဘာသိချင်တာလဲ''

''ဒီလိုပါအရှင်မ မဖဲဝါ၊ အခု လေးအိမ်စုရွာမှာ ... ငါးရက်





အတွင်း ကလေးသုံးယောက် အသက်ရှုကြပ်တဲ့ ရောဂါဖြင့် သေဆုံးကုန်ပါတယ်''

''ပြီးတော့ ရွာထဲကိုလည်း မကောင်းဆိုးဝါးတွေ ဝင်နေပါတယ်။ ကလေးတွေ ဘာကြောင့် သေရတာလဲ၊ ရွာထဲကို ဘယ်ကနာနာဘာဝတွေ ဝင်နေတာလဲ .. အရှင်မ သိရင် မိန့်ပါ''

''အင်း ဒီကိစ္စ၊ ငါနဲ့ မဆိုင်ဘူးဟဲ့''

''မသိလို့မေးရတာပါ ... ရွာထဲမှာ ညဦးပိုင်းက ပြေးလွှားလှုပ်ရှားသွားလာနေတဲ့ တစ္ဆေသရဲတွေက သင်္ချိုင်းထဲက လာတာများဖြစ်မလားလို့ လာမေးရတာပါ''

''အေး သင်္ချိုင်းထဲကတော့ သင်္ချိုင်းထဲကပဲ။ ဒါပေမဲ့ ငါ့လက်အောက်ကကောင်တွေ မဟုတ်ဘူး''

''ဟိုလယ်ကွင်းတွေကြားထဲက သင်္ချိုင်းအဟောင်းကြီးမှာနေတဲ့ ကျွတ်တွေဟဲ့ ... ကျွတ်တွေ''

''ဗျာ ... ကျွတ်တစ္ဆေတွေ''

''ဟုတ်တယ် ... သူတို့မကျေနပ်လို့ ရွာထဲဝင်လာကြတာ''

''မကျေနပ်တဲ့အကြောင်း သိရင် ပြောပြပါခင်ဗျာ''

''အေး လွန်ခဲ့တဲ့ တစ်ပတ်ကျော်လောက်က အခု သေဆုံးတဲ့ ကလေးသုံးယောက်ရယ် ... မသေသေးတဲ့ ကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရယ် သူတို့လေးယောက် ကြွက်ရှာထွက်ကြတယ်”

“တစ်နေ့လုံး ကြွက်တွင်းတူးကြပြီး ညနေမိုးချုပ်စအချိန် ကျတ်တွေနေတဲ့တွင်းကို ကြွက်တွင်းအမှတ်နဲ့ တွင်းပေါက်တွေကို ကောက်ရိုးနဲ့ ပိတ်ဆို့ပြီး မီးရှို့ကြတယ်”

“တွင်းထဲကကြွက်တွေ အသက်ရှူကြပ်ပြီး သေအောင် လုပ်ကြတာ ... ဒါပေမဲ့ တွင်းထဲမှာ ကျတ်အဖိုးကြီး၊ အဖွားကြီးနဲ့ ကျတ်ကလေးတွေပဲ ရှိတယ် ... ကျန်ကျတ်တွေက အပြင်ထွက်ပြီး ရှာဖွေစားသောက်နေကြလို့ တွင်းထဲမှာရှိတဲ့ ကျတ်တွေ သေကုန်တယ်”

“အပြင်ကကျတ်တွေ ပြန်ရောက်တော့ တွင်းထဲမှာနေခဲ့တဲ့ ကျတ်တွေသေနေတာ တွေ့လို့၊ သေအောင်လုပ်သွားတဲ့ ကလေးတွေကို ဂလဲ့စားချေမလို့ ရွာထဲဝင်လာကြတာ”

“ကလေး လေးယောက်သေသွားရင်တောင် သူတို့ အခဲကျေဦးမှာမဟုတ်ဘူး ... သူတို့မိသားစု ခုနစ်ယောက် သေသွားခဲ့တာ”

“အရှင်မ ဒီကျတ်တစ္ဆေတွေကို နှိမ်နင်းဆုံးမပေးလို့ မရဘူးလား”

သူတို့မှာလည်း သူတို့ပိုင်ရာဆိုင်ရာ ရှိတယ်။





တောစောင့်နတ် တောင်စောင့်နတ်၊ နယ်စောင့်နတ်နဲ့ နတ်မင်းကြီးလေးပါး တိုင်တည်ပြီးပင့် အထက်ဆရာကြီးများအမိန့်နဲ့ နှင်မှရမှာ။ ဒါမှမဟုတ်၊ ရေမြေအစိုးရတဲ့ မင်းအမိန့်နဲ့ နေရာတစ်နေရာ အစားပေးပြီး နှင်ချင်လည်း ရတယ်”

“နှင်လို့ကတော့ လွယ်တယ် ... အဓိကကတော့ သူတို့ရဲ့ ရန်ငြိုးပြေဖို့ အရေးကြီးတယ်၊

ကဲ ဒီလောက်သိရရင် မင်းတို့ နောက်ရက်တွေမှာ အစီအရင်လုပ်ပြီး နှင်ပေါ့။ သူတို့လည်း ကလေးတွေကို ပြန်သတ်ပြီးလို့ ဒေါသ တချို့တဝက်လည်း ပြေသင့်သလောက် ပြေနေပါပြီ။

“ကဲ ... ငါပြန်မယ်”

“မနက်ဖြန် ဒီနေရာမှာ ညခြောက်နာရီ စားပွဲလာဆက်ပါ့မယ် အရှင်မ မဖဲဝါ ... လာရောက်စားသုံးပါ”

ဆရာဦးတင်မြင့် စကားဆုံးသည်နှင့် ... မဖဲဝါလည်း နတ်ဝင်သည်ထံမှ ထွက်သွားလေတော့သည်။

ဆရာဦးတင်မြင့်နှင့် အဖွဲ့သားများ ရွာသို့ ပြန်ခဲ့ကြသည်။ မဖဲဝါ ဝင်ရောက်ပူးကပ်ပြောသွားသော စကားများကို ရွာလူကြီး ဦးကောင်းစံအား ရှင်းပြလိုက်သည်။

“အင်း ... တော်တော်ဆိုးတဲ့ ကလေးတွေပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်တွေနေတဲ့ တွင်းကိုမှ ... ကြွက်တွင်းမှတ်ပြီး မီးခိုး မှိုင်း တိုက်ရတယ်လို့ကွာ"

"ဟုတ်တယ် ဦးလေးကောင်းစံ သူ့မိသားစုတွေ မီးခိုးမှုန် အသက်ရှူကြပ်သေခဲ့ရသလို ရွာကကလေးတွေကိုလည်း အသက်ရှူ ကြပ်အောင်လုပ်ပြီး ဂလဲ့စားပြန်ချေနေတာတဲ့"

"ဒါဆို ဆရာ ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ"

"အင်း ... ဒီတစ်ည ကျွန်တော် ဒီကျွတ်တွေကို ဘယ်လို စီရင်ရမယ်ဆိုတာ စဉ်းစားပါဦးမယ် ... ပြီးတော့ ကျွန်တော့် ဆရာကြီးဆီ ဒီကအဖြစ်အပျက်တွေကို မနေ့နဲ့ ... အစီရင် ခံပါဦးမယ်"

ဆရာ ညွှန်ကြားပေးပါလိမ့်မယ် ... ဆရာခိုင်းတဲ့အတိုင်း ကျွန်တော် လုပ်ပေးပါ့မယ်။

ဆရာကြီးဦးတင်မြင့်က သမားဂုဏ်မပြဘဲ ခရီးလွန်နေသော မိမိ၏ဆရာကြီးအစီန့်နာခံပြီးမှ စီရင်မည်ဟု ဆိုနေသဖြင့် ရွာလူကြီး နှင့် ရွာသားတို့လည်း ဘာမှမပြောတော့ဘဲ ငြိမ်နေလိုက်သည်။

"ဒါထက် မနက်ဖြန်ည ချောက်နာရီမှာ မဖဲဝါကို စားပွဲဆက် ရအောင်၊ ဆန်ချောက်လုံးချက်နဲ့ ကြက်တစ်ကောင်လုံးချက်ထား ပေးပါ"





"ဖြစ်ရမှာပေါ့ ဆရာရယ်၊ အဆင်သင့်ဖြစ်နေစေရမယ်"

သို့ဖြင့် အချိန်က ညဆယ့်တစ်နာရီခန့် ရောက်လာသဖြင့် အိပ်ရန်ပြင်ဆင်ကြတော့သည်။

ရွာအတွင်းမှာတော့ တိတ်ဆိတ်မှုမရှိသေး ကျွတ်တစ္ဆေများ လှည့်ပတ်သွားလာနေသည့်အတွက် ခွေးတစ်စီစီ ဆူညံနေတုန်းပင် ရှိသေးသည်။

ကလေးတစ်ယောက်များ ထပ်ပြီး ဆုံးပါးလေဦးမလား စိုးရိမ် ရင်း မကြာခင်မှာပင် အိပ်ပျော်အောင် ကြိုးစားအိပ်လိုက်တော့သည်။

❖ ❖ ❖

နောက်ရက်ရောက်ခဲ့ပြီး လဆန်း၁၂ရက်၏ လရောင်မှုန်ပြ ပြအောက်မှာ လေးအိမ်စုရွာလေးငြိမ်သက်လျက်ရှိနေသည်။

ရွာပြင်အဝင်လမ်း အလယ်တည့်တည့်မှာ နီးဖြင့် ရာဇမတ် ကွက်ရက်ပြီး ဖိုင်လေးတိုင်ဖြင့် ထောင်မတ်ကာ ရံထားသည်။

ထောင့်လေးထောင့်မှာ ပွဲလေးပွဲ ပြင်ဆင်ထားသည်။ ဝါးဆို ယောင်းတိုင် လေးတိုင်ကိုလည်း အသင့်ပြင်ဆင်ထားသည်။

လေးထောင့်ကွက်အတွင်း ရွာလူကြီး ဦးကောင်းစံအပါအဝင် တောင့်တင်းသန်မာသော လူလတ်ပိုင်းအချို့ကိုလည်း ဆရာဦးတင် မြင့်က ခေါ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ညခြောက်နာရီမှာ မဖဲဝါအတွက် အစာသွားကျွေးနေသော လူသုံးယောက် ပြန်ရောက်လာသည်နှင့် ရွာထဲ ဝင်ခိုင်းလိုက်သည်၊ ရွာသူရွာသားများကိုလည်း မှောင်သည်နှင့် အိမ်ပေါ်မှာနေရန် ကြိုတ် မှာထားသည်။

သချိုင်းက ပြန်လာသော ရွာသားများ ရွာအတွင်း ဝင်သွား သည်နှင့် ပွဲလေးပွဲအပေါ်မှာ ဖယောင်းတိုင်များကို မီးထွန်းပြီ စိုက်လိုက်သည်။

မီးမငြိမ်းရန်၊ ဂရုစိုက်ပေးရန် မှာထားပြီး ရာဇမတ်ကွက် နှာပြင်မှာ စည်းချလိုက်သည်။

ညက အိပ်နေစဉ် အထက်ဆရာကြီးကိုယ်တိုင် ရောက်လ ပြီး ပေးခဲ့သော နည်းများအတိုင်း ဆရာဦးတင်မြင့် အစီအရင်ဖေ ပြုလုပ်နေပါသည်။

အမိန့်ပြန်လိုက်သည်။

ထိုအချိန် အပြင်စည်းဝန်းကျင်မှာ မီးခိုးငွေ့များလိုလို ပြ မည်းမည်းများ ထိတ်လန့်ဖွယ်ရာ လှည့်ပတ်နေသည်။

ထိုသဏ္ဍာန်များက နီးလာလိုက် ဝေးသွားလိုက်နှင့် လူဖေ ကို ခြောက်လှန့်နေသကဲ့သို့ ဖြစ်သည်။

ဆရာဦးတင်မြင့်က တည်ငြိမ်သောအသံနှင့်





"သဲစုမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရား အရှင်မြတ် များနှင့်တကွ နှစ်ကျိပ်ရှစ်ဆူသောဘုရား အရှင်ပစ္စေကဗုဒ္ဓ အဂ္ဂသာ ဝက၊ မဟာသာဝက၊ ရဟန္တာမြတ်၊ အလောင်းတော်နတ်သား၊ သာသနာစောင့် ဘိုးတော်သိကြားမင်း နတ်မင်းကြီးလေးပါးတို့အား ဦးထိပ်ထားပြီး ရသေ့ရှစ်သောင်း ဆရာအပေါင်း အထက်ဆရာကြီး များနှင့် ကျွန်ုပ်ရဲ့ဆရာကြီးရဲ့ အမိန့်တော် ...

ကျွတ်တစ္ဆေများအားလုံး သိစေအပ်သည်။

တိတ်ဆိတ်သောကာလ ဆရာဦးတင်မြင့်၏ ကျွတ်တစ္ဆေတို့ အပေါ် အမိန့်ပေးစကားက ပီသစွာ ထွက်ပေါ်နေသည်။

ထိုအချိန် စည်းအပြင်မှာ အရိပ်မည်းမည်းများ စုရုံးရောက်ရှိ နေသည်။

"သင်ကျွတ်တစ္ဆေတို့သည် ဤရွာအတွင်းက ကလေးသူငယ် များ မသိနားမလည်၍ အမှားလုပ်မိခဲ့သည်ကို ခွင့်လွှတ်စိတ် မထားဘဲ ဝလဲ့စား ပြန်ချေလိုသည့် သဘောနဲ့ လာရောက်ပြီး သတ်ဖြတ် နေသည်ကို အသိဖြစ်သည်။

အသင်တို့၏ မိသားစုများကို သိ၍ သေစေလိုသော သဘော နှင့် လုပ်ခဲ့ခြင်းမဟုတ် ... ကြွက်အထင်နှင့် မီးခိုးမှိုင်းတိုက်ခဲ့သည်ကို သင်တို့အသိ ဖြစ်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကြောင့် သင်တို့မိသားစု သေခဲ့သလို၊ သင်တို့ကြောင့်လည်း ကလေးသူငယ်များ သေခဲ့ရပြီ။ ဤမျှနှင့်ပင် ကျေအေးစေချင်ပါသည်။

"အကယ်၍ ဆက်လက်သတ်ဖြတ်နေဦးမည်ဆိုပါက ကျွန်ုပ်ပင့်ဖိတ်ထားသည့် အထက်ပုဂ္ဂိုလ်များက သင်တို့အား ခွင့်လွှတ်လိမ့်မည်မဟုတ်ပါ"

"ဒို့အပြင် ရေမြေအစိုးရသော အစိုးရမင်း အမိန့်ဖြင့်လည်း သင်တို့အား နေရာပြောင်းရွှေ့ နှင်၍ရပါသည်။ အသင်တို့ ယခုနေထိုင်လျက်ရှိသော သချိုင်းအဟောင်းမြေမှ မပြောင်းမရွှေ့နေထိုင်လိုပါက

လူတို့နေထိုင်ရာ ရွာအတွင်းဝင်၍ နှောင့်ယှက်သတ်ဖြတ်ခြင်း၊ လှည့်စားဖြားယောင်းခြင်း၊ ခြောက်လှန့်ခြင်းတို့မပြုလုပ်ဘဲ ကိုယ့်နေရာ ကိုယ်နေပြီး အေးချမ်းစွာ နေထိုင်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျွန်ုပ် မေတ္တာရပ်ခံ စကားလက်ခံသည်ဆိုပါက ယနေ့မှစ၍ ဤရွာအတွင်းမဝင်ဘဲ အေးချမ်းစွာ နေပါရန် ယခု အနီးအပါးမှာ ရောက်ရှိနေသော ကျွတ်တစ္ဆေတို့လည်း နေထိုင်ရာအရပ်သို့ အေးချမ်းစွာ ပြန်ပါရန် တောင်းဆိုပါသည်။





ဆရာဦးတင်မြင့် စကားဆုံးသည်နှင့် အနီးအပါးမှာ အကောင်အထည်မမြင်ရဘဲ အရိပ်မည်းမည်းများ လှည့်ပတ်နေရာက တဖြည်းဖြည်း ပျောက်သွားတော့သည်။

"ကျွတ်တစ္ဆေတွေ ပြန်သွားကုန်ပြီ"

"ဆရာ ... အစီအရင်ပြီးပြီလား"

"ဖယောင်းတိုင်တွေအားလုံးငြိမ်းမှ အပြင်ထွက်ကြတာပေါ့။ ဘာမှမစိုးရိမ်ကြနဲ့တော့၊ ကျွတ်တွေလည်း သူတို့ဘုံပျောက်မှာ သူတို့စိုးရိမ်တာပေါ့"

"သချိုင်းတောင်မှ မင်းမိန့်နဲ့ရွှေ့ရင် ဝိညာဉ်နာနာဘာဝ တစ်ကောင်မကျန် ပြောင်းပေးရသလို ကျွတ်တစ္ဆေတွေကိုလည်း ပြောင်းရွှေ့ပေးလို့ရတယ်"

သူတို့ကို နေရာဟောင်းကနေ နှင်ပြီဆိုရင် နေရာသစ်အစား ပြန်ပေးရတယ်။ အဲဒီလိုမှ မပေးရင် သွားချင်ရာသွားပြီး ရွာတွေ လူတွေကို ဒုက္ခလိုက်ပေးကြမှာ။

"ဟုတ်ကဲ့ သဘောပေါက်ပါပြီ ... ဆရာ"

ရွာလူကြီးနှင့် ရွာသားတို့လည်း ကျွတ်တစ္ဆေများ အန္တရာယ်စိုးရိမ်ကြသေးသဖြင့် ဆရာဦးတင်မြင့်အား မဒေါက်သို့ မပြန်လွှတ်သေးဘဲ တစ်ရက်နှစ်ရက်ခန့် စောင့်ကြည့်ပေးပါရန် တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။

"ကျေးဇူးတင်လိုက်တာဗျာ၊ ဆရာနဲ့ မတိုးဘဲ ဒီအတိုင်းသာ ပြန်လာရရင် အခုဆို ဇာခြေအနေ အတော်ဆိုးနေလောက်ပြီ။ အခုတော့ ကျတ်အန္တရာယ် ကင်းဝေးခဲ့ရပြီ"

"ဒါကြောင့် သုံးရက်လောက်တော့ နေပေးပါဦးဆရာ"

"စိတ်ချပါ၊ သုံးလေးရက်နေလို့မှ ဘာမှထူးထူးခြားခြား ဖြစ်မလာဘူးဆိုရင်တော့ ပြန်ခွင့်ပြုပါ"

"ဟုတ်ကဲ့ဆရာ"

သို့ဖြင့် မဖဲဝါကြောင့်သာ ကျတ်တစ္ဆေများအကြောင်း သိရပြီး အန္တရာယ်ကို ဖြေရှင်းနိုင်ခြင်းဖြစ်၍ ဆရာဦးတင်မြင့်၏ စိတ်ထဲ မဖဲဝါအား ကျေးဇူးအထူးတင်နေမိပါတော့သည်။

❖ ❖ ❖ ❖ ❖



# မီးတတို့မှော်ဂ်

ချောင်းရင်းရွာသား အေးကျော်တစ်ယောက် နိုက်ဦးမြို့နယ် ကုန်သွယ်ရေးရုံးမှာ ငွေစာရင်းဌာန ဝန်ထမ်းတစ်ယောက်ဖြစ်သည်။

ရုံးလွှတ်ပြီဆိုလျှင် ပဲခူး-ညောင်လေးပင် ဟိုင်းလက်ကားလေး များဖြင့် ပြန်နေရသူ။

ညနေငါးနာရီနှင့် ငါးနာရီခွဲအတွင်း သံတံတားထိပ်သို့ အမြဲ ရောက်သည်။

ပြန်တန်ဆာမြို့အဝင် ရဲနွယ်ချောင်းကိုဖြတ်ပြီး သံဘောင်အမျိုး အစား တံတားတည်ဆောက်ထားခြင်းကြောင့် သံတတားဟု အမည် တွင်ပြီး ထိုတံတားထိပ်မှာရှိသော ရွာကိုလည်း သံတတားရွာဟု အမည်တွင်ခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



ထိုတံတားထိပ်မှ ဆင်းပြီး ချောင်း၏မြောက်ဘက်တခြမ်းရှိ တာလမ်းပေါ်မှ ချောင်းရင်းရွာသို့ လမ်းလျှောက်ပြန်နေကျ။

ချောင်း၏ တောင်ဘက်အခြမ်း တာပေါ်မှသွားလျှင် ကမာဖရုံ ရွာသို့ ရောက်သည်။

ကမာဖရုံရွာနှင့် ချောင်းရင်းရွာတို့က ရဲနွယ်ချောင်းပေါ်၏ တောင်ဘက်နှင့်မြောက်ဘက်တို့တွင် တံပိုးထမ်းတည်ရှိနေသည်။

အေးကျော်က ချောင်းရင်းရွာထိပ် ရွာသစ်ကြီးရပ်ကွက်မှာ နေသည်။ မိုးတွင်းကာလဖြစ်၍ တံတားထိပ်မှ ရွာအဝင်ထိ နာရီဝက်ခန့်ကျော် လျှောက်ရသည်။

နွေအခါမှာ မိနစ်နှစ်ဆယ်ခန့်သာ လျှောက်ရသည်။

အချိန်ကာလ မိုးရာသီ ဝါဆိုလဖြစ်၍ မိုးက မှန်နေသည်။ မရွာသည့်ရက် မရှိသလောက်ပင်။

ကားကလည်း ဒီနေ့မှ နောက်ကျသည်။ ဒိုက်ဦးက ခြောက်နာရီခန့်မှ စီးခဲ့ရသည်။ ခြောက်နာရီခွဲခန့် သံတတားထိပ် ရောက်သည်။

ကားပေါ်ကဆင်းတော့ ထူးထူးခြားခြား မိုးမရွာ။ သို့ပေမယ့် ပတ်ဝန်းကျင်တစ်ခွင်လုံး မိုးသားမိုးရိပ်များ အုံ့ဆိုင်းနေခြင်းကြောင့် အမှောင်ထုက ကြီးစိုးနေသည်။



အေးကျော်မှာက ကိုင်စရာ များများစားစားမပါ။ ထီးတစ်လက်သာ ကိုင်စရာရှိသည်။ စတီးထမင်းချိုင့်ကို စာရွက်စာတမ်းထည့်သည့် လွယ်အိတ်အတွင်း ထည့်ထားသည်။

အချို့ တာလမ်းပေါ် ချော်လွန်းသည့်နေရာများရောက်လျှင် ဖိနပ်ချွတ်ပြီး လမ်းလျှောက်ရသည်။

မြင်းကြယ်ဖိနပ်၊ ဆင်ကြယ်ဖိနပ်တို့စီးပြီး ချော်နေသော နုံးမျက်နှာပြင်ပေါ် လမ်းလျှောက်ပါက ကုတ်အားမရှိဘဲ တဘိုင်းဘိုင်း ပစ်လဲကျတတ်သည်။

ထိုနေရာသို့ရောက်လျှင် ဖိနပ်ချွတ်၍ လျှောက်မှ ခြေချောင်းလေးများဖြင့် ကုတ်အားပြုနိုင်ပြီး ချော်မလဲမှာဖြစ်သည်။

အေးကျော်လည်း ခရီးတွင်ဖို့ ဖိနပ်ချွတ်လျှောက်ရန် ဆုံးဖြတ်ပြီး ထီးတစ်ဖက် ဖိနပ်တစ်ဖက်ကိုင်၍ တာပေါ်မှ ခပ်သွက်သွက် လျှောက်ခဲ့သည်။

ဒီနေ့ နောက်ကျသည့်ရက်မှ အမြဲဆောင်ထားသော နှစ်တောင့်ထိုးဓာတ်မီးအား ညက လွယ်အိတ်ထဲ ပြန်မထည့်မိ။ အမှောင်ထဲမှာ လျှောက်နေရပေမယ့် တာပေါ်မှာ နေ့စဉ်လျှောက်နေရသည့်အတွက် ကျင်း၊ ကျိုင့်၊ ခလုတ်ကန်သင်းကိုတော့ ဘယ်နေရာမှာ ဘာရှိသည် မရှိသည် မှတ်မိနေသည်။ ထို့ကြောင့် ဓာတ်မီးမပါသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အမိုးအရိပ်မရှိ လျှောက်မြဲ လျှောက်နေသည်။

လမ်းမှာ တစ်ယောက်စ နှစ်ယောက်စ လယ်ကွင်းမှ သံတာတား ရွာသို့ ပြန်လာသော ယောက်ျားများနှင့် ဆုံသေးသည်။

တာလမ်းဘေးတစ်ဖက်မှာ ရဲနွယ်ချောင်းရှိပြီး ကမ်းနပူးမှာ ကိုင်းပင်များ၊ ချုံပင်များ အစီရီပေါက်နေသည်။

မိုးမှန်နေပြီဖြစ်၍ တစ်နွေလုံး ရေရှိသည်ဆိုရုံမျှသော ရဲနွယ် ချောင်းမှာ ရေတို့ဖြင့် ပြည့်နေပြီ။ ရေပြင်ကျယ်ကြီးကို ကောင်းကင် အလင်းရောင်အချို့ဖြင့် ... တလက်လက်မြင်နေရသည်။

တာလမ်းတစ်ဖက်မှာ ဝါးစည်းရိုးများရှိပြီး စည်းရိုးအစပ်မှာ ဝှက်ပျောပင်များ အစီအရီ စိုက်ထားသည်။ သံတာတားက ထွက်သည် နှင့် မှိုင်းမှိုင်းညို့ညို့ ချောင်းရင်းရွာ၏ သစ်ပင်အုပ်အုပ်ကို မြင်နေ ရသည်။

အမှောင်ထုအောက်ပေမယ့် ရွာကိုတော့ မည်းမည်းမှောင်မှောင် အတိုင်းသား မြင်ရသေးသည်။

မကြာခင် ရွာသို့ဝင်သည့် လမ်းထိပ်သို့ ရောက်လာသည်။ ထိုနေရာမှာ လှေဆိပ်ရှိသည်။

ထိုလှေဆိပ်မှ သံတာတားရွာသို့လည်းကောင်း၊ အောက်ဖက်က ညင်နှစ်ပင် ဆင်ကူးငါးကျိုးအိုင်ရွာများသို့လည်းကောင်း၊ ရဲနွယ်





ချောင်းတစ်ဖက်ကမ်းရှိ ကမာဖရုံရွာသို့ သွားလိုသူများအတွက် လည်းကောင်း အလွယ်တကူ သွားနိုင်ရန် လှေဆိပ်ရှိသည်။

ညဘက် ထိုနေရာမှာ ဆိုက်ကပ်ထားသော ပဲ့ထောင်နှစ်စီး လှေသုံးစီးခန့် အမြဲရှိနေတတ်သည်။

အေးကျော်လည်း လှေဆိပ်သို့ရောက်လာသည်။ ရွာဘက် ကာပေါ်မှ ချိုးကွေ့ဆင်းသော လမ်းဆုံသို့လည်း ရောက်ပြီဖြစ်သည်။

ထိုအချိန် လမ်းဆုံလှေဆိပ်မှာ လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်သည်။

သည်နေရာမှာ လှေဆိပ်ရှိသဖြင့် လူရှိသည်က မဆန်း။ ို့ကြောင့် သူလည်း သူ့နေရာသူနေ ကိုယ့်လည်း ကိုယ့်လမ်း ကိုယ်သွား သဘောမျိုးနှင့် လမ်းကွေ့သို့ဆင်းရန် အလှည့်မှာ ်နေသူထံမှ စကားသံထွက်လာသည်။

"နောင်ကြီး ... နောင်ကြီး ... ခဏလောက်ရပ်ပါဦး"

"ဟုတ်ကဲ့"

ထိုသူ အေးကျော်အနားသို့ လျှောက်လာသည်။

"နောင်ကြီးမှာ မီးခြစ်မပါဘူးလား၊ ပါရင် ဆေးလိပ်မီးတစ်တို့ ောက် ညှိချင်လို့"

အေးကျော်က ဆေးလိပ်သမားမဟုတ်သော်လည်း လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုင်ထိုင်သည့်အခါ စတိုင်လုပ်၍ စီးကရက်တော့ တစ်လိပ်ခန့် သောက်တတ်သည်။ သို့အတွက် မီးခြစ်ကတော့ ဆောင်ထားသည်။

လွယ်အိတ်အတွင်း လက်နှိုက်၍ မီးခြစ်ကို စမ်းလိုက်သည်။ တွေ့သည်နှင့် ယူထုတ်လိုက်ပြီး ရှေ့မှာရပ်နေသော လူ၏မျက်နှာ အနားသို့ကပ်၍ မီးကို ခြစ်ပေးလိုက်သည်။

ပထမမီးက မီးတောက်ဖြစ်ပြီး ချက်ချင်း[illegible]သည်။

ထိုအခါ မျက်စိထဲမှာ အမြင်ထူးခြားသည့်အရာများကို မြင်လိုက်သည်ဟု စိတ်မှာ ထင်လိုက်သည်။ မီးတောက်ရုတ်တရက် သေသွားသဖြင့် ဘာမှန်းတော့ သေချာမသိလိုက်။

သေချာအောင် မီးခြစ်ပြီး ပါးစပ်ထဲမှ ဆေးလိပ်ကို မီးလှမ်းတို့ပေးလိုက်သည်။

"ဟင် ... ဘုရား ... ဘုရား"

ဆေးလိပ်ကို ပါးစပ်မှာ ကိုက်ထားသော လူ၏မျက်နှာက မျက်လုံးနှစ်လုံး တိမ်စွဲနေသလို ဖြူဖြူကြီး အသားအရည်က ရှို့ခွဲနေသည်။

နှာခေါင်းက မျက်နှာပေါ်မှာ ရှာမရ၊ ဆေးလိပ်ကိုက်ထားသော ပါးစပ်မှာ နှုတ်ခမ်းသားများ မရှိတော့။ သွားရိုးများ သွားဖုံးအထက်တိ ပေါ်နေသည်။





"ဘုရား ... ဘုရား ... လူမဟုတ်ဘူး၊ သရဲကြီး"

မီးခြစ်ကို ပစ်ချပြီး အေးကျော် ထိုနေရာက ရွာဘက်လမ်းသို့ ပြေးဆင်းခဲ့သည်။

စောစောကမှ ဝတ်ထားသည့် ဖိနပ်က တစ်ဖက်ကျွတ်ထွက်သွားသည်။

လက်ထဲက ထီးလည်း မီးခြစ်နှင့်အတူ လန့်ပြီး လွှတ်ချမိသွားသည်။ ပြန်မကောက်ဖို့တော့။

အသက်ဘေးက လွတ်အောင်သာ အသည်းအသန် ပြေးခဲ့ရသည်။

ရွာထဲသို့ ဘယ်လိုတယ်ပုံ ဝင်ရောက်ခဲ့သည်မသိ၊ ရွာထဲရောက်တော့ အမောဆို့နေသည်။

ဝုတ် ... ဝုတ် ... ဝုတ် ...

ဟဲ့ခွေး ... ဟဲ့ခွေး

အပြေးအလွှား ရွာထဲဝင်လာသော အေးကျော်ကို မှောင်နေ၍ လူများမသိသော်လည်း ခွေးများက မြင်ကြသည်။

သို့ကြောင့် သည်းသည်းမည်းမည်း ထိုးထိုးပြီးဟောင်သည်။ မကြာခင်မှာပင် အေးကျော် အိမ်သို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ်ကို ပြန်ပြောပြတော့ ... အိမ်သားများက စိုးရိမ်တကြီး ပိုင်းပြောကြ ဆူကြသည်။

အချိန်နောက်ကျနေလို့ အမြဲစီးနေသည့်ကားကို မစောင့်ဘဲ ကြုံသည့်ကားစီးရန် ပိုင်းပြောသည်။

ဓာတ်မီးအမြဲဆောင်ရန်လည်း ပြောသည်။

အဖော်စောင့်ပြီးမှ ပြန်ရန်လည်း ပြောသည်။

ထို့ပြင် အလုပ်ပြောင်း၍ ဒိုက်ဦးမှ ညောင်လေးပင်ဖြစ်ဖြစ်၊ ပြွန်တန်ဆာဖြစ်ဖြစ် ပြောင်းရန် ပိုင်းပြောကြသည်။

အေးကျော်လည်း ရေမိုးချိုး ထမင်းစားလိုက်မှ နှလုံးခုန် အသည်းတုန်နေသည့်အဖြစ်က သက်သာရာရခဲ့သည်။

နောက်နေ့မနက် ရှစ်နာရီမထိုးခင် အလုပ်သွားရန် အိမ်မှ ထွက်ခဲ့သည်။

တာပေါ်အတက် လမ်းဘေးမှာ ညက ကျွတ်ကျန်ခဲ့သော မြင်းကြယ်ဖိနပ်တစ်ဖက်ကိုတွေ့၍ ချုံထံသို့ ပစ်ထည့်ထားလိုက်သည်။ ညနေအပြန်မှ ယူရမည်။

အိမ်မှာ တစ်ဖက်က အကောင်းကြီး ကျန်သေးသည်။

မြင်းကြယ်ဖိနပ်က မိုးကျကာစမှ ဝယ်ထားသည့်အတွက် လွှင့်ပစ်ရန် မဖြစ်နိုင်သေး။





တာပေါ်သို့တက်ခဲ့သည်။ ထီးကိုတော့ ပြန်ရမည်မထင်တော့။ တာ၏တစ်ဖက်စောင်း လှေဆိပ်ရှိ လှေများပေါ်မှာ လူဆယ့်လေးငါး ယောက် ရုတ်ရုတ်သည်းသည်း ဖြစ်နေသည်။

တာအပေါ်မှာလည်း လူလေးငါးယောက် ထိုနေရာသို့ ကြည့်နေသည်။

အေးကျော်လည်း စပ်စုချင်သည့်စိတ်ကြောင့် လူတစ်ယောက် အနားသို့သွားပြီး မေးလိုက်သည်။

"မနက်စောစောက လှေတွေအနီးမှာ လူသေအလောင်း တစ်လောင်းတွေ့လို့ ဘယ်က မျောပါလာလည်းမသိဘူး"

"အလောင်းက ရိရွဲနေပြီ၊ အပုပ်နံတောင် သိပ်မနံတော့ဘူး။ မျက်နှာမှာလည်း နှာခေါင်းမရှိတော့ဘူး၊ ငါးစပ်က နှုတ်ခမ်းသားတွေလည်း ငါးတွေကွက်ပြီး စားလိုက်လို့လားမသိဘူး သွားတွေပေါ်နေပြီ။

ရဲကိုသွားအကြောင်းကြားထားတယ်"

ထိုအခါ အေးကျော်လည်း ရေမှာ ပေါ်နေသည်ဆိုသော အလောင်းကောင်ကို သွားမကြည့်ဖြစ်တော့ ညက သူ့ကိုခြောက်လှန့်သော သရဲကောင်က ထိုအလောင်းမှ ဝိညာဉ်ဖြစ်ကြောင်း အသေအချာသိလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဘက် သူပြန်လျှင် လွန်ခဲ့သော ညကကဲ့သို့ အခြောက်အလှန့် မခံရရန်သာ ဆုတောင်းရင်း အလုပ်သွားရန် သံတတား ရွာဘက်သို့ ခြေလှမ်းသွက်သွက်နှင့် လျှောက်လာခဲ့တော့သည်။

❖ ❖ ❖ ❖ ❖



# ကဝေတိုက်ပွဲ

လှည်းဆိပ်ရွာ ... အိမ်ခြေသုံးရာကျော်သာရှိသော ရွာငယ်တစ်ရွာဖြစ်သည်။

ရွာ၏အရှေ့ဘက်တွင် ပေငါးဆယ်ခန့်မျှမြင့်သော ကုန်းဂမူကမ်းရိုးတန်းတစ်ခု ရှိနေပါသည်။

အရှည်က ပေသုံးရာမျှရှိပြီး အနံက ပေနှစ်ရာနီးပါး ကျယ်သည်။ ထိုကုန်းဂမူများပေါ်မှာ သရက်၊ ပိန္နဲ၊ ပိတောက်၊ ငှက်ပျော၊ ကုက္ကို၊ မရမ်း စသော အပင်ကြီးများ စိုက်ပျိုးထားခြင်းကြောင့် ဥယျာဉ်ခြံတစ်ခုနှယ် စိမ်းစိမ်းစိုစို ရှိနေသည်။

ခြံအတွင်းမှာ အင်္ဂလိပ်ခေတ်က ဗိုလ်တဲတစ်လုံး ရှိခဲ့သည်။ ထိုခြံကြီး၏ မူလပိုင်ရှင်က လှည်းဆိပ်ရွာမှ မြေပိုင်ရှင် ဦးလူမောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် လွန်ခဲ့သော သုံးနှစ်ခန့်က ဆေးဆရာကြီး တစ်ယောက်က ထိုဥယျာဉ်ခြံကြီးကို ဈေးကောင်းပေး၍ ဝယ်သည်။

ခြံကြီးအတွင်းရှိ ဗိုလ်တဲကိုလည်း အုတ်ခံမျဉ်ဖောင် နှစ်ထပ် အိမ်အဖြစ် ပြန်လည်ပြင်ဆင် ဆောက်လိုက်သည်။ ဥယျာဉ်ခြံကြီး ကိုလည်း ခြံခတ်လိုက်သည်။

ဤမျှ အကုန်အကျခံနိုင်သော ဆေးဆရာကြီး ဦးစံကွန့်က ရွာကလူများနှင့် အဆက်အဆံမရှိ။ အိမ်ပြင်ဆောက်ပြီးမှ လူများ ရောက်လာပြီး နေထိုင်ကြရာ မိုးမကျခင်ကမှ ပြောင်းရွှေ့နေထိုင်ခြင်း ဖြစ်၍ တစ်နှစ်ပင် မရှိသေးချေ။

လှည်းဆိပ်ရွာသားအားလုံးက လယ်သမားများဖြစ်သည်။ လှည်းဆိပ်ရွာနှင့် ထိုဥယျာဉ်ခြံက တစ်မိုင်ခွဲခန့် ကွာဝေးသည်။

လှည်းဆိပ်ရွာသင်္ချိုင်းက ထိုဥယျာဉ်နှင့် ရွာအကြားမှာရှိသည်။ သင်္ချိုင်းက ရွာမှ မိုင်ဝက်ခန့်သာဝေးသည်။

လှည်းဆိပ်ရွာဝန်းကျင်၊ ဥယျာဉ်ခြံဝန်းကျင်မှာ လယ်ကွက် များသာ ရှိသည်။ ထိုလယ်ကွက်များကို လှည်းဆိပ်ရွာသားတို့ ပိုင်ဆိုင်ကြသည်။

လှည်းဆိပ်ရွာမှာတော့ မြခင်၊ အေးလှ၊ ခင်မှုံတို့သုံးယောက်က





ရွာ၏ ကွမ်းတောင်ကိုင်လေးများ ဖြစ်သည်။ အသက်ကလည်း ဆယ့်ကိုးနှစ်ဝန်းကျင်သာ ရှိကြသေးသည်။

တစ်ခုတော့ ပြောစရာရှိသည်။ မြခင်၊ အေးလှတို့က ရွာထဲမှာ နေပြီး ပိုက်ဆံအသင့်အတင့် ရှိကြသည်။

ခင်မှုံက လယ်ကွင်းထဲက တဲမှာနေသည်။ ခင်မှုံ့မိဘများက မချမ်းသာ၊ လယ်ပိုင်မရှိ၍ နွားမိုးဆောင်း အလုပ်ရှိသမျှ မိဘတို့နှင့် အတူလုပ်ကိုင်ခဲ့သည်။

ခင်မှုံက ဆင်းရဲပေမယ့် ရွာမှာတော့ ကောင်းခြင်းများစွာနှင့် သတင်းမွှေးသူလေးဖြစ်သည်။

သို့ကြောင့် ခင်မှုံကို ရွာကာလသားများစွာက ပိုးပန်းကြသည်။

လယ်ကွင်းထဲသို့ အလုပ်လာဆင်းကြသော ရွာကာလသား များက ခင်မှုံကို မြင်ချင်၍ တဲအနီးသို့ လာရစ်ဝဲကြသည်။ သူအလုပ် လုပ်ရာသို့လည်း မကြာခဏ ရောက်လာတတ်သည်။

ရွာသို့ အကြောင်းကိစ္စနှင့် သွားပါကလည်း ရွာမှကာလသားများ ကနောက်ကောက်လိုက်၍ ပိုးပမ်းချစ်စကား ဆိုကြသည်။

ခင်မှုံတစ်ယောက် ထိုကဲ့သို့ ကာလသားများ ပိုးပမ်းကြ သော်လည်း မကောင်းသတင်း ထွက်မလာခဲ့။

သို့သော် ထိုကာလသားများအထဲမှ တင်ဇော်ဆိုသော လူငယ်



www.burmeseclassic.com

လေးတစ်ယောက်ကိုတော့ ခင်မှူ အရေးပေးဆက်ဆံခဲ့သည်။

ချစ်သူအဖြစ် လက်ခံသေးပေမယ့် စဉ်းစားပါဦးမည်
ပြောကာ အချိန်ဆွဲထားခဲ့သည်။

ရွာတွင်းမှာ နေထိုင်ကြသော မြခင်နှင့် အေးလှတို့က စီးပွား
ပြေသည်သဖြင့် ပိုးပန်းချင်သူများက အရှိန်အဝါကြောင့် အနီးအ
ကပ်မည့်သူ မရှိခဲ့။

ယခုရက်ပိုင်းအတွင်း ရွာတွင်းသို့ အသက် (၂၅) (၃၀)
အမျိုးသမီးသုံးယောက် ဝင်လာလိုက်၊ ရွာအနှံ့လျှောက်သွားလို
ရှာဖြင်သွားလိုက်နှင့် လူများ ဂရုစိုက်စရာ ဖြစ်လာသည်။

တစ်ခေါက်က နှစ်ခေါက်ဖြစ်လာတော့ ရွာသားများ
ပြုမိလာသည်။

မိန်းမသုံးယောက်က လုံးကြီးပေါက်လှ ရုပ်ချောပြေ
ရှိသည်။ မည်သူ့ကိုမှ မမေး၊ မည်သည့်အိမ်မှ မဝင်သည့်အ
အထူးအဆန်း ဖြစ်နေခြင်းဖြစ်သည်။

ရွာအတွင်းသို့ မျက်နှာစိမ်းအမျိုးသမီးသုံးယောက် ဝင်
နေခြင်းကြောင့် လူတော့စိတ်ထဲ ထူးဆန်းနေသကဲ့သို့ ရှိနေ
နောက်ထပ် ထူးဆန်းမှုတစ်ခုကလည်း ရှိသေးသည်။

ရွာအရှေ့ဘက်မှာရှိသော ဆေးဆရာကြီး ဦးစံကွန့်မ



ကြီးအပေါ်ပိုင်းမှာ ငှက်ကြီးသုံးလေးကောင် ပျံဝဲနေတာကို တွေ့
ရသည်ဟုဆိုသည်။

ထိုငှက်ကြီးတွေက လင်းတကြီးတွေဟု ဆိုသည်။

ညနေပိုင်းမှ မိုးချုပ်စအချိန်ထိ ပျံဝဲနေတတ်သည်ဟု ဆိုသည်။
သို့နောက်တော့ ထိုနေရာမှနေ၍ ပျောက်သွားတတ်သည်။

လယ်လုပ်ရာ လယ်ကွင်းနှင့် မဝေးသဖြင့် လူတွေတစ်ယောက်
မဟုတ် တစ်ယောက်ကတော့ မြင်ကြသည်။

ခါတိုင်း ထိုငှက်များကို မတွေ့ဘူးကြ၊ ယခုမှ တွေ့လာရ
ခြင်းမှာ အသိုက်ရှာရန်၊ အစာရှာရန် ရောက်လာခြင်းဟုသာ သူတို့
စိတ်ထဲ တွေးထင်ထားကြသည်။

ထို့ကြောင့် ငှက်ကြီးများကို တွေ့ကြပေမယ့် အမှတ်တမဲ့
သာ နေခဲ့ကြသည်။

ဥယျာဉ်ခြံနှင့် တစ်မိုင်ခန့်အကွာမှာ ရွာသချိုင်းရှိသဖြင့် သချိုင်း
အတွင်းက သစ်ပင်ကြီးများမှာ ငှက်ကြီးများ လာရောက်နေထိုင်
ခြင်းဟုလည်း မှတ်ယူကြသည်။

ရွာထဲသို့ မိန်းမသုံးယောက် မကြာမကြာ ရောက်လာပြီး
နောက်ပိုင်း သုံးခေါက်မြောက်မှာ ရွာဝင်းက ကွမ်းတောင်ကိုင်
အေးလှတစ်ယောက် ရွာထဲက အတူတူ ထွက်သွားသည်ကို

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

မြင်လိုက်သူ ရှိသည်ဟုဆိုသည်။

ထို့နောက် တစ်ရက်နှစ်ရက်တိုင် ရွာသို့ ပြန်လာခြင်း မရှိတော့။ အမျိုးသမီးသုံးယောက်နှင့် အေးလှတို့ ရွာအရှေ့ဘက်သို့ ထွက်သွားသည်ကိုသာ သိပြီး ဘယ်သို့သွားသည်ကိုလည်း ဘယ်သူမှ မသိလိုက်ကြ။

မိဘများလည်း သမီးပျောက်သည့်အတွက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေသည်။

ထို့ပြင် ထူးခြားချက်တွေက လျော့မသွားခဲ့၊ ညသန်းခေါင်ရောက်လျှင် သချိုင်းကုန်းအပေါ်မှနေ၍ ဥယျာဉ်ခြံဘက်ဆီသို့ မီးလုံးကြီးလေးလုံး ဝဲပျံသွားနေသည်ကို ရွာသားတို့က တွေ့နေရသည်။

အေးလှပျောက်သွားပြီး သုံးရက်ခန့်အကြာ ခင်မှုံတို့တဲအပေါ် လင်းတတစ်ကောင် ပျံဝဲနေသည်ကို တွေ့ရသည်။ ထိုအချိန် ခင်မှုံရှိရာသို့ ပိုးပန်းရန်ရောက်လာသော တင်ဇော်တစ်ယောက် ခင်မှုံတို့တဲအနီးက သစ်ပင်ပေါ်မှာ နားနေသော လင်းတကိုမြင်၍ ခဲလုံးနှင့် ပစ်လိုက်သည်။

ခဲလုံးက လင်းတကို တည့်တည့်မှန်သွားသည်။ အားမပါသဖြင့် လင်းတငှက်ကြီး အထိမနာ၍ မလှုပ်မရှား ရှိနေလေသည်။

ထို့ကြောင့် ခပ်ပြင်းပြင်းထပ်ပစ်ရန် ခဲကြီးကြီးကို ကုန်း၍





ရှာဖွေနေသည်။

ခဲလုံးရသည်နှင့် ခါးကိုဆန့်၍ ပင် ၎ အားယူလိုက်သည်။ ၎င်းနောက်မှ လူတစ်ယောက်က ပစ်မည့်လက်ကို ဖမ်းဆွဲလိုက်ခြင်း ခံရသည်။

"ဘယ်သူလဲ လက်ကိုလွှတ်"

"ဟဲ့ကောင် ငါဘယ်သူမှတ်လဲ လှည့်ကြည့်လိုက်စမ်း"

ခပ်မာမာအသံကြောင့် လှည့်ကြည့်လိုက်သည်။

"ဟင် ... ခင် ... ခင်ဗျား ... ဘယ်သူ"

ဆံပင်ဖားလျားချလျက် မျက်လုံးနီနီရဲရဲကြီးနှင့် သူ့အား ပြုံးပြနေသော အကျီအပေါ်အနက် ထမီအနက်ဝတ်ထားသော မိန်းမကြီးကို တွေ့လိုက်သည်။

"နင်က ငါ့ကို ခဲနဲ့ပစ်မလို့ ဟုတ်လား"

"ခင်ဗျားကို မပစ်ပါဘူး ... လင်းတကြီးကို ပစ်မှာ"

"အဲဒီလင်းတဟာ ငါပဲ"

"ဗွပ်"

ကြောက်စရာအမျိုးသမီး၏ ချွန်ထက်သောလက်များက ဇော်၏ ဝမ်းဗိုက်အတွင်း ဝင်သွားတော့သည်။

တင်ဇော်ဆိုသော လူငယ်လေး ဝမ်းဗိုက်ပေါက်ထွက်ပြီး နေရာ


www.burmeseclassic.com

www.burmeseclassic.com



မှာပင် ပွဲချင်းပြီး သေသွားတော့သည်။

ခင်မှုံတို့ တဲအနီးမှာ ထူးဆန်းစွာ သေဆုံးနေသော တင်ဖေ၏ သတင်းကိုကြားပြီး ခင်မှုံ ထိတ်ထိတ်လန့်လန့် ဖြစ်သွားသည်။

ခင်မှုံရှေ့က လင်းတကြီးတစ်ကောင် ဖြတ်ပျံသွားသည်ကို တွေ့လိုက်သည်။ ထို့နောက်ပိုင်း ခင်မှုံတစ်ယောက် မည်သူ့ကိုမှ စကား မပြောတော့။ မိခင်ဖခင်ကိုလည်း စကားမပြော၊ တစ်နေ့လုံး ငူငူငိုင်ငိုင် ထိုင်နေသည်။

❖ ❖ ❖

ကိုရက်ပိုင်းအတွင်း အထက်အညာမှ ဆရာကြီးတစ်ယောက် နှင့် တပည့်တစ်ယောက်တို့ လှည်းဆိပ်ရွာသို့ ရောက်လာကြသည်။ အချိန်က မှောင်စပြုပြီ။

ဆရာကြီးအသက်က ခြောက်ဆယ်ကျော် ခုနစ်ဆယ်ခန့် ရှိပြီး အသားဖြူဖြူ ခပ်ဝဝပုံစံမျိုးရှိသည်။ သီလသမာဓိနှင့် ပြည့်စုံသူ ဖြစ်ကြောင်း မြင်ယုံနှင့် သိနိုင်သည်။

ဆရာကြီးက အထက်လမ်းပညာကို အဆင့်မြင့်စွာ တတ် ထားသူဖြစ်သည်။

ဆရာကြီး၏ နောက်လိုက်တပည့်က အသက်လေးဆယ်ခန့် သာ ရှိသေးသည်။





ဤလှည်းဆိပ်ရွာမှာ ဆရာကြီး၏တပည့်ဖြစ်သူနှင့် အသိ တစ်ယောက်ရှိသည်ဟု ဆိုသည်။

ဆရာကြီးတပည့်က တင်ဖေဆိုသူ ဖြစ်သည်။ သူ၏မိတ်ဆွေ က ကိုမောင်ဖြူဆိုသူ ဖြစ်သည်။

ကိုမောင်ဖြူက လှည်းဆိပ်ရွာမှာ လူပျိုကြီးဖြစ်သည်။ လွန် ခဲ့သော သုံးနှစ်ခန့်က မိခင် သေဆုံးသွား၍ အိမ်ထောင်မပြုဘဲ တစ်ယောက်တည်း နေခဲ့သည်။ ဖခင်က သူငယ်စဉ်ကပင် သေဆုံး သွားခဲ့ပြီဖြစ်သည်။

ဆရာတပည့်နှစ်ယောက် ကိုမောင်ဖြူအိမ်ကို မေးမြန်းစုံစမ်း၍ ရောက်လာသည်။

"ဟာ ကိုတင်ဖေပါလား ... ခင်ဗျား ကျုပ်အိမ်ကို ဘယ်သူ ညွှန်ပေးလိုက်တာလဲ"

"ဒီလိုပဲ မေးစမ်းပြီး ရောက်လာရတာပေါ့"

"ကဲ လာ ... အိမ်ပေါ်တက်ကြပါ။ ပြီးမှ စကားပြောကြ တာပေါ့"

"ကိုဖြူ ဒါ ကျုပ်ရဲ့ ဆရာကြီးပဲ၊ အထက်ဂိုဏ်းတော်ကြီးက ဆရာတစ်ယောက် ဆိုပါတော့"

"ကျွန်တော်လည်း ဆရာကြီးကိုမြင်ကတည်းက အဆင့်မြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတစ်ယောက်ဆိုတာ သိပါတယ်"

"ရေနွေးဖွတွေ အဆင်သင့်ရှိပါတယ် ဆရာကြီး"

ဆရာကြီးအား ဖျာခင်းပေးပြီး နေရာထိုင်ခင်း ပြင်ဆင်ပေးသည်။

ကိုမြူတား အတွင်းခန်းထဲ ဝင်သွားသည်။ ပြန်ထွက်လာတော့ လက်ထဲမှာ လက်ဖက်သုပ်တစ်ပန်းကန် ပါလာသည်။

ဆရာကြီးနဲ့ ကိုတင်ဖေတို့ကို ခရီးရောက်မဆိုက် ပြောရဦးမယ်။ အနုရက်ပိုင်းတွေမှာ ရွာမှာရော ရွာနီးချုပ်စပ်မှာပါ ထူးခြားမှုတွေ ဆက်တိုက်ဖြစ်နေတယ်။

"ကျုပ်တို့လာတာလဲ ဒီကိစ္စနဲ့ဆိုင်တယ်"

"ကဲ ပြောပြပါဦး၊ ခင်ဗျားတို့ရွာရဲ့ ထူးခြားချက်"

ရွာထဲကို ဘယ်ကမှန်းမသိတဲ့ အမျိုးသမီး သုံးလေးယောက်လည်း ရောက်ရော ရွာက မိန်းကလေးတစ်ယောက် ပျောက်သွားတယ်။

"အဲဒီ မိန်းကလေးက အပျို၊ ရွာမှာ အချောအလှတစ်ယောက် မဟုတ်လား"

"ဟုတ်တယ်ဗျ၊ ပြီးတော့ ရွာဝန်းကျင်မှာလည်း လင်းတတွေ တွေ့နေရတယ်။ သချိုင်းပေါ်မှာလည်း မီးလုံးတွေ တွေ့လာရတယ်"





"နောက်ပြီး ရှိသေးတယ်၊ ခင်မှုံဆိုတဲ့ ချောချောလှလှ ကောင်မလေးရဲ့ ရည်းစားကောင်လေး လင်းတတွေကို ခဲနဲ့ပစ်မိလို့ ရုတ်တရက် ဗိုက်ပွပြီး သေသွားတယ်။ အဲဒီခင်မှုံက စကားမပြောတော့ဘူး"

"အင် ... အဲဒါစုန်းမတွေ ထမိချို လင်းတဖြစ်တဲ့ စုန်းမတွေ။ စုန်းမတွေရှိတဲ့နေရာမှာ သူတို့ရဲ့အရှင်သခင်လင် ... ကဝေကောင် ရှိတယ်"

"ကဝေကောင်က မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ယူတယ် ... ယူထားတဲ့မိန်းမတွေကို စုန်းအတတ်သင်ပေးပြီး သူ့ရဲ့ ကိုယ်ရံတော်အဖြစ် ထားတယ်"

"ဒီရွာက ပျောက်သွားတဲ့ မိန်းကလေးကိုလည်း သူ့မယားတွေက သူ့လင်အတွက် ညို့ယူပြီး ခေါ်သွားတာပဲ"

"သူယူတဲ့ မိန်းမတွေက မများဘူးလား"

"အချို့ကဝေကြီးတွေဆို မိန်းမဆယ်ယောက်လောက်ရှိတယ်"

"ဒါဆို ခင်မှုံလေးအတွက်လည်း စိုးရိမ်ရတာပေါ့"

သူတဲပေါ်မှာ လင်းတတွေရောက်လာပြီး သူလည်း စကားမပြောဘဲ အမြဲငိုင်နေတယ်တဲ့။

"အေး ... အဲဒီမိန်းကလေးကိုလည်း စုန်းမတွေက လာညို့



www.burmeseclassic.com

www.burmeseclassic.com



ထားတာ၊ ဒီရက်ပိုင်းအတွင်း သူလင်ဆီ ခေါ်သွားကြလိမ့်မယ်"

"ဆရာကြီး ဒီကိစ္စတွေ မဖြစ်အောင် ရှင်းလင်းပေးလို့မရဘူးလား"

"ခင်ဗျား အကူအညီတောင်းတာ နောက်ကျနေပြီ ... ကျုပ်ဆရာကြီးက ဒီကဝေကောင်ကို ရှင်းပစ်ဖို့ အထက်က နိုင်းစေချက်နဲ့ ဒီရွာကိုရောက်လာတာ"

"ဟင် အဝေးမှာနေတဲ့ ခင်ဗျားတို့က ဒီရွာမှာ ကဝေရှိတာ သိလား"

"သိတာပေါ့ ဒီကဝေက နှယ်နှယ်ရရ မဟုတ်ဘူး။ အထက်အညာကြခံတ်တောရွာသားတွေကို စိစိညက်ညက်ဖြစ်အောင် သတ်ဖြတ်နှိပ်စက်ပြီး ပျောက်သွားတာ ..."

"ဒီရွာမှာ လှို့ဝှက်ပြီး လာနေထိုင်တာ အထက်ဆရာကြီးတွေ သိသွားလို့ အပြစ်ပေး နှိမ်နှင်းပစ်ဖို့ ဆရာကြီးကို ဘာဝန်ပေးလိုက်တာ"

"ဒါကြောင့် ဆရာကြီးနဲ့ခင်ဗျားတို့ ဒီရွာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာကိုး ... ဘယ်တော့လောက် အလုပ်စလုပ်ကြမှာလဲ"





"ကြာကြာဆိုင်းလို့ မဖြစ်ဘူး။ မနက်ဖြန်ညနေပိုင်း သူ့ဝန်းကျင်အနီး အရောက်သွားပြီး စီစဉ်စရာ စီစဉ်မယ်။ မမှောင်ခင် လုပ်ငန်း အပြီးသတ်မယ်"

"မင်းရဲ့မိတ်ဆွေကိုလည်း ဆရာကြီးတို့ ခေါ်သွားရမယ်"

"ရွာနဲ့ ကဝေစံအိမ်ကနီးတော့ ရွာသားတွေ ရောက်မလာအောင် စောင့်ရှောက်ပေးရမယ်"

"ဘယ်နားမှာ နေရမယ်ဆိုတာကတော့ ဟိုရောက်မှပဲ အခြေအနေကြည့်စီစဉ်မယ်"

"ဟုတ်ကဲ့ အခုလို လိုက်ခွင့်ပေးတဲ့အတွက် ဝမ်းသာပါတယ်"

"လိုက်တာတော့ ဟုတ်ပြီကွဲ့ ... ဘာမြင်မြင် မကြောက်မလန့် နေနိုင်ရမယ်၊ ရှိတဲ့နေရာက မပြောင်းမရွှေ့ မလှုပ်မရှား နေနိုင်ရမယ်။ ဒီကိစ္စကို ဒီအချိန်ကစပြီး ဆရာတို့ သုံးယောက်က လွဲပြီး ဘယ်သူမှ မသိစေရဘူး"

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော် ဘယ်သူ့မှ မပြောပါဘူး"

"ဒါနဲ့ ဆရာကြီးတို့နဲ့ စကားကောင်းနေလိုက်တာ စားသောက်ရေး စီစဉ်လိုက်ဦးမယ်"

"နေ ... နေ၊ ရွာကို ဘယ်အချိန်မှ ရောက်နိုးမသိလို့ လမ်းက တွေ့တဲ့ထမင်းဆိုင်မှာ ဝင်စားခဲ့ပြီးပြီ၊ နောက်ရက်မှ



www.burmeseclassic.com

www.burmeseclassic.com



ားတာပေါ့ ... ဆရာကြီးက သက်သတ်လွတ်ပဲစားတယ်"

"ကဲ ... စောစောက စကား ပြန်ဆက်ကြရအောင် ... ဘယ်သူမှ မသိစေချင်တာ ကိုယ်က လက်ဦးမှုရှိအောင်လို့ပဲ၊ ကဝေဆိုတာ လူတွေကို ဒုက္ခပေးတဲ့ အမျိုးအစားသက်သက်ကွ၊ သူတို့စိတ်နဲ့မထင်ရင် လူတစ်ယောက်တင်မက တစ်ဘုံလုံးကိုပါ ဒုက္ခပေးတတ်တာ"

"လင်းတတွေက ရွာရဲ့အခြေအနေကို အကဲခတ်တာ၊ သူ့ရဲ့ လင်အတွက် အနှောင့်အယှက်မရှိအောင် ကင်းစောင့်ပေးနေတာ"

"သူတို့လင်ကို အနှောင့်အယှက်ပေးမယ့် လူမှန်သမျှ အသက်စွန့်ပြီး တိုက်ခိုက်ကြတာ"

"အဲဆို ကျွန်တော်တို့ရွာကို ဒုက္ခပေးတော့မှာပေါ့။ အခု လူငယ်တစ်ယောက် သေသွားပြီ။ မိန်းကလေးတစ်ယောက် ပျောက်သွားပြီး နောက်တစ်ယောက်လည်း စကားမပြောတော့ဘူး"

"အဲဒီမိန်းကလေးတွေကိုတော့ သတ်မပြစ်ပါဘူး၊ သူတို့ လင်အတွက် နောက်ထပ်မယား ရှာပေးတာ။ ကဝေလက်ထဲ မရောက်ခင်၊ ကဝေမတွေက သူတို့လက်အောက်မှာ ထားရင်း ဆေးတိုက်ကြတယ်"

"ကလေးမတွေက စုန်းမတွေတိုက်တဲ့ ဆေးသောက်ပြီးရင်





သူတို့ဘယ်နေရာ၊ ဘယ်အရပ်ကလာတယ် ... ဘယ်သူ့သားသမီး ဆိုတာကအစ နောက်ပိုင်းကို ပြန်မသိတော့ဘူး"

"ပြီးတော့ ကဝေပညာတွေ သင်ပေးကြတယ်၊ ကဝေကြီး ကလည်း သူ့ပညာစက်တွေ ဝေမျှပေးပြီး သင်ပေးလိမ့်မယ်၊ အဲဒီနောက်ပိုင်း ကဝေမယားဖြစ်ပြီး စုန်းမတစ်ယောက် ဖြစ်သွား လိမ့်မယ်"

"ကလေးမတွေအတွက် အချိန်မီကောင်းပါရဲ့"

"ကဲ ... ကဲ ... ဘုရားရှိခိုးပြီး ... အိပ်ကြကွဲ့ ... ဆရာကြီးလည်း ပုတီးခဏစိပ်လိုက်ဦးမယ်"

သို့ဖြင့် ဆရာကြီးက အိပ်ခိုင်းလိုက်သဖြင့် ကိုဖြူနှင့် ကိုတင်ဖေတို့ ဘုရားရှိခိုးပြီး ဆရာကြီးကို ရှိခိုးကာ အိပ်ရာပြင်လိုက်တော့သည်။

ဆရာကြီးက ဘုရားစင်မှာ ဖယောင်းတိုင်မီးပူဇော်ပြီး ပုတီး ထိုင်စိပ်နေပါတော့သည်။

❖ ❖ ❖

နေ့နှစ်နာရီမထိုးခင်၊ ကိုဖြူတို့အိမ်မှ ဆရာတပည့်သုံးယောက် ထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာကြီး ဦးစံကွန့်ပိုင် ဥယျာဉ်ခြံနှင့် ရွာက သိပ်မဝေးလှ။ ရွာနှင့် သချိုင်းအလွန်မှာ ထိုဥယျာဉ်ခြံကြီးရှိသည်။

ဆရာကြီးက ထိုဥယျာဉ်ပိုင်ရှင် ဆေးဆရာကြီး ဦးစံကွန့်သည်သာ ကဝေကြီးဖြစ်နိုင်ကြောင်း ပြောပြသည်။

အခြေအနေကို အကဲခတ်ပြီး သချိုင်းအလွန် ချုံတစ်ခုအတွင်းမှာ မောင်ဖြူကို နေရာချထားပေးသည်။

"မောင်ဖြူ ဒီချုံထဲကနေပြီး ပတ်ဝန်းကျင်ကို စောက်လှန်းအကဲခတ်နေ၊ ငြိမ်ငြိမ်နေ၊ မင်းရှိနေတာသိရင် ကဝေမတွေ ချက်ချင်းရောက်လာလိမ့်မယ်၊ ဆရာကြီး မင်းအတွက် လုံခြုံတဲ့ စည်းချမန္တာန်ရွတ်ပြီး စည်းချပေးထားမယ်။

"ဥယျာဉ်ဘက်ကို လယ်သမားတွေ လာတာတွေ့ရင် ချုံထဲကနေ လှမ်းခေါ်ပြီးထား၊ ဘယ်သူမှ မလာစေနဲ့"

"မင်း ... ကြောက်နေလား"

"မကြောက်ပါဘူးဆရာ၊ စိတ်ချလက်ချသွားပါ"

"ကဲ မောင်တင်ဖေ ... ဆရာကြီးတို့ သွားကြမယ်"

ခဏကြာတော့ ဥယျာဉ်ခြံနီးနီးသို့ ရောက်သွားကြသည်။ ချုံပုတ်တချို့အနီး နေခို၍ ဥယျာဉ်ခြံကို အကဲခတ်လေ့လာနေလိုက်သည်။





သူတို့ပုန်းခိုရာမှ မကြာခင် ကောင်းကင်မှာ လင်းတလေးကောင် လှည့်ပတ်ပျံသန်းနေသည်ကို တွေ့လိုက်သည်။

မောင်တင်ဖေ ... ကဝေမတွေ ဆရာကြီးတို့ကို လှည့်ပတ်ရှာနေကြတယ်။

လင်းတများ ဆရာကြီးတို့ရှိရာဘက်သို့ ပျံသန်းလာသည်ကို တွေ့လိုက်သည်။

"သတိထား ... ဆရာတို့ကို တွေ့သွားပုံရတယ်"

"ဆရာ ... လင်းတတွေ ပြန်လှည့်သွားပြီ"

"ဟော ... ဟော ... အိမ်ကြီးထဲ ဝင်သွားကြပြီ"

"လာ ဥယျာဉ်ထဲရောက်အောင် သွားမယ် ... သူတို့ကို မတွေ့ဖို့အောင် ရှောင်နေလို့မဖြစ်ဘူး၊ ထိပ်တိုက်ရင်ဆိုင်ရမယ်"

ဆရာကြီးနှင့် ကိုတင်ဖေလည်း ဥယျာဉ်ခြံထဲရောက်သွားကြသည်။ သူတို့ပိုင်နက်ထဲ ရောက်သွားခဲ့ပြီ။

ခြံထဲရောက်ကာစပဲ ရှိသေးသည်။ အိမ်ကြီးအတွင်းမှ အမျိုးသမီးလေးယောက် ထွက်လာသည်။ အားလုံး အပေါ်အောက် အနက်ရောင် တူညီဝတ်စုံများ ဝတ်ထားကြသည်။

မိန်းမ လေးယောက်လုံး အသက်သုံးဆယ်ကျော် အရွယ်များဖြစ်သည်။ သူတို့လေးယောက် ဆရာကြီးကို စိမ်းစိမ်းဝါးဝါး



www.burmeseclassic.com

www.burmeseclassic.com



ဝိုက်ကြည့်နေကြသည်။

သူတို့လေးယောက်လုံး လက်ဝါးချင်းပွတ်ပြီး ဆရာကြီးထံ ရှတ်ဇာရက် လက်ဝါးဖြန့်ပြီး တွန်းထည့်လိုက်သည်။

အလင်းတန်းလေးခုက ဆရာကြီးထံ ဝင်းခနဲ ပြေးဝင်လာသည်။

ဆရာကြီးကလည်း ကဝေမတို့၏ အကြံကိုသိသဖြင့် အလင်းတန်းများ ပြေးအလာ ဆရာကြီးလက်ထဲက ဆေးတော်နှင့် တန်ပြန်ပစ်လိုက်သည်။

"ဂုန်း"

ကဝေမတွေ ပစ်လိုက်သော ပညာစက်နှင့် ဆရာကြီး၏ ဆေးတော်ထိချက်ကြောင့် ကျယ်လောင်သောအသံကြီး ထွက်သွားပြီး ကဝေမတွေနောက်သို့ ပစ်လဲကျကုန်သည်။

ကဝေမတွေ ဘာမှမလှုပ်ရှားနိုင်ခင် ဆရာကြီးက လက်ဦးမှု ယူကာ သတ်ဖြတ်အင်းနှင့် ဆက်တိုက်ပစ်သွင်းလိုက်သည်။

ကဝေမများ ဘာမှ ပြန်မလှုပ်ရှားနိုင်ခင်မှာပင် သတ်ဖြတ်အင်း အစွမ်းကြောင့် ...

"ဂုန်း"

ဒုတိယအကြိမ် မြည်သံကြီး ထွက်ပေါ်လာကာ ကဝေ



လေးယောက် လဲနေရာမှ မထနိုင်တော့ဘဲ ခန္ဓာကိုယ်များ မီးစွဲကာ တောက်လောင်ကုန်သည်။

"ဆရာကြီး ကဝေမလေးကောင် သေကုန်ပြီ ... ကဝေကောင်ကို ဘယ်လိုလုပ်မှာလဲ၊

သူ့ အပြင်ကိုရော ... ထွက်လာပါ့မလား"

"ထွက်လာပါလိမ့်မယ် ... သူလိုကဝေမျိုးက ဘယ်သူ့ကိုမှ မှုတဲ့အစားမျိုး မဟုတ်ဘူး ... ခဏလေးစောင့်"

ဝေါင်း ... ဝေါင်း...

အိမ်ကြီးအတွင်းက ကျားဟိန်းသံကြီး ကြားလိုက်ရသဖြင့် ဆရာကြီးက ဘေးလွယ်အိတ်အတွင်းသို့ လက်နှိုက်လိုက်သည်။

လက်ကို ပြန်နှုတ်လိုက်သည့်အခါမှာတော့ လက်ထဲမှာ ကျားမြုပ်ကလေးတစ်ရုပ် ပါလာသည်။

ဆရာကြီးက ကျားမြုလေးကို လက်ပေါ်တင်ပြီး မန္တာန်မန်းမှုတ်လိုက်သည်။

ဆရာကြီး၏ လက်ထဲက ရိပ်ခနဲ အောက်သို့ ခုန်ဆင်းသွားသည်ကို တွေ့လိုက်ပြီး အောက်ရောက်သည်နှင့် ကျားမြုကြီးတစ်ကောင် ဖြစ်သွားသည်။

အိမ်ကြီးအတွင်းသို့ လှစ်ခနဲ ပြေးဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေါင်း … ဝေါင်း … ဝေါင်း …

အိမ်ကြီးထဲမှာ ကျားကြီးနှစ်ကောင် ဆုံတွေ့ပြီး တိုက်ခိုက်နေကြပုံရသည်။

ဝေါင်း … ဝုန်း … ဝုန်း … ဝုန်း …

ဝေါင်း … ဝေါင်း …

ကျားကြီးနှစ်ကောင် သည်းကြီးမည်းကြီး ကိုက်ဖြတ်နေ[illegible]ရသည်။

ခဏအကြာ အိမ်ကြီးအတွင်းမှ ကျားဖြူကြီးနှင့် ကျားဝါ[illegible]နှစ်ကောင် လုံးထွေးပြီး ထွက်လာကြသည်။

ထို့နောက် တစ်ကောင်နှင့်တစ်ကောင် ကိုက်ဖဲ့ရာမှ [illegible]ထွက်သွားသည်။

ထိုအခါ ဆရာကြီးက လက်ဖြန့်လိုက်သည်။

ဆရာကြီးလက်ပေါ်သို့ ကျားဖြူကြီးအဖြစ်မှ ကျားဖြူ[illegible]ကလေးအဖြစ် ပြန်ပြောင်းရောက်ရှိလာသည်။

ဆရာကြီးရှေ့မှာတော့ ကျားဝါကြီးတစ်ကောင်က မန်စော[illegible]စိုက်ကြည့်နေသည်။

ပါးစပ်က တဟီးဟီး အော်နေသည်။

ထိုအချိန်မှပဲ ကျားအသွင်က လူအဖြစ် ပြန်ပြောင်းသွားသ[illegible]





[illegible]ကဝေကြီးက ဆရာကြီးကို မထီလေးစားဟန်နှင့် ကြည့်ပြီး …

"ဆရာစုတ် … မင်းက၊ ငါ့အလုပ်ကို လာနှောင့်ယှက်နေ[illegible]တယ် … ဒီနေရာက အသက်နဲ့ခန္ဓာမြဲပြီး ပြန်မသွားစေရဘူး"

ကဝေကောင်၏ ပါးစပ်အတွင်းက အရောင်တလက်လက်[illegible]ထွက်လာပြီး ဆရာကြီးထံသို့ အလင်းရောင်ကြီး ပြေးဝင်လာသည်။

ဆရာကြီးလည်း ထိုသို့ဖြစ်မည်ကို ကြိုတင်သိထားသဖြင့်၊ [illegible]လက်ထဲမှာ အသင့်ကိုင်ထားသော အင်းတစ်ချပ်ဖြင့် ကဝေမီးစက်[illegible]တွင်း ပစ်သွင်းလိုက်သည်။

"ဝုန်း"

မိုးကြိုးပစ်လိုက်သကဲ့သို့ အသံကြီး ထွက်လာပြီး အခိုးအငွေ့[illegible]များဖြင့် ဖုံးလွှမ်းလို့သွားသည်။

မီးခိုးတွေကြားထဲက ကဝေကြီး ထလာသည်။

ရှတ်တရက် လက်ဆန့်ပြီး ဆရာကြီးထံ မီးစက်ကွင်း[illegible]လွှတ်လိုက်သည်။

မီးအလင်းရောင်က ဆရာကြီးထံ မရောက်၊ သူ့အနီးမှာပင်[illegible]ပျက်တန့်သွားသည်။

ဆရာကြီး ပစ်လွှတ်လိုက်သော ပညာမျက် အင်းတော်ကြီး[illegible]စွမ်းက ထိရောက်လှသည်။ ၈



www.burmeseclassic.com

www.burmeseclassic.com



ကဝေကြီးမျက်နှာ တစ်ချက်ပျက်သွားသည်။

"ကဝေကောင် မင်းမှာ ဘာပညာစက်မှ မရှိတော့ဘူး။ မင်းမှာ ဘာအစွမ်းအစမှ မရှိတော့ဘူး၊ မင်းရဲ့အစေအပါး မင်းမယားတွေလည်း သေကုန်ပြီ"

"ဟဲ့ ... မလောက်လေးမလောက်စား ပညာလေးနဲ့ ငါ့ကို နိုင်မယ်တဲ့လား။ မင်းကို ငါက ဘာကြောင့် ကြောက်ရမှာလဲ၊ ငါ့ရဲ့ ပညာတွေ လုံးဝမစွန့်လွှတ်နိုင်ဘူး၊

မင်းလက်အောက်မှာ အရှုံးပေးမယ့်အစား၊ ငါ့ကိုငါ သတ်သေပစ်လိုက်မယ်"

ကဝေကောင်က အိမ်ထဲ ပြန်ပြေးဝင်ရန် ခြေလှမ်းပြင်လိုက်သည်။

"ဟေ့ ကဝေကောင် မင်းဘယ်ပြေးမလို့လဲ၊ မင်းတို့လို ဆန်ကုန်မြေလေးကောင်တွေကို လူ့လောကမှာ ထားလို့မဖြစ်ဘူး။ ငရဲပြည်ကို တစ်ခါတည်း ပို့ပေးမယ်"

ဆရာကြီးက လွယ်အိတ်ထဲမှ နှိုက်ယူထားသော ကဝေသတ်ဖြတ်အင်းတော်ကြီးနှင့် ကဝေကြီး၏ နောက်ကျောကို လှမ်းပစ်လိုက်သည်။

"ဝုန်း"





အလင်းရောင်မျိုးစုံ ပြာထွက်သွားပြီး ကဝေကြီးတစ်ကိုယ်လုံး လောင်မီးကျသကဲ့သို့ ဖြစ်ကာ၊ တဝုန်းဝုန်းလောင်ရင်း ပြာကျသွားပါတော့သည်။

ခဏမျှ စောင့်ကြည့်နေပြီးမှ ဆရာကြီးက

"ကဲ ... မောင်တင်ဖေ ... အိမ်ကြီးထဲ ဝင်ကြည့်စမ်း။ ရှာက ခေါ်ထားတဲ့ မိန်းကလေးတွေ ရှိသေးလား ... ကဝေပဲ ဖြစ်သွားပြီလား သွားကြည့်စမ်း"

"မိန်းကလေးတွေ တွေ့ရင် မျက်နှာကို ဒီနတ်ရေစင်နဲ့ တောက်လိုက် ပြီးရင် ဆရာ့ဆီ ခေါ်လာခဲ့။ အခြားဘယ်သူတွေ ရှိသေးလဲ၊ နည်းနည်းပါးပါး လေ့လာအကဲခတ်ခဲ့"

တင်ဖေတစ်ယောက် အိမ်ကြီးထဲ ဝင်သွားသည်။

အခန်းတစ်ခန်း နှစ်ခန်းခန့် ရှာဖွေလိုက်သည့်အခါမှာ အခန်းအတွင်းမှာ ငေးငေးငိုင်ငိုင် ထိုင်နေသော မိန်းကလေးကို တွေ့လိုက်သည်။

တင်ဖေတစ်ယောက် အခန်းထဲဝင်လာသော်လည်း စိုးရိမ်ကြောက်လန့်ဟန်မပြ။ သို့ကြောင့် တင်ဖေက နတ်ရေစင်ပုလင်းဖွင့်ပြီး ရေအနည်းငယ်နှင့် မျက်နှာကို တောက်လိုက်သည်။

နတ်ရေစင်ထိသွားသည်နှင့် အိပ်ရာမှ လန့်နိုးသကဲ့သို့ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှင့်ခန္ဓာ အသိကပ်သွားတော့သည်။

"ကျွန်မ ဘယ်ရောက်နေတာလဲ"

"လာ အပြင်ထွက်ခဲ့၊ မင်းဘယ်သူ့ကိုမှ ကြောက်လန့်စရာ မလိုတော့ဘူး။ အပြင်ရောက်မှ ရှင်းပြမယ်၊ လာမြန်မြန်"

တင်ဖေက ရှေ့ကထွက်ပြီး၊ မိန်းကလေးက နောက်က အမြန်လျှောက်လိုက်လာခဲ့သည်။

ဆရာကြီးထံရောက်တော့ ဆရာကြီးပါးစပ်က မန်းမှုတ်ပြီး အမိန့်ပြန်လိုက်သည်။

"ငါ့ဆရာအမိန့် မိန်းကလေးမှာ ကပ်ငြိနေတဲ့ ပယောဂ မှန်သမျှ ကင်းစင်ပပျောက်ပြီး မူလအတိုင်း ပြန်ဖြစ်စေ"

"ကဲ မောင်တင်ဖေ၊ ဒီကလေးမလေးကို သူတို့ရွာသား မောင်ဖြူလက်ကိုအပ်ပြီး သူ့အိမ်ကို ပြန်ပို့ခိုင်းလိုက်"

မိန်းကလေးလည်း အသိစိတ် ပုံမှန်ဖြစ်လာပြီ ကိုတင်ဖေ ခေါ်ရာနောက်မှ လိုက်သွားသည်။

ကိုဖြူလည်း ကိုတင်ဖေတို့ကို တွေ့သဖြင့် ချုံအတွင်းမှ ထွက်လိုက်သည်။

ကိုတင်ဖေက မိန်းကလေးအား ကိုမောင်ဖြူထံ အပ်လိုက် သည်။





"ကဲ ကိုဖြူ ... ဒီကလေးမလေး ... အတော်ကံကောင်း သွားတယ် ... ခင်ဗျား သူ့မိဘတွေဆီ ခေါ်သွားပြီး အပ်လိုက်ပါ"

"ဒါဆို အေးလှဆိုတဲ့ ပထမဆုံးပျောက်သွားတဲ့ ကလေး မလေးက သေသွားပြီပေါ့ ဟုတ်လား"

"ဒါ ခင်ဗျားပြောတဲ့ အေးလှမဟုတ်ဘူးလား"

"သူက ခင်မှူ စကားမပြောဘဲ ငူငူငိုင်ငိုင်ဖြစ်နေတယ်ဆိုတဲ့ မိန်းကလေးက သူပဲ"

ထိုစဉ် ဆရာကြီးက အနီးသို့ ရောက်လာသည်။

"မောင်တင်ဖေ မင်း အခန်းတွေအနှံ့ သေသေချာချာ ကြည့် ခဲ့လား၊ မင်းတို့ရွာသူတွေက ဒီရက်ပိုင်းလေးနဲ့ ကဝေမတစ်ယောက် လိုတော့ အစွမ်းထက်မြက်ဦးမယ် မထင်ဘူး၊ ပညာဝေမျှတုန်းပဲ ဖြစ်မယ်"

"ဆရာ့ ဆန္ဒအတိုင်းဆိုရင် ... နောက်တစ်ခေါက် သွားရှာ ရချင်သေးတယ်"

"ဒီမိန်းကလေးကို မင်းဘယ်က တွေ့ခဲ့တာလဲ"

"အောက်ထပ် အခန်းတစ်ခုထဲကပါ"

"အပေါ်ထပ်ကို တက်မရှာခဲ့ဘူးလား"

"မရှာမိဘူး ဆရာကြီး၊ ကိုဖြူပြောတာက အေးလှတို့



www.burmeseclassic.com

www.burmeseclassic.com



ကဝေမတွေ ခေါ်သွားတာပဲ သိထားတာ"

"အေး ခုနမိန်းကလေးက ဒီမနက်ပိုင်းမှ ညှို့ပြီး ခေါ်လိုက်တာဖြစ်မယ်။ ဒါကြောင့် မောင်ဖြူ မသိလိုက်တာ"

"ဆရာ ခွေသေချာချာ မှာလိုက်တာပဲ၊ အခန်းတိုင်းရှာခဲ့ရမှာ ကဲ အပေါ်ထပ်ကို တစ်ခေါက်သွားရှာလိုက်ပါဦး"

"ဒါဆို ကျွန်တော် သွားလိုက်ပါ့မယ်"

"ဆရာကြီး ခင်မှူးကို ကြည့်ထားပေးလို့ ရမယ်ဆိုရင် ကျွန်တော်ပါ လိုက်သွားပေးပါ့မယ်"

အချိန်က ညနေငါးနာရီခန့်ရှိပြီး သချိုင်းကုန်းနှင့် နီးနေသဖြင့် မိန်းကလေးကို တစ်ယောက်တည်း ပြန်လွှတ်၍ မဖြစ်။

"ကဲ.. ကဲ ... မောင်တင်ဖေနဲ့ မောင်ဖြူတို့ အိမ်ထဲ အမြန် သွားကြည့်ကြ။ တွေ့ရင် ရေစင်နဲ့မျက်နှာကို တောက်လိုက် ပြီးစပ်က အထက်ဆရာကြီးများအမိန့်နဲ့ မူလအတိုင်း ပြန်ဖြစ်စေလို့ ပြောပြီး ဒီကို ပြန်ခေါ်ခဲ့ကြ ... သွားကြတော့"

ကိုတင်ဖေတို့လည်း ကဝေကြီး၏ နှစ်ထပ်အိမ်ကြီးဆီသို့ တစ်ခေါက်ပြန်သွားကြသည်။

တိုက်ကြီးအပေါ်ထပ်သို့ ရောက်ခဲ့သည်။ နှစ်ယောက်ခွဲပြီး အခန်းများအတွင်း ရှာကြသည်။





အပေါ်ထပ်ရှိ ကဝေကြီး၏ ခန်းနားလှသော အိပ်ခန်းဘေးမှာ သော့ခတ်ထားသော အခန်းတစ်ခန်းကို တွေ့လိုက်သည်။

သော့ကို အပြင်က ရိုက်ဖျက်လိုက်သည်။

သူတို့တွေ့လိုက်ရသည်က ကုတင်ပေါ်မှာ ကွေးကွေးလေး အိပ်ပျော်နေသော အေးလှဆိုသည့် မိန်းကလေးဖြစ်နေသည်။

ကိုဖြူက အေးလှအား လှုပ်နှိုးလိုက်သည်။

ကိုတင်ဖေက အေးလှ နိုးလာသည်နှင့် မျက်နှာကို နတ်ရေစင် ဖြင့် တောက်လိုက်သည်။

ဆရာကြီးမှာလိုက်သည့်အတိုင်း အမိန့်ပြန်လိုက်သည်။

အေးလှလည်း အိပ်မက်က လန့်နိုးသူတစ်ယောက်ကဲ့သို့ ကုတင်ပေါ်မှ ထလာသည်။

"လာ ... အချိန်မရှိဘူး အပြင်မှာ ဆရာကြီး ရှိတယ်၊ သွားကြမယ်"

မကြာခင်မှာပင် ဆရာကြီးနှင့် ခင်မှူးတို့အနီးသို့ ပြန်ရောက် လာကြသည်။

ဆရာကြီးကလည်း ခင်မှူးနှင့် အေးလှတို့ကို ယန်းမှုတ် ရွတ် ဖတ်ပေးနေသည်။

"ကဲ ... ဘာမှမဖြစ်တော့ဘူး၊ စိတ်ချလက်ချသာ နေကြ



www.burmeseclassic.com

www.burmeseclassic.com



ပေတော့"

ထို့နောက်တော့ ... ဆရာကြီးအား မောင်ဖြူ၏အိမ်သို့ ပြန်ပို့လိုက်ပြီး မောင်ဖြူနှင့်တင်ဖေတို့နှစ်ဦးက မိန်းကလေးနှစ်ယောက်၏ မိဘများအိမ်သို့ လိုက်ပို့ပေးသည်။

စိတ်ပူနေကြသော မိဘဆွေမျိုးသားချင်းများလည်း ဝမ်းသာပျော်ရွှင်သွားကြသည်။

ထိုည ကိုမောင်ဖြူနှင့် ကိုတင်ဖေတို့အား ကျေးမွေးပြုစုနေသဖြင့် တော်တော်နှင့် အိမ်ပြန်မရောက်ကြ။ နောက်နေ့မိုးလင်းသည်နှင့် အေးလှမိဘများနှင့် ခင်မှုံမိဘများ ရွာလူကြီးများ ဆရာကြီးကို ကန်တော့ရန် ရောက်လာကြသည်။

ဆရာကြီးလည်း ရွာသူရွာသားများ၏ အကန်တော့ကို ခံယူ၍ ရွာသားများကျေနပ်အောင် တစ်ရက်ခန့်နေပြီး နောက်ရက်မှာ ထိုရွာမှ ပြန်ခဲ့တော့သည်။

❖ ❖ ❖ ❖ ❖



# သရဲစကားဝိုင်းနဲ့ ခွေးအသုဘချပွဲ

သရဲစကားဝိုင်း မစဖြစ်တာကြာပြီ။

သူငယ်ချင်းတစ်စုလည်း ကိုင်းအသီးအနှံတို့ကြားမှာ နေ့ရောညရော အချိန်ကုန်နေကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် အချိန်ကြာကြာ မဆုံဖြစ်ကြ။

ရပ်ရွာ၏ မရှောင်လွှဲနိုင်သော သာရေးနာရေးရှိမှသာ တစ်ရက်နှစ်ရက် ပြန်ဆုံကြသည်။

ထိုကိစ္စပြီးဆုံးလျှင် လုပ်ငန်းခွင်သို့ ပြန်ဝင်ကြရသည်။

တပေါင်းလကုန်ကာနီးဆိုလျှင် ယာခင်းအတော်များများ သိမ်းပြီးကုန်ပြီး တန်ခူးလရောက်လျှင်တော့ ယာလုပ်ငန်းသိမ်းပြီးကုန်ပြီ။

ရရှိလာသည့် အသီးအနှံတို့ကို ရောင်းချကာ ငွေဖော်ကြသည်။

ထိုမှ မိုးမကျခင်အတွင်း နားရက်ရကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်းကိစ္စ၊ ပါးကိစ္စ၊ အမိုးအကာကိစ္စ မရှိသူများက နိုင်းနွားများ မှီးထယ်ရေးမစခင် အားရှိအောင် ကျွေးမွေးပြုစုသည့် အလုပ်ကလွဲပြီး အခြားအလုပ် မရှိကြပေ။

မိုးမကျခင် အနားရသော သောင်းမြင့်၊ ကျော်ကြီး၊ မျိုးလွင်တို့ လူပျိုလူလွတ်သူငယ်ချင်းတစ်စု ညရောက်သည်နှင့် ရွာအစွန်က မျိုးသိန်းတို့တဲမှာ ဆုံကြသည်။

နေ့ခင်းကတည်းက တစ်ယောက်ကစပြီး တစ်ယောက်ကို အသိပေး၍ ချိန်းထားလိုက်သည်။

မျိုးသိန်းကလည်း ရေနွေးကို ကြိုတင်တည်ထားသည်။

မြင့်ဦးတို့က မဆန်းတင်ကုန်စုံဆိုင်က စားစရာတစ်ခုခု ဝယ်လာမည်ဟုဆိုသည်။

သောင်းမြင့်က လက်ဖက်အကြော်စုံ ပယ်လာမည်ဟု ကတိပေးသွားသည်။

သို့ဖြင့် ညခုနစ်နာရီခန့် သူငယ်ချင်းတစ်စု အားလုံးဆုံကြသည်။

သူတို့စကားဝိုင်းက ရောက်တတ်ရာရာ ပြောကြသည်။

ထိုအချိန်မှာ မျိုးသိန်းတို့တဲအတွင်း ဝင်လာသော အသက်ဆယ် ငါးနှစ်ခန့်ရှိ ကောင်လေးကိုကြည့်ပြီး သောင်းမြင့်က စပ်စုသည်။

"မျိုးသိန်း ဒီကောင်လေးက မင်းတူမဟုတ်လား၊ ဘာလာ



လုပ်တာလဲ"

"ငါနဲ့ ညဘက်အဖော်လာအိပ်ပေးဖို့ ခေါ်ထားတာ"

"ဟော့ ... ဖော်ကြီး မင်းထမင်းစားလာလား"

"ဦးကပဲ စားမလာနဲ့ဆို"

"အေး မင်းအတွက် ချန်ထားလို့မေးတာ ... အိုးထဲမှာ အကုန်သာထည့်စားလိုက်တော့"

"မျိုးသိန်း ဘာချက်စားလဲ"

"ဝက်သား ... ဒါပေမဲ့ ဖော်ကြီးတစ်ယောက်စာပဲ ကျန်တော့တယ်"

"အမယ် ငါ့ကို ဝေ်ကြီးကျတဲ့ အကောင်ထင်နေလား မသိဘူး"

"မင်းတို့လုပ်တာနဲ့ ဖော်ကြီး မျိုမကျဘဲ ဖြစ်တော့မယ်"

"ငါ ဒီကောင့်ကို အဖော်သာခေါ်ထားရတာ အားကိုးရမလား မှတ်တယ်၊ ခေါင်းအုံးပေါ်မှာ ခေါင်းချတာနဲ့ ... အိပ်ပျော်သွားတော့ တာပဲ"

"မင်းက ခါတိုင်း တစ်ယောက်ထဲနေတာ ... ဘာကြောင့် အခုမှ အဖော်ခေါ်အိပ်ရတာလဲ"

"အခုရက်ပိုင်း သရဲအခြောက်ခံနေရလို့ အဖော်ခေါ်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... သရဲခြောက်တယ် ... ဟုတ်လား"

"ပြောပဲ မပြောချင်တော့ပါဘူးကွာ ... ငါ့တဲနောက်က ဘုန်းကြီးကျောင်းအုပ်နံရံကြီးအပေါ်မှာ ကုက္ကိုပြင်အကိုင်းတွေ ငါ့တဲ အပေါ်ရော ခြံထဲရော အုပ်မိုးနေတာ မင်းတို့အမြင်ပဲ မဟုတ်လား။

သရဲစခြောက်တဲ့ညက ငါ အိမ်သာကို သွားတဲ့အချိန် အိမ်သာ ဘေး သစ်ကိုင်းကြီးမှာ တွဲလောင်းကြီး လုပ်ပြနေတာ မြင်လိုက် တယ်၊

ငါအိမ်သာက ပြန်အဆင်းမှာ မြင်လိုက်တာ၊

နောက်ည မခြောက်နိုင်တော့ဘူး အထင်နဲ့ အိမ်သာကို ဓာတ်မီးအားကိုးနဲ့ သွားတယ်၊

ခဏအကြာမှာပဲ အိမ်သာအပေါ်က သစ်ကိုင်းကြီးကို တဝုန်း ဝုန်းနဲ့ ကိုင်လှုပ်နေတယ်၊

ငါလည်း ကြောက်ကြောက်နဲ့ အိမ်သာထဲက ပြန်ထွက် ရတယ်"

"အီးရော ... ကုန်းခဲ့ရဲ့လား"

"မင်းတို့ကလည်း အထင်သေးလိုက်တာ"

"မထင် ... မထင်"

"ဟော့ကောင် ... မြှင့်ဦး သူ့ဇာတ်လမ်းဆုံးအောင် နားထော [illegible]





ပါဦး၊ တော်ကြာ ရှက်ပြီး မပြောဘဲ နေဦးမယ်"

"ကဲ ... ဆက်ပါဦး၊ သရဲက နောက်ပိုင်းခြောက်သေးလား"

"ခြောက်တာပေါ့၊ စခြောက်တဲ့ရက်က နှစ်ရက်ဆက်တိုက် သစ်ကိုင်းမှာ တွဲလောင်းဆွဲပြတာ ...

နောက်ပိုင်း အကောင်အထည်မပြတော့ဘဲ နည်းမျိုးစုံနဲ့ကို တစ်နေ့တစ်မျိုး ခြောက်နေတာ၊

ခြောက်တဲ့အချိန်က မှောင်တာနဲ့ စခြောက်တာပဲ။ အကြာကြီး ခြောက်နေတာတော့ မဟုတ်ဘူး"

"တစ်ရက်ညပိုင်း နွားရေတိုက်နေတုန်း၊ ငါ့ကို ခဲနဲ့လှမ်းလှမ်း ပစ်တယ်၊ တစ်ကြိမ်မဟုတ်ဘူး လေးငါးကြိမ်ပစ်တယ်၊

ထူးခြားတာက ခဲလုံးကြီးပေမယ့် ငါ့ကိုထိတာ မနာဘူး"

နွားကို တင်းကုတ်မှာချည်ပြီး တဲပေါ်တက်မှ မပေါက်တော့ တာ"

"မြီးခဲ့တဲ့ သုံးရက်လောက်က ညရှစ်နာရီလောက် "ဖျောင်း" ဆိုတဲ့ သစ်ကိုင်းကျိုးသံ ကြားလိုက်တယ်။ သရဲသစ်ကိုင်းပေါ် တွဲလောင်းခိုလို့ ကျိုးတယ်လို့ ထင်လိုက်တယ်"

အဲဒီအချိန် ဇော်ကြီးကို ခေါ်ထားပြီးပြီ ဇော်ကြီးအားကိုးနဲ့ သစ်ကိုင်းကျိုးသံ ကြားတဲ့နေရာကို ဓာတ်မီးနဲ့ ထိုးကြည့်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းကျိုးတာ မတွေ့ဘူး။

ငါလည်း သရဲအသံပေးခြောက်တာပဲဆိုပြီး၊ တဲပေါ်ပြန်တက်ခဲ့တယ်၊

တဲပေါ်မှာ ထိုင်နေတုန်း တဲနောက်ဘက်သစ်ပင်က “ဖျောင်း” ဆိုတဲ့အသံနဲ့ သစ်ကိုင်းကျိုးသံ ကြားလိုက်ရတယ်။ ဒီတစ်ခါတော့ သစ်ကိုင်းအကျိုး တဲပေါ်ကျပြီထင်လို့ ဇော်ကြီးခေါ်ပြီး တဲဘေးကနေ တဲပေါ်ကို ဓာတ်မီးနဲ့ ထိုးကြည့်တယ်။ သစ်ကိုင်းက ယှပ်တောင် မလှုပ်ဘူး”

“ဒါနဲ့ ငါလည်း အသံကြားတိုင်း ထကြည့်နေရင် အိပ်ရတော့မှာမဟုတ်ဘူးဆိုပြီး အိပ်ရာထဲ ဝင်လိုက်တယ်၊

မနက်မိုးလင်းလို့ အိပ်ရာကလည်းထရော ... နွားတင်းကုတ်ထဲမှာ ကုက္ကိုကိုင်းကြီးနှစ်ကိုင်း ရောက်နေတယ်၊

အကိုင်းအလက်တွေက ဖြာထွက်နေတာ၊ ဘယ်လို အထဲသွင်းထားလဲ မသိဘူး၊ နွားတင်းကုတ်က နွားဆွဲသွင်းတဲ့ အပေါက်က ပြန်ထုတ်လို့မရဘူး၊ အကိုင်းအခက်တွေ ဖြတ်ထုတ်ပြီးမှ အပြင် ထုတ်လို့ရတယ်”

“မင်း ... ထင်းရအောင် သစ်ကိုင်းချိုးပေးတာ ဖြစ်မှာပေါ့”

“မနေ့ညကတော့ ညနေခြောက်နာရီလောက်အထိ နွားတွေ





အပြင်မှာ ချည်ထားတယ်။ နွားတွေ ရေတိုက်ပြီး တင်းကုတ်ထဲ သွင်းမယ်ပေါ့၊

ဒါနဲ့ ရေနှစ်ပုံး ဆွဲပြီး၊ နွားတစ်ကောင်စီ တိုက်ထားတယ်၊ ရေတစ်ပုံးစီ သောက်ရုံနဲ့ နွားတွေမဝသေးဘူးဆိုတာသိလို့၊ အပို ရှိတဲ့ ရေပုံးနဲ့ ရေသွားခပ်ပြီး ပြန်ခဲ့တယ်၊

နွားတွေနားလည်းရောက်ရော ... ရေထည့်တိုက်ထားတဲ့ ရေပုံးနှစ်ပုံး မရှိတော့ဘူး”

“ငါလည်း နည်းနည်းဖြုံသွားတာနဲ့ ဇော်ကြီးကို ဓာတ်မီးယူခဲ့ခိုင်းပြီး နှစ်ယောက်သား လိုက်ရှာတာ ဘယ်မှာတွေ့တယ် မှတ်လဲ”

“ဘယ်သိမလဲကွ”

“အိမ်သာအောက်ထဲမှာ ပုံးနှစ်ပုံး ရေမရှိဘဲ သွားချထားတယ်”

“တွိ ... ရှုံစရာကောင်းလိုက်တာ”

“မင်းကို ခြောက်တဲ့သရဲက၊ ကြောက်အောင်ခြောက်တာထက် မင်းကို ပျော်စေပျက်စေ လိုက်ခြောက်နေသလို ဖြစ်နေတယ်”

“ဟုတ်တယ်ကွ ... သူခြောက်ပုံခြောက်နည်းကြောင့် ငါ ကြောက်ရမှန်းတောင် မသိတော့ဘူး”

“မျိုးသိန်း မင်း သရဲအခြောက်ခံရသလို ... ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



အခြောက်ခံရဘူးတယ်ကွ …”

“ဆိုစမ်းပါဦး မြင့်ဦး … မင်း … ဘယ်လို အခြောက်ခံရ
တာလဲ”

“ပြီးခဲ့တဲ့နှစ် မိုးတွင်းတုန်းက ဆိုပါတော့။ ငါတို့က မိုးတွင်း
ဆို ရွာမပြန်တော့ဘူး။ တဲမှာပဲ ဖိုးယောက်ဖနဲ့ အတူနေကြတာ၊

ဖိုးယောက်ဖက ဆေးလိပ်သမား”

“တစ်ရက် တဲမှာ ဆေးလိပ်လည်းကုန် လက်ဖက်ခြောက်
လည်း ကုန်လို့ ညနေလေးနာရီလောက်ကတည်းက ရွာကို
ပြန်သွားတယ်၊

ညမှောင်တဲ့အထိ ပြန်မလာဘူး၊ မိုးတွေကရွာ၊ တဲမှာ
တစ်ယောက်တည်း အခြားတဲတွေနဲ့လည်း အလှမ်းဝေးတယ်”

“ဒါပေမဲ့ ငါသိပ်တော့မစိုးရိမ်ပါဘူး။ ယောက်ဖရွာကိုပြန်တို့
ညစာစားသောက်ပြီး ကိုးနာရီလောက်မှ ပြန်လာမှာ၊ တဲကိုတော့
ကိုးနာရီခွဲ ဆယ်နာရီလောက် ပြန်ရောက်နေကျ။ သူ့ကို မစော
ချင်ရင် အိပ်လိုက်ရုံပဲ၊

မိုးက မရွာတော့ဘူး၊ ရှစ်နာရီခွဲလောက်လည်းရောက်ရော
တဲဆီကို လာနေတဲ့ ခြေသံကိုကြားလိုက်တယ်”

“ငါလည်း ယောက်ဖ စောစောပြန်လာတယ်ထင်တာ ဘယ်

မိတ်ဆွေစာပေ



ဟုတ်မလဲ၊ အသက်သုံးဆယ်ကျော်ရှိမယ့် ကလေးကို ခါးတစ်
ခွင်လို့ ငါတဲရှေ့ရောက်လာတယ်၊

ငါက တံခါးကို စေ့ရုံပိတ်ထားတာ တဲဝက တံခါးထရံကို
လက်နဲ့ပုတ်နေလို့ ဖွင့်ပေး ိုက်တယ်၊

ထမင်းကျန် ဟင်းကျန်လေးရှိရင် ပေးပါ။ ဒါးကျည်းအိုင်ရွာက
လာခဲ့တာ၊ ရွာမရောက်ခင် ဗိုက်ဆာလွန်းလို့ ဝင်တောင်းရတာပါတဲ့”

“အဲဒီလိုတောင်းတော့ ငါက သရဲလို့မထင်ဘူး။ တကယ်
ဗိုက်ဆာလို့ ဝင်တောင်းတယ်ပဲထင်တာ၊

ဖိုးယောက်ဖ မစားဖြစ်တော့တဲ့ ထမင်းနဲ့ ဟင်းတွေ ထည့်
ရောရှုပြီး ထည့်ပေးလိုက်တယ်၊

ဖိုးရှေ့မှာပဲ ငါထုတ်ပေးလိုက်တဲ့ ထမင်းထုတ်ကို ဖြည်ပြီး
လက်တစ်ဖက်ထဲနဲ့ သူ့ပါးစပ်ထဲ လောင်းထည့်လိုက်တယ်”

“ဘာပြောတယ် … ထမင်းတွေကို လောင်းထည့်တယ်
ဟုတ်လား”

“ဟုတ်တယ် … လောင်းချတာ၊ နှိုက်စားတာ မဟုတ်ဘူး”

“ငါလည်း ထူးထူးဆန်းဆန်းမို့ အသေအချာ ကြည့်လိုက်တာ၊
ဟားလား ပြောရင်းတောင် ကြက်သီးထလာပြီ …

“အဲဒီအမျိုးသမီးပါးစပ်ကြီးက ဖားပါးစပ်ကြီးလို အကျယ်ကြီး

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတယ်၊ ပါးစပ်ကွဲရာက နားရွက်နှစ်ဘက်အထိ ရောက်နေတယ်၊

အဲဒီတော့မှ ငါ့ဆီ ထမင်းတောင်းစားတာ လူမဟုတ်ဘဲ သရဲမဆိုတာ သိလိုက်ရတယ်"

"ပါးစပ်ထဲလည်း ထမင်းဟင်းတွေ အကုန်လုံး ပျောက်သွားရော ငွပ်ခနဲ မြုံချပြီး တဲဝက ထွက်သွားတာပဲ ..."

"တဲနဲ့ မနီးမဝေး ငါတဲဝါခါး ပြန်မပိတ်ခင်မှာပဲ ပျောက်သွားတယ်။ ငါလည်း ကြောက်လိုက်တာ မပြောပါနဲ့တော့၊

ဆယ်နာရီလောက်ရောက်မှ ငါ့ယောက်ဖ ဓာတ်မီးတစ်လက်နဲ့ ပြန်လာသံကြားတယ်၊ သူလာတယ်ဆိုတာ ခပ်ဝေးဝေးကတည်းက သီချင်းသံကုန်ဟစ်ပြီး ပြန်လာလို့သိတာ၊

သူ့သီချင်းသံကြားမှပဲ ... ဘယ်ကများ သရဲရောက်လာမလဲ ဆိုပြီး အမှောင်ထဲမှာ နားစွင့်ရင်း ချောက်ချားနေရတဲ့ ငါစိတ်တွေ သက်သာရာ ရသွားတယ်"

"အဲဒီတစ်ခါတည်း သရဲ မျက်စိအောက်မှာ လာခြောက်တာ ခံရဖူးတယ် ... ငါ့ယောက်ဖကို အချိန်မတော် ရွာပြန်မလွှတ်တော့ဘူး။ နောက်ပိုင်း သရဲအခြောက်လည်း မခံရတော့ဘူး..."

မြင့်ဦးရဲ့ သရဲကိုယ်တွေ့ အကြောင်းပြောလို့ ပြီးဆုံးသွား





သည်နှင့် သောင်းမြင့်က စကားစရန် ချောင်းဟန့်လိုက်သည်။

"အဟမ်း"

"သောင်းမြင့် မင်းလည်း မှ ဦးမသရဲအခြောက်ခံရပြန်ပြီလား"

"မင်းတို့ နားမထောင်ချင်ဘူးလား ငါမပြောခင် မင်းတို့ သန္ဓကိုပြော"

"အမယ် ... အမယ် ... စိတ်ကြီးပဲ ... စိတ်ကြီးပဲ"

"ဟုတ်တယ်လေ ... စကားအကောင်းပြောမယ်ဟာ"

"ချေးကိုင်မနေပါနဲ့၊ ပြောမယ့်ဟာ ပြောစမ်းပါ"

"ငါတော့၊ သရဲအခြောက်မခံရဖူးပါဘူး ... ငါ့ဦးလေး သရဲအခြောက်ခံရတဲ့အကြောင်း မင်းတို့ကို ပြောပြမယ်"

"ဘယ်သူပဲ အခြောက်ခံရ မခံရ အရေးမကြီးဘူး ... သရဲအကြောင်းဆိုရပြီ"

"ငါ့ဦးလေးကို ခြောက်တဲ့သရဲက အပျိုကြီးသရဲ၊ ငါ့ဦးလေးကလည်း လူပျိုကြီး၊ ခြောက်တဲ့သရဲကလည်း အပျိုကြီး"

"အပျိုကြီးသရဲမှန်း ဘယ်လိုသိတာလဲ"

"ဟော့ကောင် ... မျိုးလွင် ငါက အခုမှ စပြောမယ်ကြံကာ ရှိသေးတယ်၊ ငါ့စကားဆုံးအောင် နားထောင်ပါဦးကွ"



www.burmeseclassic.com

www.burmeseclassic.com



သောင်းမြင့်က မျိုးလွင်၏ အပြောင်အပျက်စကားကြောင့် စိတ်မရှည်ဘဲ ပြန်ဟောက်လိုက်သည်။

"ဟောက်တော့ မဟောက်ပါနဲ့ ဆရာရယ် ... နားထောင်နေပါတယ်"

"ဒီလိုကွ ... ဦးလေးက အရက်နဲ့ ထန်းရည်သောက်ရမယ်ဆို ဆွဲမေ့မျိုးမေ့ပဲ၊

ဒါပေမဲ့ ဦးလေးက သူ့အိတ်ထဲက စိုက်ထုတ်ပြီး ဘယ်တော့မှ မသောက်ဘူး ... သူငယ်ချင်းမိတ်ဆွေတို့နဲ့ဆုံလို့ တိုက်တဲ့လူရှိရင် အဝသောက်တော့တာပဲ"

"သောက်ရင်းနဲ့ မဝသေးရင် ငွေထုတ်မယ့်သူမရှိတော့ရင် ရှားရှားပါးပါး သူပိုက်ဆံထုတ်ပြီး သောက်တယ် ..."

"အဲဒါ မင်းသောက်ကျင့်နဲ့ တူတာဖြစ်မယ်"

သောင်းမြင့်က ကျော်ကြီးကို ပြန်လှန်မချေပဘဲ ... မကြားဟန်ပြုကာ စကားကို ဆက်ပြောသည်။

"တစ်ရက် တို့ရွာတောင်ဘက်လမ်းအဝင်က ကိုကျော်ထွန်းရဲ့ အရက်ဆိုင်မှာ သူတို့သူငယ်ချင်းသုံးယောက် အရက်ဝင်သောက်ကြတယ်..."

ထိုအရက်ဆိုင်က ရဲနွယ်ချောင်းကမ်းနဘေးလမ်းမှ ရွာအဝင်လမ်းဆုံရာမှာ တရားမဝင်ရောင်းချနေသော အရပ်ပုန်းဆိုင်ဖြစ်သည်။

ထိုဆိုင်ဘေးမှာ အကြော်ဆိုင်ရှိသည်။ မနက်ပိုင်းရောင်းသောမုန့်ဟင်းခါးဆိုင်လည်းရှိသည်။

ရွာက လယ်ကွင်းထဲသို့ ထွက်လျှင် သချိုင်းဘေးလမ်းမှ ရဲနွယ်ချောင်းကမ်းစပ်တာလမ်းသို့ရောက်သည်။

နွေမိုးဆောင်း လယ်ကွင်းများသို့ သွားသူများနှင့် အနီးအပါးရှိ သောင်ကြီး၊ ဆင်ကူး လှည်းဆိပ် ကညင်နှစ်ပင်၊ ကတုတ်ကျည်အိုင် စသောရွာများမှ ပြွန်တန်ဆာမြို့သို့ သွားလျှင် ဖြတ်လမ်းတို့၍ သချိုင်းဘေးလမ်းကသာ ချောင်းရင်းရွာထဲဝင်ပြီး မြို့သို့သွားကြရသည်။

သို့ကြောင့် ထိုလမ်းဆုံရှိ အရက်ဆိုင် အကြော်ဆိုင်က လူပြတ်သည်မရှိ၊ စည်ကားလျက်ရှိသည်။

တစ်နေ့လုံး လူမပြတ်သော်လည်း သချိုင်းရှိနေသည့်အတွက် ညရှစ်နာရီကျော်လျှင်တော့ တစ်ယောက်စ နှစ်ယောက်စပင် အသွားအလာ မရှိတော့ပေ။

ကိုဇော်တစ်ယောက် သူငယ်ချင်း ထွန်းခင်၊ အေးသောင်းတို့နှင့် တုံတုန်း ကိုထွန်းခင်က အရက်တိုက်မည်ဆို၍ ကိုကျော်ထွန်း၏ အရက်ဆိုင်မှာ ထိုင်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြည်းအနေနှင့်ကတော့ ကြွက်သားကြော်၊ မြေပဲလှော်တို့ ဖြစ်သည်။ စကားလည်းပြော အမြည်းလည်းစား အချိန်ဆွဲပြီး သောက်နေကြသည်။

ကိုဇော်က အသက် (၃၅)နှစ်ကျော်ပြီး အိမ်ထောင်မပြုသေး၍ လူပျိုကြီးဘွဲ့ရထားသူဖြစ်သည်။ မိဘများနှင့်အတူနေပြီး လယ်ယာအလုပ် လုပ်နေသူဖြစ်သည်။

ကိုဇော်၏ သောက်ဖော်သောက်ဖက်များက ချောင်းရင်းရွာသားများဖြစ်ပေမယ့် ရွာမှာမနေကြ။

ဦးမြစံတဲစုမှာ တဲထိုးပြီး လယ်ယာကိုင်း လုပ်ကိုင်နေသူများဖြစ်သည်။

"ကဲ... ဇော်ကြီးသောက်၊ ညရှစ်နာရီကျော်နေပြီ ရွာထဲကို တစ်ယောက်ထဲ ပြန်ရမှာ မဟုတ်လား"

"တစ်ယောက်တည်းပြန်ရလဲ ဘာအရေးလဲကွ၊ ခါတိုင်းလည်း ပြန်နေကျပဲဟာ"

"ခါတိုင်း မင်းပြန်တဲ့အချိန်က ညခြောက်နာရီ ညခုနစ်နာရီလေ ... အခုရှစ်နာရီကျော်ပြီ၊ မီးလည်းမရှိ လရောင်လည်းမရှိ၊ သချိုင်းကုန်းဘေးက သွားရမှာ သရဲမကြောက်ဘူးလား"

"မကြောက်ပါဘူး ... သရဲကို နဂိုထဲကကို မကြောက်တာ၊





သူတို့နဲ့ငါနဲ့ အဖော်လိုက်ပေးမယ်ဆိုလည်း လိုက်ပစေပေါ့ကွာ စကားပြောဖော်ရတာပေါ့"

"ကိုဇော် ... မင်းအပြောမကြီးနဲ့"

"တကယ်ပြောတာ... သရဲမကြောက်လို့ ဒီအချိန်ထိနေတာ"

"အပြောလျှော့ ကိုဇော် မနေ့ကမှ သာသနာပြုကွက်သစ်က အပျိုကြီး မငွေစိန်သေသွားလို့ အသုဘလာချထားတာ လောလော လတ်လတ်ကြီးရှိသေးတယ်"

"ဟုတ်တယ် မနေ့က နေ့ခင်းပိုင်း လာချတာ လမ်းဘေးနဲ့ဆို ဝါးတစ်ပြန်လောက်ပဲရှိမယ်"

"မင်းကလည်း လူပျိုကြီးဆိုတော့ သူလိုက်ချင်လိုက်လိမ့်မယ်"

"လိုက်တော့လည်း ခေါ်သွားတာပေါ့ကွာ"

"ကဲပါ ... ထွန်းခင်ရယ် ... အရက်သောက်မယ့်ဟာ သောက်တာမဟုတ်ဘူး ... သရဲမအကြောင်းတွေ လျှောက်ပြောနေတယ်"

"အရက်က ကုန်တော့မယ် ထပ်ယူဦးမလား"

"မယူတော့ဘူး ... ငါ့ဗိုက်က လက်မခံတော့ဘူး"

"လက်မခံလည်း ပုလင်းထဲမှာ သုံးယောက် တစ်ခါထည့်စီ ဖြည့်လိုက်ရင်ပြီးပြီ ... မှုသောက်လိုက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါမသောက်တော့ဘူး ... ငါပန်းကန်ထဲ မထည့်နဲ့၊ ငါ့အတွက် ... ဇော်ကို ဖြည့်ပေးလိုက်"

"ရပါတယ် .. ငါသောက်လိုက်မယ် ... ငါအိမ်ပြန်ရောက်ရင် အမူးပြေသလောက်ရှိပြီ ... ထည့် ငါထဲထည့်"

ကိုဇော်က... ကိုအေးသောင်း၏ အရက်ကိုပါယူ၍ သောက်လိုက်သည်။

ကြွက်ကြော် ပန်းကန်ထဲမှ လက်ကျန်ကို ရှင်းလိုက်သည်။

"အမြည်းလည်းကုန်၊ အရက်လည်းကုန်ပြီ၊ ဆိုင်လည်းပိတ်ပြီ"

"ကဲ သွားကြမယ် ... ကိုကျော်ထွန်းရေ ... ပန်းကန်တွေ လာသိမ်းလို့ရပြီ ..."

"ရတယ် ... ရတယ် ... ကိုထွန်းခင်ထားခဲ့"

"ကဲ ဇော် ... အပျိုကြီးကို အဖော်သာခေါ်သွား ငါတို့တော့ မသွားရဲလို့ လိုက်မပို့တော့ဘူး"

"အေး ... သူလိုက်မယ်ဆို ငါခေါ်သွားမယ်"

"အပျိုကြီးဒေါ်ငွေစိန်ရေ ... ကျုပ်တို့သူငယ်ချင်းကို သူ့အိမ်အထိ လိုက်ပို့ပေးလိုက်ပါ ... သူတစ်ယောက်ထဲသွားရမှာ ပျင်းလို့တဲ့"

"ကဲ ... ဟော့ကောင်တွေ ငါ့အတွက် နောက်ဆံတင်းမနေ





ကြနဲ့ မင်းတို့တဲ မင်းတို့ပြန် ... ငါလည်းသွားပြီ"

ကိုဇော်လည်း အရက်ဆိုင်မှ ခြေလှမ်းကျဲကျဲနှင့် ထွက်ခဲ့သည်။

ခြေလှမ်းကျဲရသည်က အမြန်လျှောက်ခြင်းကြောင့် မဟုတ်ဘူး။ မူးနေသော ခန္ဓာကိုယ်၏ ယိမ်းထိုးနေမှုကို လဲမကျရန် လိုက်ထိမ်းနေရသည့်အတွက် ခြေလှမ်းကျဲကျဲဖြင့် သွားနေသလိုဖြစ်သည်။

ကိုဇော်က ရွာထဲဝင်လျှင် ခွေးများနှင့်တိုးပါက ဆူညံစွာ ဟောင်တတ်သည့်အတွက် တုတ်တစ်ချောင်းကိုင်သွားရန် ရည်ရွယ်ပြီး ကိုင်းရိုးတံကို ချိုးလိုက်သည်။

ကိုင်းရိုးတံက သေးနေသည်။ ခွေးရိုက်တုတ်လုပ်၍မကောင်းသဖြင့် လွှင့်ပစ်လိုက်သည်။

ရွာနားမရောက်ခင် လမ်းဘေးရှိ ချုံပင်မှ သစ်ကိုင်းချောင်း .. တစ်ချောင်းတွေ့၍ ချိုးလိုက်သည်။

"ဒီကောင်တွေပြောတဲ့ အပျိုကြီး၊ စကားပြောဖော်ရအောင် ငါနဲ့ အဖော်လိုက်ပေးရင် ဘယ်လောက်ကောင်းမလဲ"

ပါးစပ်ကပြောရင်း သစ်ကိုင်းကို ချိုးလိုက်သည်။ တကယ်တော့ သူပါးစပ်ကပြောရင်း ချိုးနေသောနေရာက အပျိုကြီးအလောင်းကို မြှုပ်ထားရာနှင့် ဆယ်ပေခန့်သာကွာသည်။

သစ်ကိုင်းချောင်းရတော့ တစ်လုံးလောက်မှန်းပြီး ထိပ်ပိုင်းချိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အရွက်များကိုလည်း သပ်ချလိုက်သည်။

ခွေးအပါအဝင် ပိုးမွှားကောင်တို့နှင့်ပါ စိုးပါက ရိုက်၍လည်း ရသည်။ ခြောက်လှန့်၍လည်း ရသည်။ မူးနေ၍ ခြေလှမ်းမှားနေသည်ကိုလည်း ထိန်းရန် တောင်ဝှေးလုပ်၍လည်း ရသည်။

သူတို့နေရာမှ ဆက်၍ လျှောက်လာစဉ် နောက်မှ တရှင့်ရှပ်နှင့် လျှောက်လာနေသည့် ခြေသံကို ကြားလိုက်သည်။

"ဟင် ... ခြေသံကြားလိုက်သလိုပဲ"

ကိုဇော် ရပ်ပြီး လှည့်ကြည့်လိုက်သည်။

နောက်မှာ အမျိုးသမီးတစ်ယောက်လိုလို မြင်လိုက်သည်။

"ဟ ... ဟိုကောင်တွေ ... လျှောက်ပြောတာနဲ့ ငါ့နောက်ကို လိုက်လာပြီ၊ ဘယ်လိုလုပ်ရမလဲ ... ငါကတကယ်မလိုက်ဘူး ထင်လို့ လျှောက်ပြောမိတာ"

သူ ရှေ့ကို ဆက်လျှောက်သည်။ နောက်ကသရဲမက သူလျှောက်သည့်အတိုင်း ရှေ့သို့ လိုက်လာသည်။

"ဟင်း... ရွာထဲအထိတော့ လိုက်လာမယ်မထင်ပါဘူး"

ကိုဇော်လည်း ယိုင်ထိုးယိုင်ထိုးနှင့် ရွာအဝင်လမ်းရောက်အောင် လျှောက်ခဲ့သည်။

သရဲမခြေသံကို ကြားနေရသဖြင့် လှည့်ကြည့်မိသည်။ ဒီတစ်ခါ





သရဲမကို မမြင်ရတော့။

သူသုသာန်ကျောင်းရှေ့ ရောက်ခဲ့ပြီ။ ရွာထဲဝင်ပြီ ဖြစ်သည်။ သူနောက်ကို မကြည့်ဘဲ ရိုးလေးပိုင်းရပ်ကွက်အတွင်း လျှောက်ခဲ့သည်။ သရဲမခြေသံက ပျောက်မသွား ကြားနေရသည်။

ဝုတ် ... ဝုတ် ... ဝူး ... ဝူး ... ဝူး ...

အချို့ခြံထဲမှ ခွေးက သရဲမကို မြင်သွားပုံရသည်။ လှမ်းဟောင်သည်။ ပြီးတော့ အူသံထွက်လာသည်။

ရွာထဲ ခြေလှမ်းသွက်သွက် လျှောက်ခဲ့သည်။

ရှပ် ... ရှပ် ... ရှပ် ... ရှပ် ...

သရဲမက ဖွဲကောင်းကောင်းနှင့် လိုက်နေသည်။

"ခက်တော့နေပြီ၊ ခွေးတစီစီနဲ့ သရဲမက ဘယ်အထိ ... လိုက်မှာလဲ"

မတတ်နိုင် ပြန်လှည့်ကြည့်မည်ဟု ဆုံးဖြတ်ပြီး ...

"မလိုက်နဲ့ ... ငါ့နောက်မလိုက်နဲ့တော့၊ ဒီ ရွာကို ရောက်နေပြီ"

လူက သရဲကို မမြင်ရပေမယ့် ခွေးတွေကတော့ မြင်ပုံရသည်။ ထိုးထိုးပြီး ဟောင်ကြသည်။

နောက်မှာ ကျန်ခဲ့သော ခွေးများက ဆွဲဆွဲငင်ငင် အူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူရှာထဲဝင်လာရတာလျှောက် ခွေးတစီစီ နောက်မှာကျန်ခဲ့သည်။

မကြာခင် အိမ်သို့ရောက်လာသည်။

အမေနှင့် အဖေက အသက် ၆၀ ကျော်ပြီ ကိုဇော်မှာ ညီမ တစ်ယောက်ရှိသည်။

အိမ်ထောင်ကျပြီး ကလေးနှစ်ယောက်ပင် ရနေပြီး လယ်ကွင်း ထဲမှာ ညအိပ်ညနေ ပြောင်းရွှေ့နေထိုင်ကြသည်။ ကိုဇော်လည်း စပါးမသိမ်းခင်အလုပ်အားနေ၍ အိမ်မှာရှိနေခြင်းဖြစ်သည်။

အလုပ်ချိန်ဆိုလျှင် ကိုဇော်လည်း ယောက်ဖနှင့်အတူ လယ်ကွင်း ထဲသို့ ဝင်ရသည်။

ကိုဇော် အိမ်ရောက်တော့ ကိုးနာရီကျော်ပြီ။ ခြေလက်ဆေး အိမ်ထဲဝင်ရန် ပြင်လိုက်ပါသည်။

ခြံဝမှာ သံရဲမ ရပ်နေသေးသည်ကို မည်းမည်းသဏ္ဌာန်ကြော သိလိုက်သည်။

မသဲမကွဲသဏ္ဌာန် မြင်ရအောင်ပြခြင်းမှာ သူလိုက်လာကြော သိစေရန်ဖြစ်သည်။

"ဟဲ့ ... ငဇော်လား"

'ဟုတ်ကဲ့ ... အဖေ"

"ခွေးတွေ ဆူလှချည်လား ... မင်း အရှည်တွေသော





လာပြန်ပြီ မဟုတ်လား"

"ခွေးအူတာနဲ့ အရှည်သောက်တာ ဘာဆိုင်လို့လဲ အဖေရ"

"တစ်လမ်းလုံးပြည့်အောင် လျှောက်နေတော့ ခွေးတွေ မျက်စိ နောက်ပြီး ဟောင်တာဖြစ်မှာပေါ့"

"ဟာ အဖေကလည်း မဟုတ်တာတွေ"

ကိုဇော် တံခါးမပိတ်ခင် ခြံဝသို့ လှည့်ကြည့်လိုက်မိသည်။ သရဲမက ခြံဝမှာ ရပ်လျက်ရှိသေးသည်။

သူပြန်နိုင်းသော်လည်း မပြန်၊ သူအိမ်ထဲဝင် အိပ်ပြီဆိုလျှင် သရဲမမှာ တာဝန်မရှိတော့၊ သူ့သချိုင်း သူပြန်ပေလိမ့်မည်။

ဒါပေမဲ့ ကိုဇော်ထင်ထားသလို ဖြစ်မလာပါ။

တစ်ညလုံးနီးပါး ခြံထဲပတ်လျှောက်နေသံ ကြားရသည်။ ခြေသံ က ခြံအနှံ့ တရှပ်ရှပ်ကြားနေရသည်။

အမေကလည်း ထိုခြေသံကို ကြားပုံရသည်။

"ဟဲ့ ... ငဇော် ထကြည့်စမ်း ခြံထဲမှာ သူခိုးများ ဝင်လား မသိဘူး၊ ခြေသံလိုလို ကြားနေရတယ်"

"ခွေးတွေ တစ်ကောင်နဲ့တစ်ကောင် လိုက်ရင်းကစားနေတာ ဖြစ်မှာပေါ့၊ အမေနဲ့အဖေ အိပ်ပျော်အောင် အိပ်ကြပါ။ သား မအိပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မူးမူးနှင့် အိပ်လိုက်ချင်ပေမယ့် ... သရဲမခြေသံကြောင့် တော်တော်နှင့် အိပ်မပျော်။

အချိန်က ညဆယ့်တစ်နာရီကျော်၍ ဆယ့်နှစ်နာရီထိုးကာနီး နေပြီ ... ထိုအချိန်မှာပဲ အသံတစ်သံကို နားထဲမှာ ကြားလိုက်ရသည်။

"ငါ့ကို ပြန်ပို့ပေး"

"ဟိုက် ... ငါ့ကို ပြန်ပို့ပေးလို့ ပြောတာလား မသိဘူး"

"ငါ့ကို ပြန်ပို့ပေး"

"ဟင် ... ငါ့ကိုပြန်ပို့ပေးလို့ ပြောနေတာပဲ"

သရဲမအသံကို ကိုဇော် အိပ်ထဲက ကြားနေရသည်။

"မလိုက်ပါနဲ့ဆို လိုက်လာပြီး သရဲကို ငါကပြန်ပို့ပေးရဦးမယ်တဲ့ ... မဟုတ်တာ"

"ငါ့ကိုပြန်ပို့ပေး"

အဖေနှင့်အမေကတော့ သရဲမစကားကို ကြားဟန်မတူ အေးအေးဆေးဆေး အိပ်နေကြသည်။ တစ်ညလုံးနီးပါး အိပ်ကိုပတ်၍ အော်နေသဖြင့် ကိုဇော်တစ်ယောက် အိပ်လို့မရ၊ နိုး၍လာသည်။

သို့ဖြင့် မကြာခင် မိုးလင်းလာသည်။





ထိုအခါ အိပ်ရာကနိုး၍ ရေနွေးကြမ်းသောက်နေသော ဖခင်အား အိပ်ရာထဲက မထသေးဘဲ သရဲမလိုက်လာသည့်အကြောင်းကို ပြောပြနေသည်။

"မင်းတို့ကောင်တွေကွာ၊ သရဲမကြောက်တာတော့ ဟုတ်ပါပြီ၊ ညမှောင်တဲ့အချိန် သရဲတွေကို ကိုယ်တွားရာ လျှောက်မခေါ်ရဘူး။ သတ္တိရှိလို့ပဲခေါ်ခေါ် လောင်းကြေးစားကြေးနဲ့ပဲခေါ်ခေါ် သရဲက လိုက်လာတတ်တယ်ကွ၊

အခု မင်းနောက်ကို လိုက်လာတဲ့ သရဲမက သူ့ကိုပြန်ပို့ပေးပါလို့ ပြောနေတာ နည်းနည်းထူးဆန်းတယ်၊

ပါးစပ်နဲ့ ခေါ်တာကိုတော့ ပြန်ပို့ခိုင်းမှာမဟုတ်ဘူး၊

ဘယ်လိုအကြောင်းကြောင့်ဆိုတာကို ငါလည်းမစဉ်းစားတတ်တော့ဘူး"

"ဟဲ ... အဖိုးကြီး မျက်နှာမသစ် သွားမတိုက်သေးဘဲ ရေနွေး ထိုင်သောက်နေတယ် ... ဒီမှာပဲပြုတ်နဲ့ ထမင်းဆီဆမ်းထားတယ်။ မျက်နှာသွားသစ်တော့"

ကိုဇော်၏ဖခင် ဦးလှမောင်လည်း မျက်နှာသစ်ရန် အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ဖိနပ်ချွတ် ကပြင်မှာ ထောင်ထားသော သစ်သားများကို မြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညက အိပ်ခါနီးအထိ အိမ်ရှေ့ကပြင်မှာ ဘာတုတ်ချောင်းမှမရှိ၊ တုတ်ချောင်းမှာ စိမ်းစိမ်းစိုစို ရှိသေးသည်။

"ဇော် ... ပေါ့ကောင် ဇော်"

"ဗျာ ... အဖေ ... ဘာခိုင်းမလို့လဲ"

"အိပ်ရာထဲက ထွက်မလာသေးဘူးလား၊ ညက အရက်တွေ အမူးသောက် လုပ်ချင်ရာလုပ်လာပြီး အိပ်မလို့ပြင်နေတာလား"

"မအိပ်တော့ပါဘူး၊ မထချင်သေးလို့ လှဲနေတာပါ"

"လာပါဦး ဒီအိမ်ရှေ့ကပြင်မှာ ထောင်ထားတဲ့ သစ်သားချောင်းက မင်းဟာလား"

"ဟုတ်တယ် ညက ခွေးတွေဟောင်မှာစိုးလို့ လမ်းက ချိုးပြီး ကိုင်လာတာ"

"ဘယ်က ချိုးလာတာလဲ"

"သချိုင်းထဲက"

"ဟာ ဒီခွေးကောင် ... မဟုတ်တရုတ်တွေ လုပ်ချလာပြန်ပြီလာ ... အခုထွက်လာခဲ့"

"အဖေကလည်း တစ်ညလုံး သရဲအိမ်ပက်ပြီး အော်နေလို့ မအိပ်ရတဲ့အထဲ"

"အေး မင်းလုပ်လာတဲ့အလုပ်က ဘယ်တော့မှ ... ကောင်းအိပ်ရမယ် မထင်နဲ့၊ သွား ... အခု အဲဒီသစ်ကိုင်းကို မင်းယူလာခဲ့တဲ့ သချိုင်းကိုပြန်ပို့"

"ဗျာ ဘာဖြစ်လို့လဲ"

"မင်းပဲပြောတယ်လေ ... သရဲမကို ငါနဲ့အဖော်လိုက်ခဲ့လို့ ခေါ်ရင်း သစ်ကိုင်းကို ချိုးခဲ့တာဆို မဟုတ်လား"

"ဟုတ်တယ်လေ"

"အေး ... အဲဒါကြောင့် သရဲမက သူ့ကို သချိုင်းထဲ ပြန်ပို့ခိုင်းနေတာပဲ"

"ဟုတ်လို့လား အဖေရာ ... ဘာဆိုင်လို့လဲ"

"ဒီမှာ ငါပြောပြမယ် ... လူတွေသေလို့ ရက်မလည်သေးဘဲ အသုဘမြေချခဲ့ရင် တရားနာလာခဲ့ဖို့ ဖိတ်ရတာကော သိလား"

"သိတာပေါ့အဖေရ"

"အေး တရားနာလာဖို့ ပါးစပ်ကဖိတ်ရင်း သစ်ခက်တစ်ခက်ကို ချိုးခဲ့ရတယ်။ ဝိညာဉ်က သစ်ခက်မှာ ပါလာတယ်။ ရက်လည်တရားနာပြီး ညနေပိုင်း အဲဒီသစ်ခက်ကို သချိုင်းပြန်ပို့ပေးရတယ်၊ ဒီ တို့ဓလေ့ထုံးစံပဲ၊ ပြန်မပို့ပေးရင် ဝိညာဉ်ကလည်း တရားနာပေမယ့် မကျွတ်မလွတ်သေးဘူးဆိုရင် အိမ်မှာ မသွားဘဲ နေတော့တာ၊



www.burmeseclassic.com

www.burmeseclassic.com



အခု မင်းက ... သရဲကို အဖော်ခေါ်ခဲ့ပြီး သင်္ချိုင်းထဲကလည်း သစ်သားချောင်းချိုးခဲ့သေးတယ်၊

သွား အခု သစ်ကိုင်းကို ... သင်္ချိုင်းထဲပြန်ပို့လိုက်။ ဒါဆို မင်းသရဲဝိညာဉ်လည်း ပြန်သွားလိမ့်မယ်"

"ကျိန်းသေတယ်ဆိုရင် ဗိုက်ပြည့်ပြီးတာနဲ့ ပြန်ပို့လိုက်မယ် ... တော်တော်ဆိုးတဲ့ အပိုကြီးပဲ ... ကိုယ့်ဟာကိုယ် ပြန်လို့ ရရဲ့သားနဲ့ ထိုးစံတွေ လာသုပ်နေသေးတယ်"

"ဟော့ကောင် စကားရှည်မနေနဲ့ မြန်မြန်စား၊ မြန်မြန်သွား ပစ်လိုက်၊ သွားပို့တဲ့အခါ မင်းရဲ့သရဲမကို ပြန်ပို့ပေးပြီ လိုက်ခဲ့ တော့လို့ ပြောပြီး ခေါ်သွား"

တို့ဦးလေးလည်း သူ့ပါးစပ်သရမ်းပြီး ခေါ်ခဲ့တဲ့ အပိုကြီး ဝိညာဉ်သရဲကို သင်္ချိုင်းပြန်ပို့ရတဲ့အထိ အဖြစ်ဆိုးခဲ့တယ်...။

"မင်းဦးလေးလည်း နောက်ကို သတိရှိရဲတော့မှာမဟုတ် ဘူး။ အပိုကြီးသရဲမနဲ့တင် သင်ခန်းစာရသွားမှာပဲ"

"ငါလည်း ငါ့အစ်ကိုကြီးပြောပြတဲ့ အဖြစ်လေးတစ်ခု ပြော မယ်။ သရဲအကြောင်းတော့ မဟုတ်ဘူး၊ ခွေးတွေ အသုဘချတဲ့ အကြောင်း၊ ထူးထူးဆန်းဆန်းလေး ပြောပြမယ်"

သောင်းမြင့် ဦးလေး သရဲအလိုက်ခံရသည့်အကြောင်း ပြောပြီး





သည်နှင့် တင်စိုးက စကားစလာသည်။

"ငါ့အစ်ကိုကြီးက ရန်ကုန်မှာနေတယ်၊ ပြီးခဲ့တဲ့လက ငါ့အဖေ ဆုံးလို့ ရွာကိုလာရင်း၊ သူ့တွေ့ခဲ့တဲ့အဖြစ်အပျက်လေးတစ်ခုကို ပြောသွားခဲ့တယ်"

"ဘာပြောတယ်၊ ခွေးအသုဘချတဲ့အကြောင်း ဟုတ်လား"

"ဟုတ်တယ်"

"စိတ်ဝင်စားတယ်ကွာ ... ပြောပြ"

"ဒီလိုကွ ... ငါ့အစ်ကိုက တောင်ဥက္ကလာ (၁၃)ရပ်ကွက်မှာ နေတယ်။ သူတို့က ... ကိုယ်ပိုင်အလုပ် လုပ်တဲ့လူတွေဆိုတော့ ညနေငါးနာရီလောက်ဆို ကျုံကြာဆုံဘုရားကို ရက်ခြားသွားပြီး ပုတီး စိပ်ကြတယ်၊ သန့်ရှင်းရေး တံမြက်စည်း သွားလှဲကြတယ်ပေါ့"

"တစ်ရက် ကျုံကြာဆုံဘုရားက ခြောက်နာရီခန့်မှာ ပြန်လာ ကြတယ်၊ နွေရာသီဆိုတော့ ခြောက်နာရီက မမှောင်သေးဘူး။ လင်းနေတုန်းပဲ၊

သူတို့ ကောလိယလမ်းအတိုင်း ရပ်ကွက်ထဲကို ပြန်ဝင် ခဲ့ကြတယ်။ ကျောက်တံတားနားအရောက်မှာ ကောလိယလမ်းပေါ်က တံတားဘက်ကို ခွေးသေတစ်ကောင် လူတစ်ယောက်က ဆွဲလာတာ တွေ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခွေးသေရဲ့နောက်မှာ ခွေး လေး၊ ငါး၊ ခြောက်ကောင် လိုက်လာတာမြင်ရတယ်၊ ငါ့အစ်ကိုတို့ လင်မယားအပြင် လမ်းပေါ်က လူတွေရော တံတားပေါ်ကလူတွေရော အမှတ်တမဲ့ပါပဲ”

“ခွေးသေကိုဆွဲလာရင်း တံတားနားလည်းရောက်ရော ခွေးတွေက ဟိုနားကထွက်လာ ဒီနားကထွက်လာ ဆယ်ကောင်လောက် ဖြစ်လာတယ်ကွဲ့...၊

ခွေးသေကိုဆွဲလာတဲ့ လူကလည်း တံတားဘေးအုတ်ဘောင်ပေါ်ကနေ ရေထဲကို ကြိုးကကိုင်ပြီး လွှဲပစ်ချလိုက်တယ်”

“ဗွမ်း”

ရေထဲကျတဲ့အသံကြောင့် တံတားပေါ်မှာ ဆည်းဆာအလှအရသာ ခံစားနေတဲ့လူတွေ ရေထဲကိုကြည့်မိကြတယ်။

ကမ်းပေါ်က ခွေးတစ်အုပ်ကလည်း ခွေးသေကျသွားရာသို့ လိုက်ပြေးဆင်းသွားကြသည်။

အဲဒီမှာပဲ သန်သန်မာမာ ခွေးငါးကောင် ရေထဲဆင်းသွားတာကို လူတွေ တွေ့လိုက်တယ်။

ထူးဆန်းတာ ခွေးတစ်ကောင်က ရေပေါ် ပေါ်နေတဲ့ ခွေးသေကောင်မှာ ချည်ထားတဲ့ ကြိုးကို ကိုက်ဆွဲပြီး ရှေ့က ကူးသွားတယ်။

ခွေးသေကောင်ရဲ့ဘေးနှစ်ဖက်မှာ ... ခွေးနှစ်ကောင်စီလိုက်ပါ



သွားတယ်။ ရေမြောင်းရဲ့ရေစီးအတိုင်း စုန်ပြီးပါသွားတယ်။

ကျန်တဲ့ခွေးတစ်အုပ်က ရေထဲမဆင်းဘဲ မြောင်းဘေးရေစပ်တလျှောက် ရေထဲကခွေးသေကို ဆွဲသွားတဲ့ ခွေးတွေနောက်က ပါသွားကြတယ် ...။

ရေမြောင်းက တောင်ဥက္ကလာပမြို့နယ် အသီးသီးကနေပြီး ငမိုးရိပ်ချောင်းအထိ ဟူးထားတဲ့ရေဆိုးထုတ်တဲ့ မြောင်းကြီးပဲ မျက်နှာပြင်အကျယ် ပေနှစ်ဆယ်လောက်ရှိတယ်။

အဲဒီခွေးအသုဘ ပို့တဲ့အဖြစ်အပျက်ကို လူတိုင်း ဖုန်းမကိုင်နိုင်သေးလို့ မှတ်တမ်းမတင်လိုက်နိုင်ဘူးလို့ အစ်ကိုက ပြောတယ်။

အဲဒီအဖြစ်အပျက်ကို ကြည့်နေကြတဲ့ လူတွေ တံတားပေါ်မှာ အပြည့်ပဲတဲ့၊ ခွေးတွေက ဘယ်အထိဆွဲသွားကြလည်းတော့ မသိဘူး။

မှောင်လာတာနဲ့ အစ်ကိုကြီးတို့ အိမ်ကိုပြန်ခဲ့တယ်လို့ ပြောတယ်။

“ကဲ ... တင်စိုး ပြောလို့ပြီးပြီ၊ ဘယ်သူပြောဦးမလဲ၊ ပြောစရာမရှိတော့ဘူးဆိုရင် ပြန်ကြမယ် ကိုးနာရီကျော်ပြီ”

“ဘာလဲ ခါတိုင်းဆို ဆယ်နာရီ ဆယ့်တစ်နာရီ မထိုးမချင်း ပြန်ဖူးလို့လား”

“မဟုတ်ပါဘူးကွာ ငါ မနက်လေးနာရီထပြီး ယောအိပ်ဖနဲ့

www.burmeseclassic.com

www.burmeseclassic.com



ထင်းခုတ်လိုက်ရဦးမယ်၊ ဆယ်နာရီမှ ပြန်မရောက်ရင် အဖိုးကြီး ကျိုင်လိမ့်မယ်”

“ဂုန်း”

“ဝရော”

“ဖျော…”

“ဟာ ခဲလုံးကြီးတွေရော … ခဲသေးသေးလေးတွေရော … ပေါက်နေတယ်”

“ဝရော”

“ဟာ … သဲတွေနဲ့ ပက်တယ်ဟ”

“မျိုးသိမ်း… မင်းပြောတဲ့ သရဲလာခြောက်တာနဲ့ တူတယ်”

“ဘုန်း … ဘုန်း … ဘုန်း”

“ဟိုက် … ထရံကို … နောက်က လာပုတ်နေတယ်”

“ဟုတ်တယ် … သရဲကတော့ … စခြောက်ပြီဟေ့”

“သွားကြမယ်ဟေ့ … ဒီကောင်ပြဿနာ ဒီကောင် ကြည့်ရှင်းပေတော့”

“မင်းတို့ ငါ့ကို သရဲနဲ့ ထားခဲ့မလို့လား”

မျိုးသိန်းတဲပေါ်မှ … သူငယ်ချင်းအားလုံး ပြန်ရန်ပြင်ဆင်ကြတော့သည်။





“မြင့်ဦး ဘယ်ရောက်သွားလဲ”

“စောစောကပဲ အပြင်ထွက်သွားတယ်”

“ဒီကောင် သရဲအယောင်ဆောင်ပြီး ခြောက်နေတာလား မသိဘူး”

“ဟုတ်လိမ့်မယ် ရှာကြကွာ”

မျိုးသိန်းနှင့် ကျော်ကြီးက ဓာတ်မီးတစ်လက်နှင့် လှည့်ပတ်ရှာသည်။ ဘယ်မှာမှ မတွေ့။

“ဟေ့ကောင်တွေ ဘာရှာနေတာလဲ”

“မြင့်ဦး ပျောက်သွားလို့ကွ”

“စောစောက ခဲတွေနဲ့ပစ်တာ မြင့်ဦး မဟုတ်ဘူး။ မြင့်ဦးက ကိုးနာရီမှာ သူ့ရည်းစားနဲ့ ချိန်းထားလို့ ငါ့ကိုပြောပြီး ထွက်သွားတာကြာပြီ”

“ငါတို့ မြင့်ဦးလို့ ပြောနေတာ မင်းမသိဘူးလား မျိုးလွင်”

“အမှတ်တမဲ့ ဖြစ်သွားတယ် … မင်းတို့သိရင် … သူ့ရည်းစားဆီ ရောက်တော့မှာ မဟုတ်ဘူးတဲ့။ ဒါကြောင့် ငါ့ကို အသိပေးပြီး လစ်သွားတာကွ”

“ကဲ မျိုးသိန်းရေ … မင်းရဲ့တူကို အားကိုးပြီး နေခဲ့ပေတော့။ ငါတို့တော့ သွားပြီ”



www.burmeseclassic.com

www.burmeseclassic.com



"သူ့တူက တော်တော်အားကိုးရတယ်။ ငါတို့ရဲ့စကားသံ ဒီလောက်ကျယ်တာ တို့ဘေးနား လာအိပ်ပြီး တစ်ခါမှ မနိုးဘူး"

"အဲကြောင့် ငါပြောတာပေါ့၊ ဒီကောင်က တဲကိုရောက်တာနဲ့ တားစရာရှိတာ လွန်လျော့စားပြီး ခေါင်းအုံးပေါ် ခေါင်းချတာနဲ့ အိပ်ပျော်သွားတာ၊

သူနိုးတဲ့အချိန်ကတော့ ... မိုးလင်းတဲ့အချိန်ပဲ ... ကြားမှာ တစ်ခါမှ မနိုးဘူး ... တကယ်ကို အားကိုးရပါတယ်ကွာ"

"ကဲ ... ကုက္ကိုပင်က ... သရဲကြီးရေ ... ကျွန်တော်တို့ သူငယ်ချင်း ကြောက်ချီးပါနေပါပြီ ... မခြောက်ပါနဲ့တော့"

"တော်ပါသေးရဲ့ ... ငါနဲ့များ လာအိပ်ခိုင်းမလားလို့၊ မင်းတို့အိမ်ကို အဖော်ထည့်ပေးလိုက်ရမလား ... ခေါ်သွားကြ ပါလား"

"စိတ်နဲ့တောင် မတွေးမိပါဘူးကွာ"

သူငယ်ချင်းအားလုံး ပြန်သွားသဖြင့် ... မျိုးသိန်းလည်း သိမ်းစရာရှိသည်ကို သိမ်းဆည်းရင်း ... ဘယ်အချိန် ခဲကျမလဲ ... နားစွင့်ရင်း ကျန်ရစ်ခဲ့တော့သည်။

❖ ❖ ❖ ❖ ❖



# သံယောဇဉ်ဝိညာဉ်ရဲ့ ငိုရှိုက်သံ

ချောင်းရင်းရွာအရှေ့ဘက် မျက်စိတဆုံး တမျှော်တခေါ် လယ်ကွင်းများ အပြည့်ရှိနေသည်။

ထိုလယ်ကွင်းများက မအူတန်းတွင် ဝါးကျည်းအိုင်တွင်း အောက်စုကွင်းတို့ဖြင့် တမျှော်တခေါ် ရှိနေသည်။

ထိုကွင်းများအားလုံး မြေဆီဩဇာကောင်းသဖြင့် နှစ်သီးစား စိုက်ပျိုးကြသည်။

မိုးအခါ စပါးစိုက်၍ နွေအခါ ကိုင်းသီးနှံအဖြစ် ပဲအမျိုးမျိုး ပြောင်း၊ ငရုတ်၊ ဆေး၊ ဖရုံ၊ ဖရဲ၊ သခွား၊ ခရမ်းချဉ် မျိုးစုံ စိုက် ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာနှင့်နီးသော ယာပိုင်ရှင်များက ညအိပ်ညနေ နေထိုင်ရန် တဲထိုးထားလေ့မရှိ၊ ယာယီတဲများသာထိုးပြီး မိုးကျသည်နှင့် ဖျက်ကာ ရွာမှလာပြီး လုပ်ငန်းခွင်ဝင်ကြသည်။

သိန်းဇော်တစ်ယောက် ရွာနှင့်မနီးမဝေး တစ်မိုင်သာသာ လောက်မှာ လယ်ရှိပေမယ့် သူများတွေလို ရွာမှ မနက်လာ ညနေပြန် မလုပ်နိုင်သဖြင့် လယ်ကွင်းထဲမှာ တဲအခိုင်အခန့်ထိုးပြီး နေသည်။

သိန်းဇော် အိမ်ထောင်ကျပြီးကတည်းက မိဘများကို ခွင့်ပန် ပြီး လယ်ကွင်းထဲမှာ လင်မယားနှစ်ယောက် လာနေခြင်းဖြစ်သည်။

လယ်ကွင်းထဲမှာပင် သားဦးလေးကို မွေးဖွားခဲ့သည်။

သားလေးပင် တစ်နှစ်ကျော်အရွယ်သို့ ရောက်ခဲ့သည်။

သိန်းဇော်တစ်ယောက် မိုးမကျခင် လယ်ကွင်းထဲမှာ ဆောက် ထားသော သုံးပင်ပတ်လည်တဲကို အမိုးအသစ် ပြန်မိုးလိုက်သည်။

နွားတင်းကုတ်ကိုလည်း ကိုင်းပင်များဖြင့် လုံခြုံအောင် ကာရံ ထားသည်။ နွားချေးများကို မြေအင်တုံဘက်မှ ပါးပါးသုတ်လိုက် သည်။

သို့မှသာ အပေါက်များ မရှိတော့ဘဲ နွားများအတွက် ခြင်လုံ ပေမည်။





အားလုံးပြီးပြတ်အောင် လုပ်ပြီးပြီ။

မိုးကလည်း တစ်ပြိုက်နှစ်ပြိုက် ရွာစပြုပြီ။

မိုးမှန်မှန်ရွာ၍ မြေသားအပေါ်ယံ စိုလာပြီဆိုလျှင် ယယ်စဝင်ရ တော့မည်။

တဲမှာက သိန်းဇော်နှင့် ယောက်ဖတော်သူ ခွေးပုကိုနှစ်ယောက် နေကြသည်။

ယခင်နှစ်များက တဲမှာ လင်မယားနှစ်ယောက် တစ်ဦးကည်း သော သားလေးနှင့်အတူ နွေရောမိုးပါ အလုပ်စုံလုပ်ရင်း အတူ နေခဲ့ကြသည်။

ပြီးခဲ့သောလအာ သားရော မိခင်ပါ တဲနှင့်မနီးမဝေးမှာ ဆိုင်ကယ် မှာက်၍ သေဆုံးသွားခဲ့သည်။

သားလေးက တစ်နှစ်သား နို့ပင် မခွဲသေး၊ ဇနီးဖြစ်သူက ရွာသို့ ခဏသွားချင်သည်ဆို၍ တဲနီးနားချင်း မိတ်ဆွေကလည်း ရွာသို့ ပြန်မည့်အချိန်နှင့် ကြုံကြိုက်၍ သိန်းဇော်က သားအမိ နှစ်ယောက်ကို ခွင့်တောင်း၍ ရွာသို့ ခေါ်သွားခိုင်းသည်။

တဲနီးနားချင်းမိတ်ဆွေ၏ ဆိုင်ကယ်နောက် ထိုင်ခုံလေးမှာ သားအမိနှစ်ယောက် စီးပြီး လိုက်သွားသည်။

တဲမှထွက်၍ မကြာခင်မှာပင် ဆိုင်ကယ်က ကျိုင်းနွားကို



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရင်း တာပေါ်က ဆိုင်ကယ်ရောလူများပါ လွင့်ကျကာ သား အမိနှစ်ယောက် အသက်သေဆုံးခဲ့သည်။

ဆိုင်ကယ်မောင်းသော လူရွယ်က ခြေထောက်တစ်ချောင်း ပေါင်လည်မှ ကျိုးသွားပြီး အသားကို ဖောက်ထွက်သွားသည်။

အသက်မသေသော်လည်း ခြေထောက်တစ်ချောင်းဖြတ်ပစ် လိုက်ရသည်။ ဆေးရုံမှပင် ထိုလူငယ် မဆင်းရသေး။

သေသွားသော သားအမိက မကျွတ်မလွတ် ရှိနေသည်။ ရက်လည်စဉ်က တဲမှာ တရားနာ ရေစက်ချ အမျှဝေခဲ့သော်လည်း သာဓုခေါ်ခဲ့ရပုံမပေါ်။

ရက်လည်ပြီးနောက်ပိုင်း ညဘက်ရောက်လျှင် တဲအနီးနားမှ ရှိုက်ကြီးတငင် ငိုသံကြားနေရသည်။

ငိုသံစကြားစဉ်က သိန်းဇော်တစ်ယောက်တဲပေါ်မှာ ရူးမတတ် ခံစားနေရသည်။

နောက်ပိုင်း ရက်ခြားဆိုသလို လာရောက်ငိုနေသည်။ ကြာ ရက်မှာ ဘုန်းကြီးငါးပါးပင့်၍ ပရိတ်ရွတ်လိုက်သေးသည်။

ညရောက်တော့ ငိုရှိုက်သံကို ပုံမှန်ကြားနေရသည်။

သိန်းဇော် ငိုရှိုက်သံကို စကြားရစဉ်က တဲအပြင်က သစ်ပင် ချုံပင်များကို လေတိုက်၍ ပွတ်တိုက်သံဟု ထင်ယောင်ထင်မှား





ဖြစ်နေ၍ လူသံဟု မထင်။

နောက်တော့ တဖြည်းဖြည်း အသံက ကျယ်လာသည်။

မိန်းမတစ်ယောက် ကြေကွဲဖွယ် ငိုရှိုက်သံ၊ တလှိုက်လှိုက် ထိန်းမနိုင်၊ သိမ်းမရ ငိုနေသည့် အသံမျိုး ကြားနေရသည်။

နောက်မှ ... မိန်းမတစ်ယောက် ငိုရှိုက်သံမှန်း သိလိုက် သဖြင့် ဓာတ်မီးယူ၍ တဲအပြင် ထွက်ခဲ့သည်။

ကျောပေးထိုင်ပြီး ကလေးလေးကို ပွေ့ချီထားသော မိမိ၏ သေသွားသော ဇနီးမှန်း သိလိုက်သဖြင့် ခေါင်းနပန်း ကြီးသွား ရသည်။

မငွေးရေ ... အမျှ ... အမျှ ... အမျှ ...

သိန်းဇော်က ကြောက်ကလည်းကြောက် စိတ်ထဲကလည်း မကောင်း၊ အသံတုန်တုန်ယင်ယင်နှင့် အမျှဝေလိုက်တော့ မျက်စိ အောက်မှာပင် ပျောက်သွားသည်။

သိန်းဇော်တဲထဲ ပြန်ဝင်လာခဲ့သည်။

ထိုအခါမှပင် ဇနီးနှင့်သားလေးအတွက် စိတ်မကောင်းဖြစ်ပြီး တံခါးကို ကျောမှီပြီး အားပါးတရ ငိုချလိုက်တော့သည်။

ရက်လည်ပြီး၍ သုံးရက်သာ ရှိသေးသည်။ ပြီးခဲ့သော ရက်များ က ရွာက နှစ်ဘက်သောမိဘဆွေမျိုးများ လာအိပ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ပိုင်း လာစောင့်အိပ်သူများ ပြန်ကုန်ကြပြီး မထွေး၏မောင် ခွေးပုက သိန်းဇော်နှင့် အဖော်အဖြစ် နေခဲ့ပေးသည်။

လာစောင့်အိပ်သူများ ပြန်ကုန်ပြီး ခွေးပုနှင့် နှစ်ယောက်တည်း ကျန်တဲ့ညမှ ... သေသူသားအမိက မကျွတ်မလွတ်ဘဲ ငိုသံပေး၍ လာခြောက်လှန့်နေသည်။

ငိုသံစကြားရသောညက ခွေးပုက အိပ်ပျော်နေပြီဖြစ်သည်။ သိန်းဇော်ငိုလို့ အားရမှ ခွေးပုကို နှိုးပြီး ပြောပြလိုက်သည်။

"မင့်အစ်မနဲ့ မင်းတူကို ငါတွေ့လိုက်တယ်၊ တဲနားမှာ လာငိုနေလို့၊ ငါလည်း ရောက်သွားရော ပျောက်သွားတယ်"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"လလည်ဆွမ်းကပ်ရင်း အမျှဝေလို့ သာဓုခေါ်နိုင်ရင် ကျွတ်လွတ်သွားမယ် ထင်တာပဲ"

"ဒီကြားထဲ ညတိုင်းခြောက်နေရင် ... ကျွန်တော် မအိပ်ရဘူးဗျ"

"ငါတစ်ယောက်လုံး ရှိပါသေးတယ်ကွာ"

သိန်းဇော်နှင့် ထွေးထွေးတို့ အသက်နှစ်ဆယ်အရွယ်မှာ အိမ်ထောင်ကျခဲ့သည်။ နှစ်နှစ်အတွင်း သားလေးပင်တစ်ယောက်ရခဲ့သည်။





သားလေး စကားပြောတတ်စအရွယ်မှာပင် သားအမိ နှစ်ယောက်လုံး သူ့အား ခွဲခွာသွားခဲ့သည်။

သေသည်ဟု ကြားရစဉ်က သိန်းဇော်တစ်ယောက် အပူမီးဝိုင်း နေခဲ့သည်။ ဇနီးနှင့်သားကို ချစ်လို့မှမဝသေး။ သားလေး တီတီတာတာ ပြောတတ်စအရွယ်မှာ သူ့အပါးမှ အပြီးအပိုင် ခွဲသွားသည်။

နောက်ပိုင်းတော့ စိတ်ကို ဖြေသိမ့်ပြီး နေခဲ့သည်။

ယခု ဇနီးနှင့် သားက မကျွတ်မလွတ်သေးဘဲ အနီးအနားမှာ ရှိနေသည်ကို သိရှိပြီးနောက်ပိုင်း ညည မျက်လုံးကြောင်ပြီး မိုးလင်းခဲ့ရသည်။

ညရောက်သည်နှင့် ဘယ်အချိန် ငိုသံကြားရမလဲဟု နားစွင့်နေမိခဲ့သည်။ စကြားရသောရက်မှ နှစ်ည လွန်မြောက်ခဲ့သည်။ ငိုသံ မကြားရသေး။

ညည့်နက်သည်အထိ ထူးထူးခြားခြား မည်သည့်အသံမှ မကြားရတော့သဖြင့် အိပ်ပျော်အောင် အိပ်လိုက်ရန် စိတ်ဆုံးဖြတ်လိုက်သည်။

ခွေးပုကတော့ ညကိုးနာရီမထိုးခင်ကတည်းက အိပ်ပျော်သွားပြီဖြစ်သည်။ ခွေးပုက ကြောက်တတ်သည် မထွေး၏ငိုသံရှိုက်သံ ကြားရပါက ခွေးပုကို မပြောပြတော့ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

တတိယမြောက်ညသို့ ရောက်ခဲ့သည်။ ထိုညမှာလည်း နားစွင့်



www.burmeseclassic.com

www.burmeseclassic.com



နေမိသဖြင့် တော်တော်နှင့် အိပ်မပျော်။

သန်းခေါင်ယံနီးလာတော့ တဲပြင်က ငိုရှိုက်သံလိုလိုကြားလိုက်သည်။

သူအိပ်ရာမှ ခေါင်းထောင်ပြီး နားစွင့်လိုက်သည်။ အသံကို သေသေချာချာကြားလိုက်သည်။

ဓာတ်မီးကိုင်ပြီး ခြင်ထောင်အပြင်သို့ ထွက်လိုက်သည်။ တဲအပြင်မထွက်ဘဲ သေချာနားစွင့်နေမိသည်။

ငိုသံက တဲအနီးမှမဟုတ်၊ တဲနှင့်အတန်ငယ်လှမ်းသည်ဟု မှန်းမိသည်။ သူအပြင်ထွက်သွားပါက ပျောက်ကွယ်သွားမှာလည်း စိုးမိသည်။

မထွေး ငိုသံကြားမှ ကလေးငိုသံ တစ်ချက်တစ်ချက်ကြားလိုက်မိသည်။

သိန်းဇော်စိတ်ထဲမကောင်းဖြစ်နေသည်။ ငိုရှိုက်သံက သူ့ရင်ကို ကိုင်လှုပ်နေသကဲ့သို့ရှိသည်။

သူတို့သားအမိကို ထွက်တွေ့လိုက်ချင်သည်။ ဘာကြောင့် အဝေးသို့ မသွားနိုင်ဘဲ၊ ငိုနေရသည့်အကြောင်းကို သိခွင့်ရလျှင် သိချင်နေသည်။

ငိုသံက တိုးလိုက်ကျယ်လိုက်နှင့် မှန်မှန်ကြားနေရသည်။





သိန်းဇော်၏ မျက်လုံးများက မျက်ရည်တို့ စီးကျလာသည်။

ဘာကြောင့်များ လာငိုနေရသနည်း။ ဘာပြောချင်လို့လဲ၊ သူ့ကိုများ စိတ်မချလို့လား သိချင်သည်။

ဒါပေမဲ့ သူခြင်ထောင်အပြင်ဘက်မှာ မလှုပ်မယှက် ထိုင်နေသည်။ အပြင်ဘက်က ဝမ်းပမ်းတနဲ ငိုရှိုက်သံကိုလည်း ကြာကြာ နားမထောင်နိုင်တော့။

"သွားပါတော့ မထွေးရယ်.. သွားပါတော့"

သိန်းဇော်ငိုရှိုက်ရင်း ပြောနေမိသည်။

ခဏအကြာ ငိုရှိုက်နေသော အသံပျောက်သွားသည်။

သိန်းဇော်လည်း ခြင်ထောင်အတွင်း ပြန်ဝင်ပြီး အိပ်ပျော်အောင် ကြိုးစား အိပ်လိုက်တော့သည်။

သို့ဖြင့် နှစ်ရက်ခြား သုံးရက်ခြား ဆိုသလို သန်းခေါင်နားနီးသည်နှင့် ငိုရှိုက်သံကြားခဲ့ရသည်။

ဝိညာဉ်သားအမိက ရက်ခြားလာငိုနေသော်လည်း သိန်းဇော်ကတော့ ညတိုင်း သေသွားသူ သားအမိ လာငိုတတ်သော အချိန်ကျော်သည့်တိုင် မအိပ်ဘဲ စောင့်စားနားစွင့်နေခဲ့သည်။

ညစဉ်ညတိုင်း အိပ်ရေးပျက်ခဲ့၍ မျက်လုံးဟောက်ပက် ဖြစ်ကာ ခန္ဓာကိုယ်က ပိန်လှီလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွေးပုက မနေနိုင်၍ သိန်းဇော်ကို မေးမိသည်။ သိန်းဇော်က ခွေးပုအား မပြောပြဟု ဆုံးဖြတ်ထားသော်လည်း ရင်ထဲပေါ့သွားအောင် ပြောပြလိုက်သည်။

ထိုဝိညာဉ်သားအမိ ရက်ခြားလာပိုနေသည့်သတင်းကို ခွေးပုရှာသုံ့ ကိစ္စရှိ၍ပြန်တိုင်း နှစ်ဘက်ဆွေမျိုးမိဘများကို ပြောပြသည်။

သို့ကြောင့် လပတ်ဆွမ်းကပ်ရက်မတိုင်ခင်၊ ဘုန်းကြီးငါးပါး ပင့်၍ ပရိတ်ရွတ်စေသည်။

သိန်းဇော်က ထိုကိစ္စကို ဆန့်ကျင်ပြီး တားသည်။ လပတ်ဆွမ်းကပ်ပြီး တရားနာ အမျှဝေ၍ သာဓုခေါ်ပြီး လွတ်ရာကျွတ်ရာ သွားစေချင်သည်။

ဘုန်းကြီးပင့်၍ ပရိတ်ရွတ်ပြီး မနှင်စေချင်၊ လူကြီးများက မကျွတ်မလွတ် သေးသည့်ဝိညာဉ် ခြောက်လှန့်မှုခံနေရသော သားဖြစ်သူကို မထိတ်လန့်စေချင်၍ဟု အကြောင်းပြသည်။

သိန်းဇော် မည်မျှတားနေသော်လည်း မိဘများက ဘုန်းကြီးငါးပါး တဲကိုပင့်လာပြီး ပရိတ်ရွတ်စေသည်။

ပရိတ်ရေများ ဆန်မန်းပေါက်ပေါက်များ ဝန်းကျင်အနှံ့ ကြဲပတ်စေသည်။

သို့ပေမယ့် လူကြီးတွေ ဖြစ်စေချင်သလိုဖြစ်မလာခဲ့။ ဝိညာဉ်





သားအမိက ရက်ခြားဆိုသလို လာ၍ငိုနေသည်။

တစ်ရက်ပြီးတစ်ရက် ကုန်လွန်ခဲ့ရာ လပတ်ဆွမ်းကပ်ရမည့်ရက်သို့ ရောက်ခဲ့သည်။ တဲမှာ ဘုန်းကြီးငါးပါး ဆွမ်းကပ်ရန် နှစ်ဖက်မိဘ ဆွေမျိုးများလာပြီး လုပ်ကိုင်နေကြသည်။

ညခုနစ်နာရီခန့် ဝိုင်းဝန်းလုပ်ကိုင်ပေးနေကြသော အမျိုးသမီးများမှ တစ်ယောက်က တုန်တုန်ဖြစ်လာပြီး ဟီးတိုက်ကာ ငိုရှိုက်နေတော့သည်။

"ဟဲ့ ... ဟဲ့ ... အခု ငိုနေတာ လှခင်မဟုတ်လား ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်မှန်းမသိဘူး အရီးတင်၊ ရုတ်တရက် ထိုင်နေရာက ... ထငိုတာ"

"ကဲ ... ကဲ ... အားလုံး အနားက ဖယ်ကြစမ်း"

အရီးတင်ဆိုသူက သေဆုံးသူ မထွေး၏ အဒေါ်ဖြစ်သည်။

"ဟဲ့ ... လှခင် ဘာဖြစ်တာလဲ ပြောစမ်း"

"ဟီး ... ဟီး ... ဟီး ..."

"ကဲ ... လှခင်မဟုတ်ရင် ဘယ်သူလဲ ပြောစမ်း"

"ကျွန်မ ထွေးထွေးပါ"

"ဘာဖြစ်လို့ ကိုယ်သွားရမယ့်ခရီး မသွားဘဲ ... ညည[illegible]ပြီး



www.burmeseclassic.com

www.burmeseclassic.com



ငိုနေရတာလဲ ပြောစမ်း”

“ကိုသိန်းဇော်ကို စိတ်မချလို့”

“စိတ်မချရအောင် သိန်းဇော်နဲ့ ထွေးထွေးနဲ့က ဘဝခြားသွား ပြီမဟုတ်လား”

“ဘဝခြားပေမယ့် စိတ်မချဘူး။ ကျွန်မတို့သားအမိ သေရတာ လည်း မသေသင့်ဘဲ သေခဲ့ရတာ”

“ဘာပြောတယ် ... ထွေးထွေးတို့ သားအမိက ဆိုင်ကယ် မတော်တဆဖြစ်ပြီး သေခဲ့ရတာ မဟုတ်လား”

“မတော်တဆ မှောက်တာမဟုတ်ဘူး။ တမင်မှောက်အောင် လုပ်လို့ သေခဲ့ရတာ”

“ပြောပြစမ်းပါဦး”

အားလုံး စိတ်ဝင်စားပြီး အနီးသို့ လူတွေတိုးလာတော့သည်။

“ကိုသိန်းဇော်ရဲ့ သူငယ်ချင်းက ကျွန်မလည်း ဆိုင်ကယ်ပေါ် ပါသွားရော ရည်းစားစကားပြောတယ်၊

ကျွန်မက မသင့်တော်ဘူး ... မပြောနဲ့လို့ပြောတာ။ သူက အတင်းဆက်ပြောတယ်။ ကျွန်မကို အိမ်ထောင်မကျခင်ကတည်းက ကြိတ်ပြီးချစ်ခဲ့တာတဲ့ ... အခု သူ့ကို ပြန်ချစ်မလား၊ မချစ်ဘူးလား တဲ့ ... မချစ်ဘူးဆိုရင် ဆိုင်ကယ်မှောက်ပြီး သေအောင်လုပ်ပစ်





မယ်တဲ့၊

သူမသေသေးဘူးဆိုရင် သိန်းဇော်ကို သတ်ပစ်မယ်တဲ့၊

ကျွန်မက ပြန်မချစ်နိုင်ဘူးလို့ ငြင်းဆန်တာနဲ့ ဆိုင်ကယ် ကိုမောင်းရင်း ဟိုကွေ့ ဒီကွေ့လုပ်ပြီး ခြောက်တယ်။ ကျွန်မက အော်တယ် ... အဖြေမပေးတဲ့အတွက် အကုန်သေအောင် လုပ်မယ် လို့ပြောရင်း ကျင်းချိုင့်ထဲကို ဆိုင်ကယ်ရှေ့ဘီးကျသွားတယ်၊

တာပေါ်ကနေ တာအောက်ကို ဆိုင်ကယ်ဂျွမ်းပစ်ပြီး ကျသွား တဲ့အတွက် ကျွန်မနဲ့ ကျွန်မသားလေးသေခဲ့ရတယ်၊

ကျွန်မတို့သေသွားပေမယ့် ကိုသိန်းဇော်ကို သူလာသတ်မှာ စိုးရိမ်ပြီး စိတ်မချလို့ တရားမနာ၊ သာဓုမခေါ်ပဲ နေခဲ့တာ”

“ကဲ... ကဲ... အခု အားလုံးအဖြစ်မှန်ကိုသိသွားပြီ သမီး ယောက်ျားကို အဲဒီကောင် လာသတ်လို့ မရတော့ပါဘူး ... သွားရမယ့်ခရီးကိုသာ စိတ်ချလက်ချသွားပါ”

“သမီးတို့ သားအမိကို အသက်ဆုံးအောင် လုပ်တဲ့ကောင် ခြေတစ်ဖက်ဖြတ်ပစ်လိုက်ရပြီ။ သူ့အပြစ်သူခံရအောင် ရဲတိုင်ပေး ပါ့မယ်”

သိန်းဇော်ကလည်း မျက်ရည်များ တစ်ပေါက်ပေါက်ကျရင်း နှစ်သိမ့်စကားလာပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မထွေး ... မင်းကိုယ့်ကို စိတ်မချမဖြစ်နဲ့တော့၊ သွားရမယ့်ခရီး ... နောက်ဆံမတင်းပဲသွားပါ။ ကိုယ်တို့ပြုတဲ့ ... ကုသိုလ်အလှူမှန်သမျှ အမျှဝေရင်း ... သာဓုခေါ်ပါ ..."

"ဟီး ... ဟီး ... ဟီး ... ဟင်း ... ဟင်း..."

"ထွေးထွေး ... သမီး စိတ်မကောင်းမဖြစ်ပါနဲ့။ သွားရမယ့်ခရီး ဖြောင့်ဖြောင့်သွားပါ"

အားလုံးရဲ့စကားဆုံးသည်နှင့် တစ်ချက်နှစ်ချက် ရှိုက်လိုက်ကာ မလှခင်လည်း ထိုင်နေရာမှ လဲကျသွားသည်။

မလှခင်အား ဝိုင်း၍ ယပ်ခပ်ပေးကြသည်။

ခဏကြာတော့ မလှခင် ထထိုင်သည်။

"ကဲ ... အခုကိစ္စ ဘယ်လိုလုပ်မလဲ သိန်းဇော်တို့များ ကိုယ့်မိန်းမကို နောက်ပိုးကြိုက်နေတဲ့ အကောင်နဲ့များ စိတ်ချလက်ချ ထည့်လိုက်ရတယ်လို့"

"ကျွန်တော် ဒီကိစ္စကို မသိဘူးအမေ။ အခု မထွေးပြောမှ သိရတာ။ ဒီကောင်က ကြိတ်ပြီး ဆင်ကြံ ကြံနေတာ မသိလို့ ထည့်ပေးလိုက်မိတာ"

"ကဲပါ ... ဘယ်သူ့ကိုမှ အပစ်တင်မနေနဲ့တော့ မနက်အတွက် လုပ်စရာရှိတာကိုပဲ လုပ်ကြ"





နောက်နေ့ရောက်တော့ တဲဝိုင်းအတွင်းမှာ အသေးစားအလှူလေးတစ်ခု လုပ်ဖြစ်သည်။ မထွေးတို့ သားအမိသေဆုံးသွားပြီးနောက် တစ်လပြည့် လပတ်ဆွမ်းကျွေးပွဲဖြစ်သည်။

အနီးအနား တဲစုများမှ အသိမိတ်ဆွေများ နှစ်ဖက်မိဘများနှင့် ဖိတ်ကြားထားသူများ စုပေါင်းတရားနာကြသည်။

တရားနာသည့်အချိန်မှာ သိန်းဇော် တဲအပြင်သို့ထွက်၍ မထွေးတို့သားအမိကို တရားနာဖိတ်လိုက်သည်။

ထို့နောက် တရားနာပြီး ရေစက်ချ၊ အမျှပေးဝေလိုက်သည်။ တမလွန်ရောက် မထွေးထွေးလည်း ကလေးကိုပိုက်ပြီး တရားလာနာပါသည်။

သူ့ယောကျ်ားအတွက်လည်း စိတ်ချသွားခဲ့ပါပြီ။ သူတို့သားအမိအား သေအောင်လုပ်ခဲ့သူကို အားလုံးသိသွားပြီဖြစ်သဖြင့် သာဓုခေါ်ပြီး သူသွားရမယ့်ခရီး သွားရန်ဆုံးဖြတ်ခဲ့သည်။

သို့ကြောင့် ... သာဓုကို လိုလိုချင်ချင်ခေါ်ခဲ့သည်။ သာဓုသုံးကြိမ်ခေါ်ပြီးသည်နှင့် ထိုနေရာမှ အဝေးတစ်နေရာသို့ လွင့်မျောထွက်ခွာသွားရပါလေတော့သည်။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အရှက်အတွက်
# အမျက်မပြေတဲ့စုန်းမ

ချောင်းရင်းရွာတောင်ပိုင်းက မောင်အေးမြင့်တို့ လူငယ်တစ်စု ခွေးပုရဲ့အဖွား ဒေါ်ပန်းပွင့်နှင့် အတော်လေးခင်မင်ကျွမ်းဝင်ကြသည်။

ဒေါ်ပန်းပွင့်က အမည်နှင့်လိုက်အောင် အမြဲပြုံးချိုနေသည်။ ခြံကကျယ်လွန်းသဖြင့် ကလေးများ လာကစားကြသည်။

ဒေါ်ပန်းပွင့် မြေး ခွေးပု၏ သူငယ်ချင်းများဖြစ်သော မောင်အေးမြင့်၊ ပေစိ၊ အေးချို၊ ဝက်ပေါ၊ ကုလားလေးတို့ ခြံထဲ လာဆော့၍ နေ့ခင်းရောက်လျှင် အစာပြေစားစရာတစ်ခုခု လုပ်ကျွေးတတ်သည်။

ရွာထဲမှ လူကြီးများက သူတို့အုပ်စုကို မိမနိုင် ဖမနိုင်လေးများဟု အမည်ပေးထားကြသည်။





ဒေါ်ပန်းပွင့်ကတော့ ထိုသို့မဟုတ် ချစ်စရာကောင်းသော ကလေးတွေ အဖြစ်ကင်းစင်တဲ့ စိတ်လေးတွေနဲ့ ကူညီချင်စိတ် အပြည့်ရှိတဲ့ ကလေးတွေဟု သဘောထားကာ သူတို့ခွေးပုနှင့် လာကစားတိုင်း စားစရာများလုပ် ကျွေးမွေးလေ့ရှိသည်။

ဒေါ်ပန်းပွင့်က အိမ်မှာတစ်ယောက်တည်း နေသည်။ ဒေါ်ပန်းပွင့်မှာ သားနှင့်သမီးနှစ်ယောက်ရှိသည်။ နှစ်ယောက်လုံး အိမ်ထောင်ကျပြီး အိမ်ထောင်ခွဲများဖြစ်သည်။

သမီးဖြစ်သူက အိမ်ထောင်ကျပြီး တစ်ခြားရွာမှာ နေကြသည်။ သားဖြစ်သူကလည်း ဇနီးဖြစ်သူနှင့်အတူ ယောက္ခမအိမ်မှာနေသည်။

ဒေါ်ပန်းပွင့်အိမ်နှင့် သုံးအိမ်သာခြားသည်။ မိခင်ကြီးနှင့် မဝေးသဖြင့် မိခင်ကြီးအား ကြည့်ရှုရန် အဆင်ပြေသည်။ သားဖြစ်သူ ခွေးပုအား အဖွားနှင့် သွားနေစေသည်။

ခွေးပုတို့ သူငယ်ချင်းတစ်စုက စတုတ္ထတန်း ကျောင်းသားများဖြစ်သည်။

ဒေါ်ပန်းပွင့်က တစ်ယောက်တည်းနေပေမယ့် ကျယ်ဝန်းလှသော ခြံအတွင်း၌ အသီးအနှံမျိုးစုံ ရာသီအလိုက်စိုက်သည်။ ဗူး၊ သခွား၊ ပဲတောင့်ရှည်၊ ပဲပုစွန်တို့ စင်တင်စိုက်ထားပြီး နေ့လည်ခင်း၌ ခြံဝမှာ ခုံတစ်လုံးချကာ တင်ရောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် ခူးသမျှ ရောင်း၍ ကုန်သည်။ ရောင်း၍ရသော ပိုက်ဆံကို စုသည်။

သားနှင့်သမီးတို့ကပေးသော ထောက်ပံ့ငွေကိုလည်း စုသည်။ ထိုငွေထဲမှ တချို့ကို လှူသည်။ တစ်ချို့ကိုလည်း အသိမိတ်ဆွေ အနည်းငယ်တို့ကို ချေးထားသည်။

ငွေချေးသူအားလုံး ပြောသည့်အတိုင်း ပြန်ပေးကြသည်။ အတိုးလည်း နည်းနည်းသာယူသည်။

ဒါပေမဲ့ လမ်းထိပ်ရှိ ဒေါ်တုတ်ကို ချေးထားသည့်ငွေကတော့ ပေးချင်သလိုပေးသည်။ ဂတိဘယ်တော့မှ မတည်၊ တစ်လချေးလျှင် တစ်လခွဲ နှစ်လနီးပါးမှ ပြန်ပေးသည်။

အတိုးကတော့ ရက်မည်မျှလွန်လွန် တစ်လတိုးပင်ဖြစ်သည်။ စချေးငှားသွားစဉ်က နှစ်လယူမည်ဟု ပြောသွားလျှင် နှစ်လထက် ရက်မည်မျှလွန်လွန် သုံးလပင်ဖြစ်သွားပါစေ၊ နှစ်လတိုးပဲပေးသည်။

သူ့ဘက်က မည်မျှဂတိပျက်ပျက် သူကြွေးဆပ်ပြီး မကြာခင် ပြန်ယူလေ့ရှိသည်။

ဒေါ်တုတ် ကြွေးပြန်ဆပ်မည့်ရက်လွန်နေ၍ ခွေးပုနှင့် သူငယ်ချင်းများကို ဒေါ်ပန်းပွင့်က ကြွေးတောင်းလွှတ်လိုက်သည်။

ခွေးပုငပ ြ်း အေးမြင့်တို့အုပ်စုကိုခေါ်၍ ဒေါ်တုတ်အိမ်သို့





ထွက်ခဲ့သည်။

ဒေါ်တုတ်ထံ အကြွေးသွားတောင်းခိုင်း၍သာ သူတို့ထွက်လာရသည်။ ဒေါ်တုတ်က ဒေါ်ပန်းပွင့်ကဲ့သို့ သဘောမကောင်း မျက်နှာပေါက်ကလည်း ဆိုးလှသည်။

ကလေးတစ်စုက ဒေါ်တုတ်ကို စုန်းမကြီးတစ်ယောက်ဟု အထင်ရှိကြသည်။ အမြင်မှာလည်း ကြောက်စရာ ကောင်းလှသည်။

ခွေးပုတို့ လူငယ်တစ်စု ဒေါ်တုတ်ခြံဝမှာ ရပ်နေကြသည်။ အိမ်ထဲမဝင်ဝံ့၍ ခြံဝမှာ ပြူတစ်ပြူတစ် ဖြစ်နေကြသည်။

"ဟော့ကောင် မင်းဝင်လေ ... မင်းအံ့ဖွားပိုက်ဆံ မဟုတ်ဘူးလား"

"ငါမဝင်ရဲဘူး ... အဲဒီအဘွားကြီးက စုန်းမကြီး"

"ဟော့ကောင်လေးတွေ ခြံဝမှာ ဘာလုပ်နေတာလဲ"

"ဟို ... ဟို ... အဖွားလွှတ်လိုက်လို့"

"ဘယ်ကအဖွားလဲ"

ဒေါ်တုတ်၏ အသံကြောင့် ခွေးပု အားတက်သွားပြီး အသံပြုလိုက်သည်။

"သား ... သား ... တို့အဖွား ဒေါ်ပန်းပွင့်လွှတ်လိုက်လို့ပါ"

"ဘာ ... ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ... ဟို ..."

ဒေါ်တုတ်၏အသံပြတ် အမေးကြောင့် ခွေးပုရွေ့သို့ စကား မဆက်နိုင် ဖြစ်သွားသည်။

"ဟော့ ကလေးတွေ ငါ့ပိုက်ဆံ မရှိသေးဘူး၊

ငါ့မှာ ပိုက်ဆံရှိတဲ့နေ့ ... ငါကိုယ်တိုင် လာပေးမယ်လို့ ပြောလိုက် ကြားကြလား"

"ဟုတ် ... ဟုတ်ကဲ့"

"အားလုံး ငါ့ခြံရှေ့မှာ ရုတ်ရုတ်လာလုပ်မနေနဲ့။ အားလုံး ပြန်ကြ ... ဟဲ့ကောင်လေးတွေ ငါ့လောက်လေးဂွနဲ့ပစ်လိုက်မယ်"

အားလုံး ညှိထားသကဲ့သို့ ပြိုင်တူ သုတ်ခြေတင်ကြလေတော့ သည်။

ခပ်လှမ်းလှမ်းရောက်မှ ပေစိက

"ဟော့ကောင်တွေ ခဏနေဦး။ ဒီအဖွားကြီးက စုန်းမကြီးဆို ဟုတ်လား"

"ဟုတ်တယ် ... စုန်းမကြီး"

"ဒါဆို အဲဒီစုန်းမကြီးကို တို့ရွာက နတ်ကတော် ဒေါ်ခင်ညွန့် ကို တိုင်ပြီး နတ်တွေတွေနဲ့ နှိမ်နင်းခိုင်းကြမယ်လေ"

"ပ-- ... နတ်ကတော် ဒေါ်ခင်ညွန့်ကလည်း စုန်းမကြီးကို





နိုင်မှာမဟုတ်ဘူး"

"နတ်ကတော်နဲ့ တိုင်လို့မဖြစ်ရင် ဘယ်သူ့တိုင်မလဲ"

"ကုလားလေးတို့အဖိုးက ပယောဂတွေကုတယ်၊ စုန်းပြုစား တာတွေလည်း ကုတယ်လို့ ငါ့အမေ ပြောဖူးတယ်"

"ကုလားလေး မင်းအဖိုးက ဆရာလား"

"ဟုတ်တယ် ... ငါ့အဖိုးက စုန်းတွေ ကဝေတွေ အကုန် ကုတယ်။ သူမနိုင်ရင် သင်္ချိုင်းကုန်းထဲက သရဲမကြီး မဖဲဝါကို အကူအညီ တောင်းပြီး နှိမ်နင်းတယ်"

"မင်းက တွေ့ဘူးလို့လား"

"ငါ့အမေပြောတာကွ"

"ဟော့ကောင် ကုလားလေး မင်းခုနက ဘာပြောလိုက်တယ်"

"ငါ့အဖိုးမနိုင်တဲ့ စုန်းကဝေတွေကို သရဲမကြီးမဖဲဝါကို အကူ အညီတောင်းပြီး နှိမ်နင်းတယ်တဲ့"

"ဟာ ... မင်း မဟုတ်တာတွေ လျှောက်ပြောနေတယ်"

"မဖဲဝါဆိုတာ သရဲလည်းမဟုတ်ဘူး။ သင်္ချိုင်းမှာလည်းမနေ ဘူး၊ လူကွ ... လူ"

ဒီကောင် ... မဟုတ်က ဟုတ်ကတွေ လျှောက်ပြောနေတယ်၊ မဖဲဝါဆိုတာ လူမဟုတ်ဘူး၊ သရဲမကြီး သင်္ချိုင်းမှာ စောင့်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ငှါ့အဖိုးက မကြာမကြာ မဖဲဝါကို အကူအညီတောင်းပြီး အစိမ်းသရဲတွေကို နှင်တယ်တဲ့"

"ငါပြောတာ မင်းတို့က မယုံဘူး။ မဖဲဝါက သဘောကောင်းတယ်။ အဲသက်က ငှါ့အမေအရွယ်လေး ကဲ့ ရှိတယ်"

မောင်အေးမြင့်က အသေအချာ ရှင်းပြသည်။

"ပြီးခဲ့တဲ့ မိုးဦးကျတုန်းက အဖေ့ကို ဈေးကဝယ်လာတဲ့ ငါးခြောက်၊ ကြက်သွန် စားစရာတွေ ညနေကျောင်းကလွှတ်တော့ အမေက သွားပို့ခိုင်းတယ်၊

ငါသွားပို့တော့ အဖေကတဲမှာ မရှိဘူး၊ အဖေ တဲကို ပြန်ရောက်တဲ့အထိ စောင့်လိုက်တာ မိုးချုပ်သွားတယ်၊

မိုးချုပ်ပေမယ့် လှည်းကြုံရှိတယ်ဆိုပြီး ငှါ့ကိုလှည်းကြုံနဲ့ ရွာကို ထည့်ပေးလိုက်တယ်။ လှည်းကြုံက ရွာထဲမဝင်ဘဲ ရှေ့ကို ဆက်မောင်းသွားတယ်၊

ငှါ့ကိုတော့ ရွာအဝင်လမ်းဆုံမှာ ချပေးခဲ့တယ်၊ ငါလည်း လူကြုံစောင့်ရင်း ညရှစ်နာရီကျော်သွားတယ်၊ တစ်ယောက်မှ ရွာဝဲ သွားမယ့်လူ မရှိဘူး"

"မိုးကရွာ၊ မှောင်ကလည်းမှောင် သချိုင်းဘေးလမ်းက ရွာဝဲ သွားရမှာဆိုတော့ ငါမသွားရဲဘူး၊ ငါကြောက်လို့ ငိုနေတုန်း ငှါ့အမေ





အရွယ်လောက်ရှိတဲ့ အဒေါ်ကြီးတစ်ယောက် ရောက်လာတယ်"

"သားမငိုနဲ့ ဘယ်သွားမလို့လဲလို့ မေးတယ်"

"ငါလည်း အိမ်မပြန်ရဲလို့ ငိုနေတာလို့ ပြောလိုက်တော့ သူလည်း ရွာပြန်မလို့ အဒေါ်နဲ့လိုက်ခဲ့ဆိုပြီး အိမ်ဝအထိ လိုက်ပို့ပေးတယ်။ အိမ်ထဲဝင်ကာနီးမှာ ငါက အဲဒီအဒေါ်ကြီးနာမည်ကို မေးလိုက်တယ်"

သူ့နာမည်ကို ပြောသွားတယ် "မဖဲဝါတဲ့"

(ပျော်ပွဲစားရောက်လာသော မဖဲဝါနှင့် ဘုန်းကြီးတစ္ဆေစာအုပ်မှ မဖဲဝါနှင့် မိုးသည်းညလူကနှစ်ယောက်တွင်ရှု)

"ဒါကြောင့် မဖဲဝါဆိုတာ သရဲမဟုတ်ပါဘူးလို့"

"မင်းနဲ့တွေ့တာက လူဖြစ်မှာပေါ့၊ လူတူနာမည်တူမရှားလို့ ပြောတာ ကြားဖူးတယ်"

"ကြားဖူးတာတော့ ဟုတ်ပါပြီ တာတီးရာ သရဲမ နာမည်နဲ့ လူနာမည်မတူနိုင်ပါဘူးကွာ"

"ငါကတော့ မဖဲဝါဆိုတာ သဘောကောင်းတဲ့အဒေါ်ကြီးပဲ"

"ငါကတော့ သရဲမကြီး မဖဲဝါပဲ"

"ကဲ လူတွေ သရဲတွေ လုပ်မနေနဲ့ သွားကြမယ်၊ အမွှား စိတ်ပူနေမယ်၊ ပိုက်ဆံမရတဲ့အကြောင်း သွားပြောရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတစ်စု စကားစဖြတ်ပြီး ဒေါ်ပန်းပွင့်အိမ်သို့ ပြန်လာခဲ့ကြသည်။

❖ ❖ ❖

သူတို့အုပ်စုက ကျောင်းသားများဖြစ်ပေမယ့် ညနေလေးနာရီနောက်ပိုင်း အမြဲဆုံတွေ့ကြသည်။

ရွာစဉ်လျှောက်သွားကြသည်။

ကစားနည်းမျိုးစုံ ကစားကြသည်။ ရွာထဲ လျှောက်မ ဂစားဖြစ်လျှင် အဖွားပန်းပွင့်ခြံအတွင်းမှာ ကစားကြသည်။

ကျောင်းနှစ်ရက်ပိတ်လျှင် ထမင်းစားချိန် အိမ်ပြန်တတ်ပြီး ကျန်အချိန်များက သူတို့ကစားချိန်ဖြစ်သည်။

သူတို့ တစ်နေ့က ကြွေးတောင်းသွားရင်း ဒေါ်တုတ်ခြံမှ မြင်ခဲ့သော မချစ်စုသရက်သီးများကို ခူးစားချင်နေသည်။

ဘပေါင်း တန်ခူးဆိုတော့ သရက်သီးက ရင့်ကာစပဲရှိသေးသည်။ မမှည့်သေး။ ထိုသရက်သီးစိမ်းများကို အစိပ်စိပ်လှီးပြီး ငံပြာရည် ငရုတ်သီးတို့နှင့် စားချင်နေကြသည်။

ဒေါ်တုတ်ခြံကို ဘယ်သူမှ ဦးဆောင်ပြီး မဝင်ဝံ့။ ထိုနေ့က ကျောင်းပိတ်ရက်ဖြစ်၍ မိုးလင်းကတည်းက လူစုံနေကြပြီ၊ ဒေါ်တုတ်



ခြံထဲဝင်ရန် အစီအစဉ်ဆွဲနေကြသည်။

ထိုနေ့က အေးချိုသတင်းကောင်း ယူလာသည်။ ကိုးနဝင်းရပ်ကွက်မှာနေသော ဒေါ်တုတ်၏တူမ အလှူလုပ်သည်။ ဒေါ်တုတ်မဖြစ်မနေသွားမည်ဟု ကိုးနဝင်းမှာနေသော အေးချိုက အတိအကျသတင်းပေးသည်။

သို့ကြောင့် မနက်ရှစ်နာရီကျော်ကတည်းက တာတီးတို့ အေးချိုတို့အုပ်စု ဒေါ်တုတ်ခြံ မနီးမဝေးမှာ လာကစားနေကြသည်။

ခွေးပုက ဒေါ်တုတ်အိမ်အနီး ရေမြောင်းနားမှာ ပုန်းလျှိုပြီး ဒေါ်တုတ်အလှူသွားမည့်အချိန်ကို စောင့်စားနေသည်။

ရှစ်နာရီခွဲခန့် ဒေါ်တုတ် အိမ်ထဲက ထွက်လာသည်။

ခြံတံခါးကိုဆွဲစေ့ပြီး အလှူအိမ်ဘက်သို့ လျှောက်သွားတော့သည်။

ထိုအခါ ခွေးပု၊ ပေစီတို့ သူငယ်ချင်းတစ်စု ဒေါ်တုတ်ခြံဝသို့ ရောက်လာခဲ့သည်။ ကံအားလျော်စွာ ဘယ်သူမှ အနီးအနားမှာ မရှိကြ၊ လမ်းပေါ်မှာလည်း အသွားအလာမရှိကြ။

သို့ဖြင့် မကြာခင် သူတို့အုပ်စု သရက်ပင်အောက်သို့ ရောက်ကြသည်။

သရက်ပင်က အပင်သိပ်မကြီးသေး။ အသီးများက ဆ[illegible]ပ



www.burmeseclassic.com

www.burmeseclassic.com



ခန့်အမြင့်မှာ ပြွတ်သိပ်အောင် သီးနေသည်။

သူတို့အရပ်နှင့် ဘယ်လိုမှ မမှီ။ သို့ကြောင့် အကြံရခက်နေသည်။

"ခဲနဲ့ပစ်ချကွာ"

"ခဲနဲ့ပစ်ချရင် ... အဖွားကြီးပြန်လာရင် သိသွားမှာပေါ့"

"သူလာတဲ့အချိန် ငါတို့ ဒီမှာမရှိတော့ဘူးလေ"

ဝက်ပေါက ဘယ်ကရလာမှန်းမသိသော နှစ်ပေခန့်ရှိ သစ်သားချောင်းနှင့် လွှဲပစ်လိုက်သည်။

"ဝရော"

သရက်သီး အလုံးကြီးငါးလုံး အောက်ကျလာသည်။

"ဟေး ... ငါးလုံးတောင် ... တော်ပြီ ... ဒီလောက်ဆိုလုံလောက်ပြီ ပြန်ကြမယ်"

သူတို့ သရက်သီးငါးလုံးကောက်ပြီး ခြံပြင်ကို ထွက်လာကြသည်။ သူတို့ပစ်လိုက်သော သစ်သားချောင်းက သရက်ပင်အောက်မှာ အတိုင်းသား သရက်ရွက်အစိမ်းလေးငါးရွက်ကလည်း အနီးနားမှာ ကျနေသည်။

နေ့ဆယ်နာရီခန့် ဒေါ်တုတ်အိမ်ပြန်ရောက်လာသည်။ တိုက်တိုက်ဆိုင်ဆိုင် ဒေါ်တုတ်မျက်လုံးက သရက်ပင်အောက်က အနေ





အထားကို တွေ့သွားသည်။

"ဒါတွေက ဘယ်ကရောက်လာတာလဲ၊ ငါ့မနက်က သရက်သီးအကြွေကောက်ရင်း အပင်ရင်းမှာ ရှင်းထားတာ၊ အခု သစ်သားတုတ်ရယ် ... သရက်ရွက်တွေရယ်"

"ငါ့သရက်သီးတွေ လာပစ်ချသွားတာပဲ"

"ဟိုဘက်ခြံက အေးတင်ရေ၊ ပုမရေ .. မရှိကြဘူးလား"

"ရှိတယ် ဒေါ်လေးတုတ်ရေ"

"ငါစောစောက အလှူသွားတုန်း ဘယ်သူတွေ ခြံထဲဝင်တာတွေ့သေးလဲဟေ့"

"မတွေ့ဘူး ဒေါ်လေးတုတ် ကျွန်မတို့လည်း အိမ်ထဲမှာ ထမင်းဟင်းချက်နေကြတာ"

အမှန်က ခြံထဲမှာ ကလေးသုံးယောက် နောက်ဆုံးထွက်သွားသည့် အချိန်လှမ်းမြင်လိုက်သည်။ ဒေါ်တုတ်အကြောင်းသိ၍ စကားနည်းရပ်စဲ သဘောမျိုးဖြင့် ဘူးကွယ်လိုက်ခြင်းဖြစ်သည်။

"ဘယ်သေချင်ဆိုးကလေးတွေလာပြီး လက်ကမြင်းသွားလဲမသိဘူး"

"မိတုတ်အကြောင်း မသိလို့ စမ်းတာလားဟေ့"

"ဟိုနေ့ကလာတဲ့ ပန်းပွင့်မြေးတွေ ဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တုတ်က ထိုမျှနှင့်မပြီး အေးတင်နှင့် ပုမတို့ကို မေးမ
သဖြင့် မျက်နှာချင်းဆိုင်ခြံနှင့် ခြေရင်းဘက်ခြံသို့ ကူးသွားပြ
စုံစမ်းသည်။

လူကြီးများက ဘူးကွယ်ပေမယ့် အထာမသိသော မျက်နှာ
ချင်းဆိုင်အိမ်က မောင်ဝင်းဆိုသော ကောင်လေးက မြင်သည့်
အတိုင်း ပြောပြသည်။

"ဟို ကုလားလေးတို့ ခွေးပုတို့အုပ်စု သရက်သီးတွေ
ကိုင်ပြီး ခြံထဲက ထွက်သွားတာတွေ့လိုက်တယ်"

"ဝင်ပြီး ပစ်ချတုန်းကတော့ မသိလိုက်ဘူးအဘွား"

"အေး ဒီလောက်ဆိုရပြီ"

ဒေါ်တုတ် အိမ်ထဲမဝင်တော့ဘဲ ဒေါ်ပန်းပွင့်အိမ်သို့ ထွက်
သည်။ တစ်လမ်းတည်းဆိုသော်လည်း တစ်အိမ်နှင့်တစ်အိမ် အဝေး
အသင့်ဝေးသည်။

ဒေါ်တုတ်တစ်ယောက် ဒေါ်ပန်းပွင့်အိမ်ရှေ့သို့ ရောက်လာသည်။

ထိုအချိန် ကလေးတစ်စု ဒေါ်ပန်းပွင့်အိမ်မှာ မရှိ။ သရက်သီး
ငါးလုံးနှင့် ပေစိတို့အိမ်မှာ စားရန် ထွက်သွားကြသည်။

ဒေါ်တုတ်လည်း ဒေါ်ပန်းပွင့်အိမ်ရှေ့ရောက်သည်နှင့် လှမ်း
အသံပြုလိုက်သည်။





"ဒေါ်ပန်းပွင့် ... ဒေါ်ပန်းပွင့်"

"အော် ... ဒေါ်တုတ်ပါလား"

"လာလေ ... အိမ်ထဲဝင်ခဲ့"

ဒေါ်ပန်းပွင့်က ဒေါ်တုတ်ယူထားသော ပိုက်ဆံ လာပြန်ဆပ်
သည်ထင်လိုက်သည်။

"ဒေါ်ပန်းပွင့်ရဲ့ မြေးတွေရော"

"မနက်ပိုင်းကတော့ရှိတယ်၊ ရှစ်နာရီလောက်ကတည်းက
ပျောက်သွားတာ ရောက်မလာကြသေးဘူး"

"လာ အိမ်ထဲဝင်ထိုင်လေ"

"နေ ... နေ မထိုင်တော့ဘူး ... ဒေါ်ပန်းပွင့်ကို တိုင်စရာ
ရှိလို့ လာခဲ့တာ၊ သတိလည်း ပေးချင်လို့ လာခဲ့တာ"

"ပြီးမှ ကျုပ်အဆိုး မဖြစ်ချင်လို့"

"ဘာဖြစ်လို့လဲ ဒေါ်တုတ်ရဲ့"

"ကျုပ်အိမ်မှာမရှိတုန်း ... ကျုပ်ခြံထဲဝင်ပြီး သရက်သီးတွေ
ပစ်ချသွားလို့ လာတိုင်တာ"

"ကျွန်မမြေးတွေ လုပ်တာရော ဟုတ်လို့လား"

"ရှင်မြေးနဲ့တွဲနေတဲ့... ကောင်လေးတွေ ဘယ်သူဆိုတာ
တစ်ရွာလုံးသိတယ်၊ ရပ်ကွက်အော်ကြောလန်လေးတွေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့ မပြောပါနဲ့ ဒေါ်တုတ်"

"ကျုပ်က မှန်တာ ပြောတာ"

"ကျုပ်ကို လာတောင်းပန်လို့ပြောလိုက် 'မတောင်းပန်လို့ကတော့ ဘယ်သူ့မှ ခွင့်မလွှတ်ဘူး၊ အကြောင်းသိမယ်"

"ကလေးတွေက မိမဆုံးမ ဖမဆုံးမ ကလေးတွေ"

"အဲဒီလိုမပြောပါနဲ့။ ကလေးတွေက ဒီလမ်းထဲမှာပဲ ကစားနေတာ"

"ဘယ်မှာပဲ ကစားကစား အခု ကျုပ်ခြံထဲဝင်ပြီး သရက်သီးတွေပစ်ချသွားပြီ။ အဲဒါ ရှင့်သိရအောင် လာပြောတာ။ နောက်ကို ကျုပ်အဆိုးမဖြစ်ချင်လို့ ကြိုတင်လာသတိပေးတာ"

"ဒါနဲ့ ရှင်ပြောလို့ ပြီးပြီလား၊ ပြီးရင် နောက်ကို မလုပ်ဖို့ ကလေးတွေကို ပြောလိုက်မယ်၊ ရှင်ကျွန်မဆီက ယူထားတဲ့ ပိုက်ဆံက တစ်လဆိုပြီး အခု နှစ်လပြည့်တော့မယ်။ ကျုပ်လည်း အသုံးရှိသေးတယ် ပြန်လိုချင်ပြီ"

"ကျုပ်မှာရှိတဲ့ အတိုးတစ်လဘိုးရယ် အရင်းရယ် လာပြန်ဆပ်မယ်"

"ကျွန်မ သည်းခံနေလို့ တစ်လက နှစ်လ၊ သုံးလလုပ်"

"နှစ်လဆိုလည်း အတိုးအပြည့်မရ၊ သုံးလဆို ပိုဝေးသေး





တယ်၊ အတိုးလိုချင်လို့ ချေးတာ၊ အခုတော့ ပြောပဲမပြောချင်ဘူး ... ရှင်မပြန်ခင် ဘယ်ရက်ပေးမလဲ အတိအကျပြောသွား ..."

"ပေးမယ်လို့ ပြောပြီးပြီလေ"

"ဒီမယ် ... ရှင့်ဆီက အတိုးလည်း မလိုချင်တော့ဘူး။ အရင်းပဲ ပြန်ပေးတော့"

ကျုပ်ကို အကျပ်မကိုင်နဲ့ ကျုပ်ပေးမယ်လို့ ပြောပြီးပြီ။ ရှင့်မြေးတွေကို ကျုပ်ဆီ မလွှတ်နဲ့"

"တစ်ပတ်အတွင်း မပေးရင် လွှတ်ရမှာပဲ"

"လွှတ်လိုက်လေ ... မိတုတ်အကြောင်း သိသွားစေရမယ်"

ဒေါ်တုတ်က ခြံဝမှလှမ်းပြီး အော်ပြောကာ အိမ်သို့ပြန်လာခဲ့သည်။

ဒေါ်တုတ်နှင့် ဒေါ်ပန်းပွင့် တစ်ယောက်တစ်ခွန်း အော်ဟစ်နေစဉ် လမ်းပေါ်မှာ လူသုံးလေးယောက်က ဒေါ်တုတ်တို့ကို ကြည့်နေကြသည်။

"ဒင်းတို့က ငါ့ကို ပေါ့သေးသေး မှတ်နေလားမသိဘူး။ မိတုတ် ဘာကောင်မလဲဆိုတာ နည်းနည်းတော့ ပညာပြလိုက်မှ ဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တုတ်တစ်ယောက်တည်း ပြောပြီး အိမ်သို့ပြန်လာခဲ့တော့သည်။

❖ ❖ ❖

"သား မောင်အေးမြင့် ဘာဖြစ်လို့လဲ"

"ဝေါ"

"ဗိုက်နာတယ် ... ဗိုက်ထဲမှာ တအားနာတယ်"

"ဝေါ"

"အား ... နာတယ် ... နာတယ် ..."

"အမေ ... သားဗိုက်ထဲက ... တအားနာတယ်"

"ဝေါ"

"အား ... နာတယ် ... နာတယ် ..."

"အမေ ... သားဗိုက်ထဲက ... တအားနာတယ်"

"မမြင့်မေ ... မင်းသားကို ကျန်းမာရေးမှူးကို ပြကြည့်ပါလား"

"ဟုတ်တယ်၊ ကျုပ်ကြည့်ထားလိုက်မယ်၊ ရှင့်ဆရာအိမ်သွားပြီး ဒီကို သွားပင့်ခဲ့ပါလား"

"အင်း ငါသွားလိုက်မယ် ... ဘာရောဂါဖြစ်မှန်းလည်းမသိဘူး၊ ကိုယ်လည်း မပူဘူး၊ အစားမှားလို့ပဲဖြစ်မယ်"





"ဆရာစမ်းသပ်ကြည့်ရင်သိမှာပဲ ... မနေ့က သရက်သီးအစိမ်းတွေ စားတယ်လို့ကြားတယ်"

မောင်အေးမြင့်၏ဖခင် ကိုတင်ဝင်းကတော့ မမြင့်မေ၏စကားကို မကြားတော့။ ကျန်းမာရေးမှူးနေသော အိမ်သို့ ထွက်သွားသည်။

တစ်နာရီခန့်ကြာတော့ ကိုတင်ဝင်းနှင့် ကျန်းမာရေးမှူးတို့ ပါလာသည်။ ထိုအချိန် မောင်အေးမြင့် ဗိုက်နာအနည်းငယ် သက်သာနေသည်။

ကိုတင်ဝင်းက ပြောသည်။ ဆရာသွားပင့်စဉ် ဆရာက အိမ်မှာမရှိ။ ပေစိနှင့် ကုလားလေးတို့အိမ်သို့ ရောက်နေသည်ဟု ဆိုသည်။

ထိုကလေးများလည်း ဘာရောဂါမှန်းမသိဘဲ ဗိုက်ထဲက မခံမရပ်နိုင်အောင် နာနေ၍ ဆရာလာပင့်သည်ဟု ဆိုသည်။

"ဒီကောင်တွေ အုပ်စုမနေ့က သရက်သီးစိမ်းတွေနဲ့ ငံပြာရည်မြင်ပြီး စားကြတယ်"

သရက်သီးစားရုံနဲ့တော့ ဒီလောက် မဖြစ်နိုင်ပါဘူး။ အခုဟာကကလေးတွေ မခံမရပ်နိုင်အောင် ဗိုက်ထဲက နာနေတာ၊ ဆေးတွေပေးခဲ့ပါ့မယ်၊ မနက်တစ်ခေါက် လာကြည့်ပေးပါ့မယ်"

သောက်ဆေးပေးပြီး ဆရာပြန်သွားသည်။

ဆရာရှိစဉ်က ရောဂါဖြစ်သည့်ပုံစံနှင့် မတူ။ သက်သာသည့်



www.burmeseclassic.com

www.burmeseclassic.com



ဟန် ရှိသည်။

ဆရာပြန်သွားပြီး မကြာခင်မှာပင် ဗိုက်နာလာသဖြင့် အော်ဟစ်နေပြန်သည်။

ထိုကဲ့သို့ ကလေးများ ဗိုက်အောင့်ဗိုက်နာဖြစ်၍ အော်ဟစ်နေကြသည့်အချိန်နှင့် တပြိုင်တည်း ဒေါ်ပန်းပွင့်တစ်ယောက်လည်း ဘာစားစား ... စားလို့မရဘဲ ... ပြန်ပြီးအန်ထွက်နေသည်။

သို့ကြောင့် ဒေါ်ပန်းပွင့်အိမ်မှာလည်း သားဖြစ်သူ၏ မိသားစု ရောက်နေသည်။

ဒေါ်ပန်းပွင့်၏မြေး ခွေးပုလည်း ဗိုက်နာ၍ မခံနိုင်အောင် အော်ဟစ်နေသည်။

ခွေးပုကို မိခင်ဘက်ကအဖွားနှင့် အဒေါ်များ ကြည့်ရှုစော င့် ရှောက်ပေးနေသည်။

ခွေးပုဖခင်နှင့် မိခင်တို့က မိခင်ဒေါ်ပန်းပွင့်ထံ လာနေလိုက် သားသတင်းသွားမေးလိုက်ဖြင့် တစ်အိမ်နှင့်တစ်အိမ် သုံးအိမ်ခြား ဖြစ်၍ သွားချည်လာလှည့် လုပ်နေရသည်။

"အမေ မနေ့က လမ်းထိပ်က ဒေါ်တုတ်နဲ့ စကားများကြ သေး ယ်ဆို"

"မင်းသား ွနဲ့ သူ့သူငယ်ချင်းတစ်စု၊ သူ့ခြံထဲဝင်ပြီး သရက်





သီးတွေ ပစ်ချလို့ လာတိုင်ရင်း ငါနဲ့ ကြွေးကိစ္စ စကားများတာ"

"ဒီကောင်လေးတွေကလည်း ... ကျောင်းက ပြန်ရောက်တာနဲ့ အိမ်မကပ်ဘူး။ ရိုက်ထားဦးမှ အမေကလည်း တစ်ရွာလုံး ဒေါ်တုတ် ဘာလည်းဆိုတာ ပြောနေကြတာ သူနဲ့မှ ဖက်ပြိုင်ပြီး ဖြစ်ရတယ်လို့ ..."

"အကြီးအကျယ် ဖြစ်တာမဟုတ်ပါဘူး။ ပိုက်ဆံပြန်ပေးဖို့ပဲ ပြောတာ။ ရှိမှပေးမယ်ဆိုလို့ အတိုးလည်းမပေးနဲ့ အရင်းပဲ ပြန်ယူတော့မယ် ပြောတာတောင် လက်မခံဘူး"

"ကဲပါအမေရယ် ပြောလည်း ပြောမနေနဲ့တော့။ ထပ်လည်း မပေးနဲ့၊ သူပြန်ပေးသလောက်ပဲယူတော့"

"အမေ အခု နေလို့ထိုင်လို့ သက်သာလား ... တစ်ခုခု စားချင်စိတ် မရှိဘူးလား"

"ဘာစားချင်လဲ လုပ်နေသေးတယ် ... အန်ပဲအန်ချင် နေတယ်၊ ဗိုက်ထဲမှာ အစာလည်း မရှိတော့ဘူး။ ရေလည်း မရှိတော့ဘူး"

"ရေသောက်မလား"

"သောက်ချင်တယ် ... အန်မှာစိုးလို့"

"ဝင်သလောက် သောက်ကြည့်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ရေခွက်ကို လှမ်းယူပြီး သောက်လိုက်သည်။

"ဝေါ်"

"ဟင် ဘယ်လိုဖြစ်တာလဲ"

ရေသောက်လျှင် ရေအန်သည် အစာစားလျှင် အစာအန်ထွက်နေသည်။

နေ့ခင်းပိုင်းရောက်တော့ ဒေါ်ပန်းပွင့် စကားမပြောနိုင်တော့ အိပ်ရာထဲ လဲခဲ့တော့သည်။

ကျန်းမာရေးမှူးကလည်း ဘာရောဂါမှန်းမသိဟု မှတ်ချက်ပေးပြီး ဆေးထိုးသွားသည်။

ဒေါ်ပန်းပွင့် ထိုကဲ့သို့ဖြစ်သည်ကို မောင်အေးမြင့်၏ မိဘများ သိသွားသလို ...

မောင်အေးမြင့်တို့ ကလေးတစ်စု ဖြစ်နေသည့်ရောဂါကိုလည်း ဒေါ်ပန်းပွင့် သိသွားသည်။

ထို့ကြောင့် ထိုသို့တစုတဝေးကြီး ဖြစ်ရခြင်းမှာ ဒေါ်တုတ် ဆိုသော စုန်းမကြီးကြောင့်ဟု အတတ်စွပ်စွဲကြသည်။

မောင်အေးမြင့်က ဗိုက်နာ နည်းနည်းသက်သာစဉ် မိခင်ဖြစ်သူအား၊

"အမေ .. သားကို ဒေါ်တုတ် ပြုစားတာမဟုတ်လား"





"အမေတို့က ထင်တာပါ၊ အတတ်တော့မပြောနိုင်ဘူး။ မင်းတို့ကလေးတွေ သူ့ခြံထဲက သရက်သီးသွားပစ်ချတာ မဟုတ်လား၊ သူမကြိုက်လို့ သူ့ပညာနဲ့လုပ်လိုက်တာပေါ့"

"ဒါဆို အဲဒီမိန်းမကြီးကို နိုင်တဲ့လူမရှိဘူးလား"

"အဲဒီလို အတတ်ပြောလို့မရသေးဘူး သားရဲ့။ မနက်ကျန်းမာရေးမှူးလာမှ အဖြေသိရမှာ ရောဂါဆိုရင်တော့ ကျန်းမာရေးမှူးနဲ့ တက်ကုရမှာပဲ"

"အမေ ... မဖဲဝါကိုသိလား ... မဖဲဝါက သရဲမကြီးဆို"

"ဟဲ့ နေမကောင်းတဲ့အချိန် မဖဲဝါအကြောင်း ပြောနေတာလဲ"

"သားနဲ့ အဒေါ် မဖဲဝါသိတယ် သဘောကောင်းတယ်"

"သား ဘာတွေ လျှောက်ပြောနေတာလည်း ဖွဟဲ့ ... ဖွ ... ဖွ"

"အမေကလည်း သားနဲ့ အဲဒီမဖဲဝါ သိပါတယ်ဆို"

"ကိုတင်ဝင်း တော့သားကို ပြောပါဦး"

"ဟာ ... အမေကလည်း မမှတ်မိပြန်ဘူး"

"မိုဦးကျစက အဖေ့တဲကအပြန် ညရှစ်နာရီလောက် သင်္ချိုင်းစပ်ချောင်းထိပ်မှာ သားငိုနေတုန်း လိုက်ပို့ပေးတဲ့ အဒေါ်ကြီးလေ ... မဖဲဝါလို့ ပြောသွားတာ မမှတ်မိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ... လူဖြစ်မှာပေါ့ ... သရဲမ မဖဲဝါမဖြစ်နိုင်ဘူး"

"အား ... ဗိုက်ထဲကနာလိုက်တာ ... အား ... အား ..."

"စကားတွေ သိပ်ပြောတာကိုး ... မပြောနဲ့တော့"

"အဲဒီစုန်းမကို ... အမေမဖဲဝါနဲ့ တိုင်ပြောချင်တယ်။ ဘယ်လို တိုင်ရမလည်းမသိဘူး"

"အဲ့ဒူက သားကို ဘာပြောခဲ့လို့လဲ"

"ဘာမှတော့ မပြောဘူး။ မိဘလုပ်ကျွေးတဲ့လူတွေ၊ ကလေးတွေကို ဘယ်သူမှ မကူညီဘဲ မနေဘူးလို့ ပြောသွားတယ်"

"အခု မင်းက မိမနိုင် ဖမနိုင်ဖြစ်နေတာ ဘယ်သူက ကူမှာလဲ"

"အား ... အမေရေ ... နာတယ်"

"အား ... အား ... နာတယ် ဟီး ... ဟီး ... ..."

"စကားမပြောနဲ့ဆို မရဘူး ... ငြိမ်ငြိမ်လေးနေ"

"မင်းဟာက နာချင်လည်းတအား တအားနာပြီးရင် မဖြစ်သလိုပဲ"

"အမေ မဖဲဝါ ... သားကို ကယ်ပါဦး၊ ဟီး ...





... ဟီး ..."

"ဟာ ... မဟုတ်တာကွ"

"တော့သားကို ပြောပါဦး"

"သား အေးမြင့် ... အမေမဖဲဝါဆိုတာ သင်္ချိုင်းထဲမှာနေတဲ့ သရဲမ၊ အိမ်ထဲကနေတမ်းတပြီး မခေါ်ရဘူး။ တော်ကြာ သရဲဝင်ပူးနေမှဖြင့်"

"သားတော့ အမေမဖဲဝါကို သရဲမကြီးလို့ မသိဘူး၊ သဘောကောင်းတဲ့ မိန်းမကြီးတစ်ယောက် သားတို့လိုပဲ စကားပြောတယ်"

"ဟ ... ဟ ..."

စကားမပြောပါနဲ့ဆို မရဘူး။

"အား ... ဗိုက်ထဲက နာတယ် ... အား ... အား ..."

"မမြင့်မေ ... ဆေးတစ်ခွက် တိုက်ဦးမလား"

"အိုတော် ... ဆေးက တစ်နေ့လုံးမှ သုံးကြိမ်ပဲတိုက်ရမှာ၊ ဆရာဆေးတိုက်သွားတာ နှစ်နာရီလောက်ပဲ ရှိသေးတယ်"

"မင်းဟာမင်း အိပ်ရာပေါ်မှာ ငြိမ်ငြိမ်လေးနေ ... ဟိုပြောဒီပြော ပြောမနေနဲ့"

"အား ... အား ... နာတယ် ... နာတယ် ..."

"အမေ ... ဗိုက်က တအားနာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်မလဲ ကိုတင်ဝင်း"

"ငါလည်း ဘာလုပ်ရမှန်းကို မသိတော့ဘူး ... ဒီတစ်ည တော့ ဆရာဆေးပတ်လည်အောင် စောင့်ကြည့်သေးတာပေါ့။ မနက် ရောက်လို့မှ မထူးခြားရင်လည်း ဆေးရုံမှာ သွားပြသင့်ကြတာပေါ့"

"ဟား ... ဟား ... နာတယ် ... နာတယ်"

မောင်အေးမြင့်တစ်ယောက် ဗိုက်နာလွန်းလှ၍ အော်ရင်းဟ ရင်းနှင့်ပင် အိပ်ပျော်သွားတော့သည်။

❖ ❖ ❖

ဒေါ်ပန်းပွင့်တစ်ယောက် တစ်နေ့လုံး ဘာအစာမှစား၍ မဝ ရေသောက်၍လည်း မရ၊ နည်းနည်းဝင်ပြီးသည်နှင့် များများအန် သည်။

ခန္ဓာကိုယ်တစ်ခုလုံး အားအင်ကုန်ခမ်းပြီး အိပ်ရာပေါ်မှ မ နိုင်ဖြစ်နေသည်။

သားဖြစ်သူနှင့် ချွေးမဖြစ်သူတို့ကလည်း မိခင်ကြီးအတွ စိတ်မကောင်းရုံကလွဲပြီး ဘာလုပ်ရမည်မသိဖြစ်နေသည်။

နောက်နေ့ရောက်၍မှ မထူးခြားလျှင် ကုလားလေးတို့ ပယောဂကုသည့် ဆရာကြီး ဦးဖိုးမောင်ကို ခေါ်ပင့်ပြီး ကု





တိုင်ပင်ထားကြပြီး ဖြစ်သည်။

ညဆယ်နာရီခန့်ရှိပြီ၊ မောင်အေးမြင့်နိုးလာသည်။

ဒုတိယအကြိမ် ဆေးတိုက်ရန်အတွက် ဗိုက်ထဲအစာဝင်ရန် ပေါင်မုန့်နှင့် နို့တိုက်လိုက်သည်။

"မစားချင်ဘူး"

"မစားချင်လို့မဖြစ်ဘူး၊ ဆေးသောက်ရအောင် နည်းနည်း ဝင်အောင်စားလိုက်"

မောင်အေးမြင့်လည်း ပေါင်မုန့်နှစ်ချပ်နှင့် နို့တစ်ခွက်သောက် လိုက်သည်။

မိခင်တိုက်သောဆေးကိုလည်း သောက်လိုက်သည်။

ညဆယ်နာရီခွဲခန့်မှာ မိခင်ရော ဖခင်ပါ အိပ်ပျော်သွားကြသည်။

မောင်အေးမြင့်က ဗိုက်က မခံမရပ်နိုင်အောင် နာလာသော်လည်း အသံမထွက်ဘဲ ကြိတ်မှိတ်ခံလိုက်သည်။ ခဏနေတော့ ဗိုက်နာ သက်သာသွားသည်။

အနာသက်သာသွားတော့ လက်အုပ်ချီပြီး သူ့အား ကူညီ ပူးသော အမေမဖဲဝါကို အားကိုးတကြီးနှင့် တမ်းတဆုတောင်းလိုက် သည်။

"အမေမဖဲဝါ ... အမေ့ကို သရဲမ မဖဲဝါဆိုပြီး သားမသိပါ



www.burmeseclassic.com

www.burmeseclassic.com



... သားသိသော မဖဲဝါက နက္ခရောက်တဲ့သူတွေ ကူညီတယ် လို့ပဲ သိထားပါတယ်"

"သား နောက်ကို သူတစ်ပါး ပစ္စည်းကို ဘယ်သူမှမသိဘဲ မယူတော့ပါဘူး၊ လိမ်ညာမပြောတော့ပါဘူး၊ မိဘကိုလည်း အမြဲ ကူညီခဲ့ပါတယ်။ သားကို သနားသောအားဖြင့် အမေ့အစွမ်းနဲ့ သားရောဂါပျောက်အောင် ကူညီပေးပါ"

"အမေ့ကို အားကိုးစွာနဲ့ အကူအညီတောင်းပါတယ်"

မိဘများအိပ်နေစဉ် ထထိုင်ပြီး အသံထွက်၍ ယုံကြည်စွာ ရွတ်ဆိုနေလိုက်သည်။

ထို့နောက် ဗိုက်အနာသက်သာနေသဖြင့် အိပ်ပျော်အောင် ကြိုးစားပြီး အိပ်လိုက်တော့သည်။

သန်းခေါင်ကျော် မိုးလင်းလုအချိန် မောင်အေးမြင့်အား အမျိုး သမီးကြီးတစ်ယောက် လာလှုပ်နှိုးသည်။

"သား ... မောင်အေးမြင့် ထစမ်း"

လှုပ်နှိုးနေသဖြင့် မောင်အေးမြင့် အိပ်မောကျနေရာက မျက်လုံး ဖွင့်ကြည့်လိုက်သည်။

"ထထိုင်စမ်းပါဦး အမေစကားပြောမလို့"

အိပ်မောကျနေရာက နိုးလာအောင် နှိုးနေသဖြင့် ထထိုင်လိုက်





ရသည်။

"ဟင် ... ဘယ်သူလဲ"

"အမေ့ကိုကြည့်စမ်း၊ သားမှတ်မိလား"

"အမေ သားကို ကူညီဖူးတဲ့ အမေမဖဲဝါ မဟုတ်လား"

"ဪသားက မှတ်မိသားပဲ"

"သားက အမေ့ကို မမေ့ဘဲ မှတ်မှတ်ရရ တနေ့မှာတော့ အမေလည်း မနေနိုင်ဘဲ လာခဲ့ရတာပေါ့"

"သား အခုဖြစ်တဲ့ ရောဂါက စိုးရိမ်စရာမရှိပါဘူး၊ သားတို့ သရက်သီးသွားပစ်ချခဲ့လို့ ... နောင်အခုလို မလုပ်ဝံ့အောင်ဆိုပြီး သူ့သရက်သီး စားသူတိုင်း ဗိုက်နာအောင် လုပ်ထားတာ"

"အမေမှာတာ သေသေချာချာနားထောင်၊ မနက်မိုးလင်းလို့ ခုနစ်နာရီနဲ့ ရှစ်နာရီလောက် စားစရာတစ်ခုခုယူသွားပြီး ဒေါ်တုတ်ကို သွားတောင်းပန်လိုက်ပါ"

နောက်ကို သရက်သီး မခိုးစားတော့ပါဘူး၊ ခွင့်လွှတ်ပါလို့ ပြော ... သားပြောပြီးတာနဲ့ ... သားရောဂါပျောက်သွား လိမ့်မယ် ... ပြီးတော့ ... သားလိုပဲ ... ဗိုက်နာနေတဲ့ သူငယ်ချင်းနဲ့ မိဘတွေ သွားပြီး တောင်းပန်လိုက်၊ အားလုံး ပျောက်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေက ဒေါ်တုတ်ကို နောက်အခုလို မလုပ်ဖို့ သွားပြောဆို ထားမယ် ရဲရဲသွားတောင်းပန်လိုက်"

"အပြစ်လုပ်ပြီးရင် တောင်းပန်ဖို့ ဝန်မလေးနဲ့။ သူများ ပစ္စည်း မခိုးနဲ့။ မိဘကိုကူညီ၊ အဲဒါဆို အမေတင်မဟုတ်ဘူး။ မမြင်ရတဲ့ ပုဂ္ဂိုလ်တွေကလည်း ကူညီစောင့်မလိမ့်မယ်"

"သား ... အမေ့စကားနားထောင်ပါ့မယ်"

"အေးအေး ငါ့သားက ကလေးဖြစ်ပေမယ့် သဘောပေါက် လွယ်တယ် ... အမေမှာတဲ့အတိုင်း သွားတောင်းပန်လိုက်"

"ကဲ ... အမေသွားမယ် သားပြန်အိပ်တော့"

မောင်အေးမြင့်လည်း အိပ်ချင်စိတ်မပျောက်သေး၍ ပြန်အိပ် လိုက်သည်။

မနက်ခြောက်နာရီခန့် မောင်အေးမြင့်နိုးလာသည်။ ထူးထူး ခြားခြား ဗိုက်နာသက်သာသလို ငြိမ်သည်။

"အမေ ... အမေ ... ထပါဦး"

"ဟဲ့ ... သား ... ဘာဖြစ်ပြန်ပြီလဲ"

မီးဖိုထဲမှ ထမင်းဟင်းချက်ပြုတ်နေသော မမြင့်မေက မောင် အေးမြင့်အသံကြား၍ ထွက်လာသည်။

"သားကို အမေမဖဲဝါ လာပြောသွားတယ်"





"ဘယ်တုန်းကလဲ ... အခုဘယ်မှာလဲ"

"သားပြောတာ နားထောင်ပါဦး ... ညက အမေတို့အိပ် သွားတော့ သားက အမေမဖဲဝါ ... သားကိုကယ်ပါဦး သား မနေနိုင်တော့အောင် ဗိုက်ထဲကနာတယ်ဆိုပြီး ပါးစပ်က အော်ပြီး တနေတာ ..."

သန်းခေါင်ကျော်လောက်မှာ သားကိုနှိုးပြီး ဒေါ်တုတ်က သရက်သီးခိုးစားလို့ ပြုစားထားတာ၊ သူ့ကို မုန့်တစ်မျိုးမျိုးဝယ် ပြီး သွားတောင်းပန်လိုက်တဲ့။

"နောက် မလုပ်တော့ပါဘူး၊ ခွင့်လွှတ်ပေးပါလို့၊ သွား တောင်းပန်လိုက်။ ဘာဆေးမှ ကုစရာမလိုတော့ဘူး ပျောက်သွား မှာတဲ့"

"ဟင် ... တကယ်မှဟုတ်ရဲ့လား၊ သားစိတ်ကူးယဉ်ပြီး ပြောတာလား"

"တကယ်ပါ ... သားကို ထိုင်ခိုင်းပြီးမှ သေသေချာချာ ပြောသွားတာ"

"ကဲ မမြင့်မေ ... ရွာလယ်က မုန့်ဆိုင်မှာ မုန့်သွားဝယ်ပြီး တစ်ခါတည်း သွားတောင်းပန်လိုက်ကြ"

ရွာထဲမှာ မုန့်သွားဝယ်ပြီး ခုနစ်နာရီခွဲခန့် သားအမိနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တုတ်အိမ်သို့ သွားပြီး တောင်းပန်ကန်တော့ကြသည်။

ကိုတင်ဝင်းက ယောင်အေးမြင့်နှင့်အတူပါသည့် ကလေးမိဘများကို သွား၍ အသိပေးလိုက်သဖြင့် အားလုံးအသိးသီး မနက်ပိုင်းမှာပင် သွားတောင်းပန်လိုက်ကြသည်။

ဒေါ်တုတ်ကိုလည်း မဖဲဝါကိုယ်တိုင် အိမ်မက်ထဲဝင်ပြီး သတိပေးသွားသည့်အတွက် ကလေးများ လာတောင်းပန်သည်ကို ဖွေမယူဘဲ ... ခွင့်လွှတ်လိုက်တော့သည်။

ဒေါ်တုတ်အိမ်မှ ပြန်ခဲ့သည်နှင့် ... မည်သည့်ရောဂါမှ ခံစားရမှု မရှိတော့ဘဲ ... အကောင်းပကတိဖြစ်သွားလေတော့သည်။

❖ ❖ ❖

ညနေလေးနာရီခန့် ဒေါ်ပန်းပွင့်အိမ်မှာ လူတွေဝင်ထွက်နေကြသည်။

ပယောဂကုဆရာကြီး ဦးဖိုးမောင်ကိုပင့်ပြီး ပယောဂကုရန်ပြင်ဆင်နေကြသည်။

ငါးနာရီခန့်အရောက် အသက်ခြောက်ဆယ်ကျော်ခန့်ရှိ ဝဝဖိုင့်ဖိုင့် တိုက်ပုံဝတ်ပြီး လွယ်အိတ်တစ်လုံး လွယ်ထားသော ဆေးဆရာကြီး ဦးဖိုးမောင် ရောက်လာသည်။

ဆရာကြီးက ဒေါ်ပန်းပွင့်အိမ် ဘုရားခန်းမှာပင်ထိုင်သည်။





ဒေါ်ပန်းပွင့်က အသက်ခြောက်ဆယ်ကျော် ပိန်ပိန်ပါးပါး ခန္ဓာကိုယ်ရှိသည်။

ယခုလို အစာမဝင်၊ ရေမဝင်၊ အော့အန်နေရုံမျှမက တစ်ညလုံး အိပ်မရဘဲ အော်ဟစ်နေရခြင်းကြောင့် ရက်ကြာကြာ ခံစားနေရသော လူမမာပုံ ပေါက်နေသည်။

ညနေခင်း အလင်းရောက်က တဖြည်းဖြည်းဝင်လာသည်။ နေဝင်ရိုးရီ အချိန်ရောက်သည်နှင့် စကားထိုင်ပြောနေသော ဆရာကြီးက

"ကဲ ... ဒီအချိန်ဆိုသင့်ပြီ ... ဆရာကြီးတို့ လုပ်ငန်းစမယ်"

"ကဲ ... မပန်းပွင့်ကို ဒီနား ... နှစ်ယောက်လောက် ဖေးမပြီး ခေါ်ခဲ့ကြပါ"

ချွေးမနှင့် အိမ်နီးချင်း အမျိုးသမီးတစ်ယောက်တို့က ဆရာကြီးရှေ့သို့ ခေါ်လာခဲ့သည်။

"ပုဆစ်တုတ်ထိုင်ပြီး ဘုရား၊ တရား၊ သံဃာ အာရုံပြုထား"

ဆရာကြီးက ဒေါ်ပန်းပွင့် လက်အုပ်ချီပြီး ဘုရားအာရုံပြုနေစဉ် စောင့်ကြည့်နေသည်။ ဒေါ်ပန်းပွင့်က အားနည်းလွန်း၍ ယိုင်လဲမလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဟိုသမီးက ဘေးကနေပြီး ထိန်းကိုင်ပေးထား"

"ကဲ ... ဆရာကြီး ... ခေါ်တော့မယ်"

ကြာသာပတေးသမီးကို အောက်လမ်းပညာနဲ့ ဖမ်းစားပြီး အစားအသောက်မစားနိုင် မသောက်နိုင်ဖြစ်အောင် ပြုစားတိုက်ခိုက်ထားတဲ့ ရှာသူအခုဝင်ပြီး ပူးစမ်း"

ခဏအကြာမှာပဲ လက်အုပ်ချီထားသည့် ဒေါ်ပန်းပွင့် အသားများ တဆတ်ဆတ်တုန်လာပြီး ရှေ့နောက်ယိမ်းထိုးနေသည်။

လက်အုပ်ချီထားသည့် လက်များ တဆတ်ဆတ်ခါလာသည်။

"ဟဲ့ ... အောက်လွှမ်းသည်မ နင်ဘယ်သူလဲဆိုတာ တစ်ရွာလုံးသိတယ်၊ ငါသိချင်တာက ဘာကြောင့် အခုလိုလုပ်ထားရတာလည်း ; ချက်ချင်းပြောစမ်း"

ဆရာကြီး၏ အမိန့်သံပါပါ မေးမြန်းအပြီး ...

တဆတ်ဆတ်တုန်၍ ယိမ်းထိုးနေသော ဒေါ်ပန်းပွင့် ပါးစပ်ကို စေ့ထားပြီး ခေါင်းကို ခါယမ်းနေသည်။

"အ်မာ ... ငါ့စကားကို နားမထောင်ဘူးပေါ့လေ"

ဆရာကြီးက လက်ကို လွယ်အိတ်ထဲထည့်ထားပြီး မထုတ်သေး။

ဟဲ့ ... ငါကောင်းကောင်းမေးရင် ကောင်းကောင်းဖြေစမ်း။





ဘာကြောင့် အခုလို လုပ်ရတာလဲ"

ဆရာကြီးက အသံမာမာနှင့် အော်ငေါက်ပြီး မေးသော်လည်း သိချင်သည့်အဖြေကိုမရ၊ ပါးစပ်ပိတ်ပြီး ခေါင်းယမ်းနေတုန်းရှိသည်။

ဆရာကြီးလည်း လွယ်အိတ်ထဲက ဆေးကြိမ်လုံးကို ထုတ်ယူလိုက်သည်။

"ကဲ ... ဘယ်လိုမေးမေး မပြောမှတော့ ငါ့အကြောင်းကို ပြရသေးတာပေါ့"

ဆရာကြီးက ဆေးကြိမ်လုံးကို ရိုက်ရန်ရွယ်လိုက်သည်။

"ဟာ ... မရိုက်ပါနဲ့ ကြောက်ပါတယ်"

ဆေးကြိမ်လုံးနှင့် အရိုက်မခံရရန် လက်ဖြင့် ကာကွယ်နေသည်။

"အေး ... မရိုက်စေချင်ရင် မေးတာဖြေ"

"နင် ဘာကြောင့် အခုလိုလုပ်တာလဲ"

"ကျွန်မကို အရှက်ရအောင် လုပ်လို့ပါ"

"မင်းကို ဘယ်လို အရှက်ရအောင်လုပ်လို့လဲ ရှင်းအောင်ပြောပြ"

"မနေ့က သူ့ခြံထဲရောက်လာတော့ ကြွေးကိုအရှက်ရအောင် တောင်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ပိုက်ဆံယူထားလို့ အော်တောင်းတာ ဘာရှက်စရာ ရှိလဲ"

"မပေးနိုင်သေးလို့ ခဏစောင့်ဖို့ ပြောထားပြီးသား။ မနေ့ ခြံထဲမှာ သူ့မြေးနဲ့ ကလေးတွေ သရက်သီးစိမ်း ပစ်ချလို့လာပြော တာ သူကမတောင်းပန်ဘဲ မချေမငံပြောလို့ မကျေနပ်တာ"

"ဒါနဲ့နေပါဦး၊ ကလေးတွေကိုလည်း နင်ပညာနဲ့ လုပ်ထား တယ်လို့ သတင်းကြားတယ်"

"ကြောက်ရုံလန့်ရုံပါ ဒီမနက် အားလုံးကောင်းသွားပြီ"

"ကလေးတွေဆိုတာ စားစရာရှိရင် စားချင်မှာပဲ ခိုးစားတာပဲ ဆိုပြီး အခုလို လက်လွှတ်စပယ် လျှောက်လုပ်နေရင် လူတွေ၊ သူတွေကြားမှာ နင်မနေသင့်တော့ဘူး"

"ကလေးတွေကို နောက်မလုပ်တော့ပါဘူးလို့ ဂတိပေးပြီး ပါပြီ"

"ဘယ်သူ့ကို ဂတိပေးတာလဲ"

"မဖဲဝါကိုပါ"

"အော် မဖဲဝါတောင် ... ရောက်လာပြီး နင့်ကို ဝင်ဆုံးမ သွားဘာပေါ့ ... ဒါဖြင့် မပန်းပွင့်ကို မြူစားထားတဲ့ အောက်လမ်း စက်ကို ပြန်မနှုတ်နိုင်းသွားဘူးလား"





"မပြောသွားဘူး"

"ဘာကြောင့်လဲ သိ[illegible]လား"

"မသိဘူး"

"အေး ... မဖဲဝါ[illegible]နဲ့ နင်ဆိုရင် ... အသေဆိုးနဲ့သေမှာ၊ နင်နဲ့ ငါနဲ့တွေ့မှာကိုသိ[illegible]မဖဲဝါက ... ကလေးတွေ ကိစ္စက လွဲပြီး အပိုမပြောခဲ့တာ"

"ကဲ ... ဘာကြောင့်လုပ်တယ်ဆိုတာလည်း သိရပြီ၊ မင်းက အကြွေးယူထားပြီး နေ့ရွှေ့၊ ညရွှေ့လုပ်နေလို့ တောင်းရတာ ကိုလည်း သူတို့ပြောလို့ သိထားပြီးပြီ"

"ဒီလောက်ကိစ္စလေးကို အောက်လမ်းပညာနဲ့ လျှောက်လုပ် နေတဲ့အတွက် နင့်ကို ငါလုံးဝ ခွင့်မလွှတ်ဘူး"

"နင့်ပညာတွေ အကုန်လျှိုမလား၊ အသက်အသေခံမလား ပြောစမ်း"

"ဘာမဟုတ်တဲ့ကိစ္စနဲ့ လူတွေကို ဒုက္ခပေးတဲ့အတွက်၊ လုံးဝခွင့်မလွှတ်ဘူး၊ ဘယ်လိုလုပ်မလဲ နင့်ပညာစွန့်မလား ငါမေး နေတယ်လေ"

"မစွန့်ဘူး"

"စုန်းမက ငါ့ကို ပညာစမ်းတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးက … ကြိမ်လုံးနှင့် … ရိုက်နှံ့ရွယ်လိုက်သည်။ ရုတ်တရက် ဒေါ်ပန်းပွင့်က နောက်သို့ ဆုတ်သွားသည်။

"ဘာလဲ ကြိမ်လုံးကို ကြောက်လို့ နောက်ဆုတ်သွားတာ လား"

"ရိုက်မှာကြောက်လို့ နောက်ဆုတ်သွားပေမယ့် နင့်ကို ငါက ခွင့်လွှတ်မယ်ထင်လား … လာရှေ့တိုးလာခဲ့"

ဆရာကြီးက မျက်ထောက်နီကြီးနဲ့ စိုက်ကြည့်နေပြီး ဘာမှ မပြော။

"နင်က သူများပိုက်ဆံယူ အမှားလည်း လုပ်ထားသေး တယ်။ ရှက်တယ်ဆိုပြီး သေလုမြောပါးလုပ်ထားတာ ငါ နင့်ကို အသေသတ်ရမလား"

ဘာမှမပြော မကျေမနပ်နှင့် စိုက်ကြည့်နေသည်။

ဆရာကြီးက ထိုင်ရာက ထလိုက်သည်။

"ကဲ ဆေးကြိမ်လုံးနဲ့ အရိုက်ခံမလား၊ ဆေးတိုက်တာပဲ သောက်မလား၊ ဆေးသောက်ရင်တော့ နင့်ပညာစက်တွေ ပျက်မယ်၊ ကြိမ်လုံးနဲ့ အရိုက်ခံရရင်တော့ ပညာစက်လည်းပျက် နင်လည်း သေမှာပဲ"

"နင်ဘ…ကဘာကို ရွေးမှာလဲ"





ဆရာကြီးက ပါးစပ်ကပြော လက်ကလည်း နောက်သို့ ဆုတ်သွားသော စုန်းမပူးကပ်နေသည့် ဒေါ်ပန်းပွင့်အား ဆေးကြိမ်လုံး နှင့် ရိုက်ရန်ရွယ်လိုက်သည်။

"မရိုက်နဲ့ … မရိုက်နဲ့"

အသံကုန် အော်ဟစ်ပြောတော့သည်။

"နင်က အရိုက်မခံရမချင်း အာခံနေတာပဲ"

"သူ့ကို လုပ်ထားတဲ့ ပညာတွေ ပြန်နုတ်ပေးစမ်း"

"ငါ့ကို ညာဖို့တော့ မကြိုးစားနဲ့ လိမ်မယ်ညာမယ်ဆိုရင် ခွင့်လွှတ်မှာ မဟုတ်ဘူး"

"မညာပါဘူး"

"အေး ဒါဆို ကြာသာပတေးသမီးမှာ ပြုစားထားတဲ့ နင့် ပညာစက်တွေကို ပြန်နုတ်စမ်း၊ ပညာစက်၊ တစ်စက်မှ မကျန်မှ နင့်ကို ပြန်ထွက်ခွင့်ပြုမယ်- ဟုတ်လား"

"ဟုတ်ကဲ့ သိပါပြီ"

"ပြီးတော့ နင်ဒီရွာမှာ ဆက်ပြီး နေချင်တယ်ဆိုရင် ဘယ်သူ ကိုမှ ပညာနဲ့ မလုပ်ပါဘူးလို့ ဂတိသစ္စာပြုရမယ် သဘောတူ လား"

"တူပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဒါဆို ငါသစ္စာရေ တိုက်မယ်"

"ရော့ ရေခွက်ကိုင်ထား ငါတိုင်ပေးမယ် လိုက်ဆို"

ဆရာကြီး ရွေ့ကတိုင်ပေးစဉ် စုန်းမက လိုက်ဆိုသည်။

"ကဲ ဂတိမတည်လို့ကတော့ သစ္စာဆိုထားတဲ့အတိုင်း မဟာအဝိဇ်မှာ မကျွတ်မလွတ်ဘဲ၊ ခံရပြီသာမှတ်၊ ကဲ ... သောက်လိုက်"

"အေး ... ဆရာစိတ်ချပြီ ... မင်းကို ဘာအန္တရာယ်မှ မပေးတော့ဘူး။ ဒီမပန်းပွင့်မှာ ပြုစားထားတဲ့ ပညာစက်ကို အကုန် ပြန်နုတ်ယူသွား"

"ကဲ ... တစ်ယောက်လင်ပန်းတစ်ချပ် ယူပေးဦး"

ဒေါ်ပန်းပွင့် ... ခြေဆင်းထိုင်လိုက်သည်။

အမျိုးသမီးတစ်ယောက်ကို ဒေါ်ပန်းပွင့် မျက်နှာအောက်မှာ လင်ပန်းကို ခံခိုင်းထားသည်။

"နင်ယူထားတဲ့အကြွေးကို ပေးစရာမလိုတော့ဘူးတဲ့။ ချေလိုက်ပြီတဲ့ ... ကြားလား"

"ကြားပါတယ်"

"ကဲ ... လုပ်စမ်း အောက်လမ်းပညာတွေ ပြန်နုတ်စမ်း"





လက်ဝါးနှစ်ဖက်ဖြန့်ပြီး ခေါင်းမှသည် ခြေဖျားအထိ သပ်ချနေတော့သည်။

"အားလုံး မျက်တောင်မခတ် ကြည့်နေသည်"

အတော်လေးကြာမှ ... ပျို့ပျို့ပြီး အံချလိုက်ရာ ဆံချည်ထွေးကြီး ထွက်ကျလာသည်။

"ကဲ ... နင့်ပညာ အကုန်ထုတ်ပြီးပြီလား"

"ထုတ်ပြီးပါပြီ"

"ဆရာ့စကားကို မမေ့နဲ့ နင်သွားလိုရာ သွားနိုင်ပြီ"

စုန်းမပညာသည်လည်း ဆရာကြီးကို ကန်တော့ပြီး ထွက်သွားတော့သည်။

ထို့နောက် ဒေါ်ပန်းပွင့်လည်း ထူထူထေ ်ထောင် ပြန်ဖြစ်ပြီး ကျန်ခဲ့သည်။

"အမေ သက်သာရဲ့လား"

"အေး ... နေကောင်းသွားပါပြီ"

ကဲ ... ကဲ ... အားလုံး ဘာမှ စိတ်မပူကြနဲ့တော့။ ရွာသူ ဒေါ်တုတ်တစ်ယောက် နောက်ကို ဘယ်သူမှ ပညာနဲ့ မပြုစားဝံ့တော့ပါဘူး"

"သူ့ကိုလည်း ပညာသည်ဆိုပြီး ရွာက ဝိုင်းမကျဉ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့။ သူ့ကြောင့် ဘယ်သူမှ အသက်မသေခဲ့တဲ့အတွက် ဒီအတိုင်း မသိသလိုပဲနေကြပါ"

"ကောင်းတာ၊ ချိတ်တာ၊ ရန်တွေ့တာ၊ မကြားတကြား ပြောတာတော့ ရှောင်ကြကွဲ့၊ လူဆိုတာ သည်းခံနိုင်တဲ့အတိုင်းအတာ ရှိတယ်။ သည်းမခံနိုင်တဲ့တစ်နေ့ အဝိဇ္ဇာရဲ့ ... နောက်မှကျချင် ကျပစေ ချက်ချင်းအရက်စက်ဆုံး တုန့်ပြန်တတ်တယ်"

"ဒါကြောင့် ခွင့်လွှတ်သည်းခံမှုနဲ့ နေကြဖို့ ဆရာအရှင် အညွှတ် တောင်းဆိုပါတယ်"

"ဟုတ်ကဲ့ ကျွန်တော်တို့ နားလည်ပါတယ်..."

"ကဲ ... မင်းရဲ့အမေကို ... ခဏနေရင် ... စားချင်တာ ကျွေးလို့ရပါပြီ၊ ရေလည်း ခပ်တိုက်ဦး နည်းနည်းချင်းတိုက် ကဲဆရာကြီး သွားမယ်"

"ကျွန်တော် လိုက်ပို့ပါမယ်"

ဒေါ်ပန်းပွင့်၏သားက ဆရာကြီးလွယ်အိတ်ကိုလွယ်ပြီး ဆရာကြီးနောက်မှ လိုက်သွားတော့သည်။

❖ ❖ ❖ ❖ ❖



# ရှေးဟောင်းရတနာနဲ့ အစောင့်သရဲများ

မုဆိုးစောထီးနှင့် မဲခေါင်တို့နှစ်ယောက် သုံးရက်စာ ရိက္ခာများကို ထမ်းပိုး၍ တောထဲသို့ ဝင်ခဲ့ကြသည်။

တစ်လကို နှစ်ခေါက် သုံးခေါက်မျှ တောလိုက်ထွက်လေ့ရှိသည်။ ယခု စိတ်ကူကိုယ်တူ အမဲလိုက်ရန် တောထဲဝင်လာရာ တောပစ်သေနတ်၊ ဒူးလေး၊ ဒါးလုံအစုံအလင် ပါသေးသည်။

သူတို့ အမြဲလာနေကျ နေရာက ကျောက်ဆင်စခန်းဖြစ်သည်။ ကျောက်တုံးကြီးတစ်တုံးက ဆင်ကြီးသဏ္ဌာန်ဖြစ်နေ၍ အလွယ်တကူ ကျောက်ဆင်စခန်းဟု ခေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစခန်းကို ရွာမှ တစ်ရက်နီးပါး လာရသည်။ မနက်စောစော ထွက်လာလျှင် မိုးမမှောင်ခင် ရောက်သည်။ ထိုမှနေ၍ အနီးပတ် ဝန်းကျင်မှ သားကောင်များ ချောင်းမြောင်းပစ်ခတ်သည်။

သမင်၊ ဒရယ်၊ ဂျီ၊ ဆတ် ခပ်ရှယ်ရှယ်တစ်ကောင်စီရလျှ ထမ်းပြီးပြန်သည်။

အကောင်သေးလျှင် ဝါးလုံးဖြင့် ရှေ့နောက်ရှိ၍ နှစ်ကော ရအောင် ဖမ်းပြီးသယ်သည်။

အချို့အခေါက်တွေဆိုလျှင် တောထဲမှာ သားကောင်လိုက်ရ မျက်စိလည်ကာ နှစ်ညသုံးညခန့်ပင် ကြာသွားသည်။ သားကော ရွေးချယ်ခွင့်မရှိ၊ ရရာဖမ်းပြီး ရိက္ခာပြတ်မှာစိုး၍ ပြန်ကြရသ

ထိုကျောက်ဆင်စခန်းအနီးမှာ သူတို့နှစ်ယောက် ည ခိုရန် ဂူတစ်လုံးက ရှိနေသည်။ ထိုဂူဝမှာ မီးဖိုပြီး စိတ်ချလက် အိပ်လေ့ ရှိသည်။

ညအခါဆိုလျှင် ဇက်ဆိုးများအော်သံ တောကြောင်များ အော် တို့က ညဥ့်နက်လာလေ ဆူညံလာလေပင်။ တစ်ယောက်တ စိတ်ချောက်ချားစရာ ကောင်းလှသည်။

တစ်ခါတစ်ရံ ညဥ့်နက်လာလျှင် တောခြောက်သလိုမျိုးလ ကြုံဖူးသည်။





တစ်ခါတုန်းက ညတစ်ည၊ သူတို့နှစ်ယောက် ဂူဝမှ မီးမဖို ဖြစ်သေးဘဲ လရောင်အရသာကို ထိုင်ပြီး စံစားနေကြသည်။

ထိုအချိန် ဂူနှင့် မလှမ်းမကမ်းမှာ နန်းဝတ်နန်းစားလိုလို ဝတ်ထားသော မိန်းကလေးတစ်ယောက်ကို နှစ်ယောက်လုံး မြင်နေ ရသည်။

မဲဇါက အခြေအနေကိုသိ၍ လန့်နေသည်။ စောထီးကတော့ ဒူးလေးကို ပြင်နေသည်။

ထိုသို့ ကြည့်နေစဉ် ရှေ့မှာမြင်နေရာက ပျောက်သွားသည်။ ခပ်လှမ်းလှမ်းသစ်ပင်များကြားမှာ ပြန်ပေါ်လာသည်။

မြားကို ထိုနေရာမှ ချိန်လိုက်စဉ်၊ ဖျတ်ခနဲ ပျောက်သွား ပြန်သည်။ ကြောက်ကြောက်လန့်လန့်နှင့် မြားဖြင့်လိုက်ချိန်စဉ် ပျောက်သွားပြီး တစ်နေရာမှာ ကနွဲ့ကရဖြင့် လမ်းလျှောက်ပြနေ ပြန်သည်။

သည်တစ်ခါတော့ စောထီးသည် မခံနိုင်တော့။ လက်ထဲက ဒူးလေးဖြင့် သေသေချာချာ ချိန်ပြီး ပစ်လိုက်သည်။

"အား"

ကြောက်မက်ဖွယ်ရာ အသံကြီးထွက်ပေါ်လာသလို တော အတွင်းမှာ တောကောင်များ ပြေးလွှားသံကို ဆက်တိုက်ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

ထို့နောက် သူတို့ အသိဝင်လာပြီး ဂူဝမှာ မီးဖိုထားလိုက်သည်။ မီးဖိုပြီးသည်နှင့် ဂူထဲမှာ စိတ်ချလက်ချ အိပ်လိုက်ကြသည်။

မနက်လင်းတော့ မြားနှင့်ပစ်ထားသော နေရာကို သွားကြည့်လိုက်သည်။ ပုတ်သင်ညိုတစ်ကောင်ကို မြားစိုက်ဝင်နေသည်ကို တွေ့ရသည်။

"အင်း ညကတောခြောက်တာပဲ၊ ကောင်မလေးနားသွားလို့ ကတော့ သေပဲ"

မနက်လင်းသည်နှင့် စာရေးသောက်ရေးကို ဂူထဲမှာပင် စီစဉ်လိုက်သည်။

ကိုးနာရီခန့်ရောက်တော့ အားလုံးကျက်ပြီဖြစ်၍ နံနက်စာ စားရန် ပြင်ဆင်ပြီး စားလိုက်ကြသည်။

"ကဲ ... ကျုပ်တို့ စမ်းချောင်းရှိတဲ့ဘက် သွားမယ်၊ စမ်းချောင်းမှာ တောကောင်တွေ နေ့ခင်းဆို ရေသောက်ဆင်းကြတယ်။ အခု ဒီကသွားရင် နေ့ခင်းအရောက် အတော်ပဲ"

သူတို့ စမ်းချောင်းရောက်လျှင် ပုန်းအောင်းရန် နေရာရှာပြီး ဖွဲကောင်းကောင်းနှင့် ထိုင်စောင့်ကာ သားကောင်ကို ပစ်ခတ်ရေ





ရှိသည်။

သူတို့နှစ်ယောက် ထမင်းစားသောက်ပြီး စမ်းချောင်းသို့ ထွက်လာခဲ့ရာ ဆယ့်နှစ်နာရီကျော်ကျော်မှာ ရောက်ခဲ့သည်။

သူတို့နှစ်ယောက် နှစ်နာရီ သုံးနာရီခန့် သစ်ပင်ခွပေါ်တက်ထိုင်ပြီး အခြေအနေကို စောင့်နေကြစဉ်၊ သမင်ကြီးတစ်ကောင် သမင်မတစ်ကောင် ရေလာသောက်သည်ကို တွေ့လိုက်သည်။

မဲခေါင်နှင့် စောထီးတို့ ပုန်းအောင်းရာက တစ်ယောက်နှင့် တစ်ယောက် သိပ်မဝေး။

မဲခေါင်က သမင်ထီးကို သူပစ်မည်၊ သမင်မကို မင်းပစ်ဟူ၍ လက်ဟန်နှင့် အချက်ပြလိုက်သည်။

စောထီးကလည်း သဘောပေါက်သည့်ဟန်နှင့် လက်မထောင်ပြသည်။

ထို့နောက် တစ်ပြိုင်နက်တည်း ပစ်လိုက်သည်။

တိုက်ဆိုင်စွာ ထိုအနီးအနားသို့ အပေါ်မှ သစ်ကိုင်းချောင်းအကျိုးတစ်ခု ပြုတ်ကျလာသည်။

သမင်ဖိုရော သမင်မပါလန့်ပြီး ခုန်လိုက်ချိန် မြားနှင့်ပစ်လိုက်သည့်အချိန် တပြိုင်နတ်တည်းဖြစ်သွားသည်။

မဲခေါင်၏မြားက သမင်မကိုမထိလိုက်။



www.burmeseclassic.com

www.burmeseclassic.com



သမင်နှစ်ကောင် တောထဲဝင်ပြေးသည်။

"လိုက်ကြမယ်၊ မြားက သမင်ထီးပေါင်ကို စိုက်သွားတော့ ဝေးဝေးကို ပြေးနိုင်မှာ မဟုတ်ဘူး"

သူတို့ သစ်ပင်ပေါ်က ဆင်းပြီး စမ်းချောင်းတစ်ဘက်သို့ ပြေးတက်သွားသော သမင်နှစ်ကောင်နောက်သို့ လိုက်ခဲ့ကြသည်။

သစ်တောအောက်ခြေ အနည်းငယ်ရှင်းသဖြင့် လိုက်ရသည်မှာ အခက်အခဲ သိပ်မတွေ့။ အမြန်ကြီးမဟုတ်သော်လည်း ခပ်သွက်သွက်လေး လျှောက်ခဲ့သည်။

တောင်ထိပ်သို့ ရောက်သွားသည်။ တစ်ဖက်စောင်းမှာ ချုံများ အတော်အသင့် တွေ့လိုက်သည်။

"ချုံတွေ ထူတဲ့ဘက်ကတော့ သွားမှာမဟုတ်ဘူး၊ ဒီဘက်က အောက်ခြေရှင်းတယ် ဒီအတိုင်းလိုက်မယ်"

"သိပ်ဝေးဝေး မလိုက်ပါနဲ့ဗျာ။ ဒီအကောင်မရလည်း နောက်တစ်ကောင် ရနိုင်သေးတာပဲ၊ နောက်ကြောင်းပြန်လှည့်ကြမယ်"

"လာပါ ရှေ့နားနည်းနည်းတော့ လိုက်ကြည့်ဦးမယ်"

သူတို့ လမ်းသာသာလေးသဖွယ် ရှင်းနေသော သစ်ပင်ချုံပင်ကြားမှာ ရှေ့တိုးခဲ့သည်။

"ဟာ ဟိုရှေ့မှာ သမင်ကြီး"





သူတို့ ဝမ်းသာသွားသည်။ သူတို့ရှေ့ ကိုက်တစ်ရာလောက်မှာ ထော့နဲ့ထော့နဲ့ဖြင့် သွားနေသော သမင်ကြီးကို တွေ့လိုက်သည်။

မြားနှင့်လှမ်းပစ်ရအောင်လည်း မဖြစ်၊ တောပစ်သေနတ်က ဂူထဲမှာ ကျန်ခဲ့သည်။ သမင်နှင့် နီးနီးရောက်ရန် ခြေလှမ်းသွက်သွက် လှမ်းလိုက်သည်။

ထိုစဉ် တောဂုဏ် ချုံပင်၊ နွယ်ပင်၊ သစ်ပင်ရှုပ်ထွေးသော နေရာမျိုးဖြစ်ကြောင်း သတိထားမိလိုက်သည်။ ထိုတောထဲကို ဝင်သွားပါက လိုက်ရန်မလွယ်တော့။ ထိုစဉ် သူတို့ရှေ့မှ သမင်ကြီးကို အရပ်ခုနစ်ပေ ရှစ်ပေခန့်ရှိသော လူသဏ္ဍာန် မည်းမည်း အကောင်ကြီးက သစ်ပင်အကွယ်မှထွက်ပြီး ဖမ်းယူလိုက်သည်ကို တွေ့လိုက်သည်။

"ဟာ ... ဟာ ..."

"ဘယ်လိုဖြစ်တာလဲ ဘာကောင်ကြီးလဲ"

သူတို့ခြေလှမ်းများ တုန့်သွားသလို၊ မျက်လုံးများလည်း ပြူးထွက်သွားရသည်။

"ဟာ ... သရဲ ... သရဲ"

"ဘာတွေ့လိုလဲ မဲခေါင်"

"သမင်ကြီးကို ကောက်ထမ်းလိုက်ပြီး ရှေ့နားလည်းရောက်



www.burmeseclassic.com

www.burmeseclassic.com



ရော ... သမင်ရော အကောင်ကြီးပါ ရုတ်တရက်ပျောက်သွား တယ်"

"သစ်ပင်တွေ အနောက်ကို ရောက်သွားလို့လားမှ မသိတာ"

"မဟုတ်ဘူး ဘယ်သစ်ပင်နောက်ကိုမှ မရောက်ဘူး၊ ကျုပ် မျက်စိအောက်မှာကို ပျောက်သွားတာ"

"လာ ရှေ့အနည်းငယ်တိုးပြီး ကြည့်ကြမယ်"

"ဟာ ... ကျုပ်တော့ မသွားရဲဘူး၊ ကြောက်တယ်"

"လာပါဗျာ နေ့ခင်းကြောင်တောင်ကြီး ကြောက်စရာ မရှိ ပါဘူး"

သူတို့ တောင်ခြေဘက်သို့ ဆင်းလာခဲ့သည်။

"ဒီနားမှာ အကောင်ကြီးနဲ့ သမင်ကြီးပျောက်သွားတာ"

အနီးပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

"ဟိုနားမှာ ကြည့်လိုက်စမ်းဗျ၊ တစ်ခုခု ထူးခြားသလိုပဲ။ ကျောက်တုံးကျောက်ဆောင်တွေကြားမှာ ဂူလားမသိဘူး၊ နည်းနည်း တိုးပြီး ကြည့်ရအောင်"

"စောစောက အကောင်ကြီးနဲ့ တိုးနေဦးမယ်"

သူတို့နှစ်ယောက် ရှေ့တိုးသွားပြီး ချုံပုတ်တစ်ခုကို လက်နှင့် ဆွဲသိမ်းလိုက်သည်။





"ဟာ... ဂူကြီးပဲ"

"အထဲဝင်တဲ့အပေါက်ပဲ"

"စောစောက အကောင်ကြီး အထဲဝင်တာ မဖြစ်နိုင်ဘူး"

"ဘာကြောင့် အတတ်ပြောနိုင်တာလဲ"

"ဒီမှာကြည့်ပါလား၊ သစ်ပင်ချုံပင်တွေကို ဝင်တိုးထားတဲ့ ပုံမဟုတ်ဘူး၊ နွယ်ပင်လေးတွေ ယှက်ပြီးနေတာ ကွေ့လား၊ လူ တိုးဝင်ရင် နွယ်ပင်လေးတွေ ပျက်ထွက်နေမှာ"

"ကိုယ်ယောင် ဖျောက်သွားမှတော့ ဘယ်တောတိုးဖို့လိုမလဲ"

"ဂူထဲ ဝင်ကြည့်မလား"

"မကြည့်ရဲဘူး"

"လာပါဗျာ ... ကျုပ်တို့မှာ လက်နက်တွေပါတာပဲ၊ ဘာ ကြောက်စရာ လိုလို့လဲ"

"ကျုပ်တို့ ကျောက်ဆင်စခန်းကို မိုးမချုပ်ခင် ပြန်ရောက်ဖို့ အရေးကြီးတယ်"

"ဒီဂူကြီးထဲမှာ အခြေအနေကောင်းရင် ညအိပ်သင့် အိပ်ကြ တာပေါ့"

"ညစာ ... ဘာနဲ့စားမှာလဲ"

"တဲပါ ပြောနေကြာတယ် ... ခဏဝင်ကြည့်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



မဲခေါင်က တားနေပေမယ့် စောထီးကတော့ အကြောက်အလန့်မရှိ အထဲဝင်ရန် ဆန္ဒပြင်းပြနေသည်။

"ကဲ ... ခင်ဗျားရှေ့ကသွား"

စောထီးက လေးနှင့်မြား အသင့်ပြင်ပြီး ရှေ့က ဝင်သွားသည်။

"မဲခေါင် ငါ့အဖိုးပြောဖူးတဲ့ ဂူဟာ ဒီဂူလား မသိဘူး"

"ဘာဂူလဲ မင်း ... ငါ့ကို တစ်ခါမှ မပြောဖူးပါဘူး"

"အဖိုး အမဲလိုက်စဉ်က ဂူတစ်ဂူထဲရောက်သွားတယ်တဲ့။ အထဲမှာ မမြင်ရတဲ့ ဝိညာဉ်သရဲတွေ ခြောက်လှန့်မှုကို ခံရပြီး ... အသက်လု ပြန်ပြေးထွက်ခဲ့ရတယ်တဲ့"

"သုံးယောက် ဂူထဲဝင်တာ နှစ်ယောက်သေသွားတယ်တဲ့။ ခြောက်တဲ့ သရဲတွေက တွေ့ကာစက မင်းညီမင်းသားတွေတဲ့။ နောက်ပိုင်း သူတို့မှားလို့လား၊ အဖိုးကတော့ ရှင်းမပြဘူး၊ သူနဲ့ပါသွားတဲ့ အဖော်တွေ သစ္စာမဲ့တဲ့အလုပ်တွေလုပ်လို့ မင်းညီမင်းသားအသွင်က အားလုံးသရဲတွေ ဖြစ်သွားတယ်တဲ့"

"ဒီဂူလို့ထင်ရင် ဝင်မနေနဲ့တော့ ကျုပ်သရဲကြောက်တယ်"

"ဟုတ်ချင်မှ ဟုတ်မှာပါ ... တောတဲတောင်ထဲမှာ ဂူတွေရှိနိုင်တာပဲ"





အလင်းရောင်က လှိုဏ်ဂူအတွင်းနားအထိ ရောက်အောင် မြင်နေရသေးသည်။

ဂူအတွင်း ပေငါးဆယ်ခန့် ရောက်လာသည်။ ထူးထူးခြားခြား ဘာမှမတွေ့ ရှေ့အနည်းငယ်ဝင်တော့ ဂူအမိုးမှာ အလင်းရောင်ဝင်သည့် အပေါက်တစ်ခုကို တွေ့လိုက်သည်။ ထိုနေရာက လူဝင်လူထွက် လုပ်၍မရ။

အထဲသို့ အလင်းရောင်ရှိ၍ ဆက်ဝင်ကြည့်သည်။ အထဲမှာ အနည်းငယ် အစိုဓာတ်ရလာသည်။

"အလင်းရောင်အားနည်းလာသဖြင့် ရှေ့ဆက်သွားရန် မဖြစ်နိုင်တော့"

"မျက်လုံးကျင့်သားရအောင် ခဏနေပြီး ဝင်နိုင်သလောက်ဝင်ကြည့်ကြမယ်"

"ဝုန်း"

"ဟာ ... ဘာလဲ"

"နောက်ကအသံပဲ ... တစ်ခုခုပစ်ချတဲ့အသံ"

"ဟား ... ဟား ... ဟား ..."

"ဟင် ... ရယ်သံ ... လူ့ရယ်သံ"

အသံက ဂူအတွင်းမှာ ဟိန်းပြီး ကျယ်သင့်သည်ထက် ပိုကျယ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

ဟီး ... ဟီး ... ဟီး ... ဟင့် ... ဟင့် ...

ကြားရပြန်ပြီ မိန်းမတစ်ယောက်၏ ငိုသံ။

နောက်က ... အသံတွေ တစ်မျိုးပြီးတစ်မျိုး ထွက်လာသည်။ ရှေ့ကိုလည်း ဆက်မသွားဝံ့၊ နောက်ကို ပြန်လှည့်ရန်ကလည်း ထွက်နေသည့်အသံမျိုးစုံက သူတို့ဝင်လာသည့် နောက်ဘက်မှ ဖြစ်သည်။

"မဲခေါင် မင်းကျောပိုးလွယ်အိတ်ထဲမှာ ဓာတ်မီးရှိတယ်မဟုတ်လား"

"အေး ... ပါကယ် မေ့နေလိုက်တာ"

မဲခေါင်က သုံးတောင့်ထိုးဓာတ်မီးကို ထုတ်ယူလိုက်သည်။

နောက်ကအသံကြားရာသို့ ဓာတ်မီးနှင့် လှမ်းထိုးလိုက်သည်။

"ဟင်"

"တွေ့လား ငါတို့လိုက်နေတဲ့ သမင်ကြီး စောစောကအသံက သမင်ကြီးပစ်ချတဲ့အသံပဲ"

"ဘာကောင်မှလဲ မတွေ့ပါလား"

"အရိုးစုက ... ဒီမှာနှစ်ခု ... ဟိုရှေ့မှာလည်း အရိုးစုသုံးခု"

"ဒါ မင်းဘဖိုးရဲ့ မိတ်ဆွေနှစ်ယောက်ဖြစ်မယ်"





"ဘာကြောင့်ထင်တာလဲ"

"အရိုးစုမှာ ဘောင်းဘီတွေ ဝတ်ထားတယ်"

"ဟိုရှေ့က အရိုးစုမှာ ဘာအဝတ်စားမှ မတွေ့ဘူး။ အဲဒီသုံးခုက အဝတ်အစားတွေ မကျန်တော့တဲ့အတွက် နှစ်အတော်ကြာပြီဖြစ်မယ်"

"ဒီအသေကောင်တွေရဲ့ ဝိညာဉ်တွေ မကျွတ်မလွတ်ဘဲ တို့နောက်က တကောက်ကောက်လိုက်ပြီး ခြောက်လှန့်နေလားမသိဘူး"

လက်နှိပ်ဓာတ်မီးရောင်အောက်မှာ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်ပြေးနေကြသော ဖြူဖြူသဏ္ဌာန်များ မည်းမည်းသဏ္ဌာန်များကို မြင်နေရသည်။

"ဘယ်လိုလုပ်မလဲ ဒီဂူကြီးက ဝိညာဉ်တွေ ပျော်တဲ့နေရာဖြစ်နေပြီလား မသိဘူး၊ အပြင်ပြန်ထွက်ကြရင် ကောင်းမယ်"

ဝုန်း ... ဝုန်း ... ဝုန်း ...

ဟီး ... ဟီး ... ဟီး ... ဟီး ...

သူတို့နောက်ဖက်ပြန်လှည့်မည်ပြုလိုက်တိုင်း နောက်ဖက်မှ ထိတ်လန့်ဖွယ်အသံများ ငိုညည်းသံများ ထွက်လာသည်။

သို့ကြောင့် နောက်သို့ပြန်လှည့်မည့်အကြံကို လက်လျှော့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ရှေ့သို့လည်း ဆက်မသွားရဲ အကြံအိုက်နေသည်။

"ကျုပ်တို့ အထဲဝင်မိတာ မှားပြီ၊ အခုလေးနာရီကျော်ပြီ၊ မကြာခင် မှောင်လာတော့မှာပဲ"

အတွင်းပိုင်းမှာ ဂူလမ်းကြောင်းနှစ်ခု ရှိနေသည်။ တစ်ခုသော ဂူအဝ ကျောက်နံရံကိုမှီပြီး၊ အသက်ထွက်နေသော အရိုးစုနှစ်စုကို တွေ့ရသည်။

"ဘယ်လိုလုပ်မလဲ၊ ရှေ့ကိုလည်း မသွားရဲတော့ဘူး။ ကြောက်လာပြီ၊ စောစောထဲက မဝင်ပါနဲ့ဆို မရဘူး၊ အခုမှခက်ပြီ"

"သေအတူ ရှင်မကွာပေါ့ကွာ၊ နောက်ကြောင်းပြန်လှည့်မယ်။ သရဲတွေ့လည်း တိုးဝင်မယ်ကွာ"

သူတို့နောက်ကြောင်းပြန်လှည့်ရန် ဆုံးဖြတ်ပြီး နောက်သို့ လျှောက်လာစဉ် ...

ဝေါ ... ဝေါ ...

ဝုန်း ... ဝုန်း ...

ဂျိန်း ... ဝုန်း ...

ရှေ့ဘက်မှ ကျောက်ကုန်းများ ပြိုကျသံက အသည်းယား ဖွယ်ရာ ကြားနေရသည်။ ရှေ့ကို စွတ်တိုးပြီးသွားပါက ပြိုကျသော ကျောက်တုံးများအောက် ပိပြားပြီး သေဖွယ်ရာရှိသည်။





"ဟာ ... ရှေ့မှာ သရဲတွေ အများကြီးပဲ"

မှန်ပါသည်။ အမှောင်ထဲမှာ မျက်လုံးရဲရဲကြီးများ လေးငါး ုံမျှ မြင်လိုက်ရသည်။

ဓာတ်မီးနှင့် လှမ်းထိုးကြည့်သည့်အခါ ဘာမျှမမြင်ရ။ မီးမှိတ် ိုက်သည်နှင့် မျက်လုံးရဲရဲများကို မြင်ရပြန်သည်။

အပြင်မှာ အလင်းရှိသေးသည့်အတွက် ဂူကြီးအတွင်း မှောင် ှာင်မည်းမည်းတော့ မဟုတ်။ သရဲများ မည်းမည်းအရိပ်များ ဖြုအငွေ့များ လှုပ်ရှားသွားလာနေသည်။

သူတို့ အပြင်ပြန်ထွက်မည်ကို မကြိုက်သည့်အသွင်ဖြစ်သည်။ ှေ့ကို ဆက်လျှောက်ပါက သရဲများရှေ့မှာ လှုပ်ရှားမှုမရှိ၊ ငြိမ်သက် နသည်။

ရှေ့လည်း ဆက်မသွားဝံ့။ နောက်လည်းမပြန်ဝံ့။ အမှောင် ကလည်း ပိုလာသည်ထင်သည်။ လေးနာရီ ငါးနာရီခန့် ရှိပေမယ့် ာရိပ်တောင်ရိပ်ကြောင့် အမှောင်ထုကျရောက်လာပုံရသည်။

ဤသရဲဝိညာဉ်တွေ ပေါ်လှသော ဂူကြီးအတွင်း တစ်ညတာ ည်ကဲ့သို့ ကျော်ဖြတ်ရမည်ကို မစဉ်းစားဝံ့တော့။ ညဉ့်နက်လာ က သူတို့နှစ်ယောက် သရဲအခြောက်အလှန့်ခံရပြီး အသက် ွယ်မမြင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကြောင့် ဒီဂူထဲရောက်လာတာ"

"ခင်ဗျားပဲ အန္တရာယ်မရှိဘူးဆို၊ အခု သရဲတွေက ကျုပ်တို့ကို အပြင်ထွက်ခွင့် မပေးတော့ဘူး၊ ငါတို့ကို သတ်စားမလို့လားမသိဘူး"

"သတ်စားမယ် ဆိုမှတော့ အခုလို အသက်ရှင်အောင် ထား တော့မှာမဟုတ်ဘူး"

"တို့ ပြေးထွက်ရင် ကောင်းမလား"

"သရဲတွေက ရှေ့မှာ ငါးကောင်ထက်မနည်းရှိတယ်"

"ငါလည်း ပြောသာပြောရတယ် ... ဒီသရဲတွေလက်က လွတ်အောင် ဘယ်လိုထွက်ရမယ်မှန်း မသိဘူး"

"တို့အတူယှဉ်ပြီး ထွက်ကြည့်မယ်"

"လာ ... သွားမယ်"

ဂျိန်း ... ဂျိန်း ... ဂျိန်း ...

ဟား ... ဟား ... ဟား ...

"မထွက်နဲ့ မထွက်နဲ့ ဟီး ဟီး ဟီး"

"ဟာ မထွက်နဲ့တဲ့ ... စကားပြောနိုင်တယ်"

"ကျုပ်တို့ အပြင်ပြန်ထွက်ပါရစေ၊ ခင်ဗျားတို့ကိုလည်း ဘာမှ အနှောင့်အယှက်မပေးပါဘူး၊ ပြန်ထွက်ခွင့်ပြုပါ"

"မထွက်နဲ့ ... မထွက်နဲ့"





"တို့ကိုများ သတ်စားချင်လို့လား မသိဘူး၊ စောစောက သမင်ကြီးကိုလည်း သူတို့ စားမလို့ သယ်လာတာ ဖြစ်နိုင်တယ်"

"ဒါဆို ရှေ့လည်း မသွားရဲဘူး။ နောက်ကိုလည်း ပြန်ထွက်လို့မရဘူး။ ဒီနားမှာ နားနားနေနေ ထိုင်လို့ရမယ်နေရာ ရှာကြည့်မယ်၊ သူတို့ သတ်စားမယ်ဆိုလည်း ငြိမ်ခံရုံပဲပေါ့"

မဲခေါင်က စိတ်လျှော့သည့်စကား ပြောလာသည်။

ဓာတ်မီးနှင့် ထိုင်၍ရမည့်နေရာကို ရှာဖွေလိုက်သည်။ ကံအားလျော်စွာ သူတို့ရပ်နေသော နေရာမှ ဆယ့်ငါးပေခန့်အကွာမှာ ကျောက်နံရံနှင့်ကပ်လျက် လူနှစ်ယောက် အသာလေးအိပ်စက် အနားယူနိုင်သည့် ကျောက်ဖြာကြီးကို တွေ့လိုက်သည်။

"ဒုက္ခတွေကြားမှာ ကံတော့နည်းနည်းကောင်းသွားပြီ၊ လာ အဲဒီကျောက်ဖြာပေါ်မှာ သွားထိုင်ကြမယ်"

ကျောက်ဖြာ မျက်နှာပြင်ကို လက်များနှင့် သပ်ကြည့်လိုက်သည်။

ဖုံထုနည်းနည်းရှိသည်။ မတတ်နိုင် ထိုပေါ်မှာပင် ထိုင်ချလိုက်သည်။

"ဒီအတိုင်းဆို ဒီမှာပဲ ညအိပ်ရတော့မယ်နဲ့တူတယ်"

ဂူအဝင်ဘက်မှာ သရဲမျက်လုံးတစ်စုံတွေ့လိုက် နှစ်စုံတွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရသည်။ အနီးသို့ရောက်လာခြင်း မရှိ။ ခပ်ဝေးဝေးမှာသာ ရှိနေသည်။

ဗိုက်ကလည်း ဆာနေပြီ၊ ဘာမှလည်း မစားရ၊ ရေလည်း မသောက်ရ၊ တစ်ညလုံး ဒုက္ခခံရတော့မည်။

"ဗိုက်ဆာတာထက် သရဲအစားမခံရအောင် သတိထား၊ မဲခေါင်မင်းမှာ ဓားမြောင်ပါတယ် မဟုတ်လား။ ငါလည်း ဓားမြောင် ကိုင်ထားမယ်၊ အရေးအကြောင်းဆို ကာကွယ်နိုင်အောင် ဓားကို အသင့်ကိုင်ထား"

"အေး ယောင်ပြီးတော့ ငါ့ကို ဓားနဲ့ မထိုးလိုက်နဲ့ မဲခေါင်"

"ကျုပ်က ခင်ဗျားကို သတိပေးရမှာ၊ ခင်ဗျားက ယောင်တတ်တယ်။ သတိနဲ့နေပါဗျာ၊ အတတ်နိုင်ဆုံး မအိပ်ပါနဲ့"

အမှောင်ထုက ကြီးစိုးလာလေ အသံများက တိတ်ဆိတ်ငြိမ်သက် မသွားဘဲ အမှောင်ထဲမှာ ခြေသံများ၊ ရယ်သံများ၊ မိန်းမငိုသံများ၊ ကလေးငိုသံများ အသံမျိုးစုံ ချောက်ချားဖွယ်ရာ ကြားနေရသည်။

သူတို့နှစ်ယောက်လည်း အသံများအား ဆက်တိုက်ကြားနေရသဖြင့် ကြောက်လန့်မှုကို အလွန်အကြူး မဖြစ်တော့ဘဲ အိပ်ချင်စိတ်ကို မတွန်းလှန်နိုင်သဖြင့် သန်းခေါင်ကျော်သည်နှင့် အိပ်ပျော်သွားတော့သည်။





အိပ်ပျော်သွားအောင်လည်း မမြင်ရသော ဝိညာဉ်များက လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။

သူတို့နှစ်ယောက် အိပ်မောကျနေချိန် ... မဲခေါင်ရော စောထီးကိုပါ လူကြီးတစ်ယောက် လာနှိုးသဖြင့် နိုးသွားရသည်။

"ကဲ တူတော်တို့ အိပ်တာလည်း အိပ်တာပေါ့။ အခုလောက်ဆို အိပ်ရလို့ နည်းနည်းအိပ်ရေးဝလောက်ပါပြီ၊ ခဏလေး ထပြီး ဦးလေးရဲ့နောက် ... လိုက်ခဲ့ပါဦး"

မီးတွေ ထိန်လင်းအောင် ထွန်းထားသော ဂူတစ်ဂူ၏ အခန်းထဲသို့ ဝင်လိုက်သွားသည်။

ဂူအတွင်းမှာ လူဆယ်ယောက်ရှိနေသည်။ ယောက်ျားကြီးများ မိန်းမကြီးများဖြစ်သည်။

သူတို့ဝတ်စုံများက ရှမ်းအဝတ်အစားလား၊ ရခိုင်အဝတ်အစားလား၊ မွန်အဝတ်အစားလား မသိ။ ရှေးခေတ်အဝတ်အစားများဖြင့် တွေ့လိုက်ရသည်။ ယောက်ျားကြီးများက ဘောင်းဘီပွပွကြီးတွေဝတ်ထားသည်။ ရွှေခြည်ထိုးများဖြင့် အင်္ကျီတွေကို အလှဆင်ထားသည်။

"လာ ... လာ ... ထိုင်ကြ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ရောက်မဆိုက်ပဲ ဦးတို့က မောင်ရင်တို့နှစ်ယောက်ကို ဒီအထိ ခေါ်လာရတဲ့အကြောင်း ရှင်းပြပါရစေ"

နှုတ်ခမ်းမွေးကားကား ယောင်ထုံးကြီးနှင့် အသက် ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးရှိ ဦးကြီးက စကားစလာသည်။

"ဦးကြီးက မွန်ဘုရင်တစ်ပါးရဲ့ အမတ်ကြီးတစ်ယောက်ဆိုပါတော့၊ မွန်ဘုရင်နဲ့ ဟံသာဝတီဘုရင် စစ်တိုက်ကြရင်း မွန်ဘုရင် စစ်ဆုံးသွားခဲ့တယ်"

"မွန်ဘုရင်ရဲ့ နန်းတွင်းမှာ ရှိသမျှ အကုန်ယူ အကုန်သတ်ပဲ"

"ဘုရင်နဲ့ နီးကပ်နေတဲ့ စစ်သူကြီး မှူးကြီးမတ်ရာ အကုန်နီးပါး အသတ်ခံလိုက်ရတယ်"

"ဦးလေးက နန်းတွင်းမှာ သတ်ဖြတ်နေတဲ့အချိန် အပြင်မှာ တာဝန်နဲ့ရောက်နေလို့ အသက်ဘေးက လွတ်ခဲ့ရတယ်"

"ဒါပေမဲ့ အဝေးရောက် မှူးမတ်သေနာပတိတွေကိုပါ လိုက်လံ ကွပ်မျက်နေလို့ မိသားစုတွေနဲ့အတူ သံလွင်မြစ်အတိုင်း ရေတက်ကုန်းတသွယ် ပြေးလွှားရင်းက ဒီနေရာကို ရောက်လာခဲ့တာ"

"ဒီဂူထဲမှာ မိသားစုအလိုက် ပုန်းရှောင်နေရင်း စိုက်ပျိုးစားသောက်နေထိုင်ခဲ့ကြတယ်"

အဲဒီလိုနေလာရင်း နှစ်တွေကြာလာတော့ အစားအသောက်ရှားပြီး ကူးစက်ရောဂါဖြစ်လို့ အားလုံးသေဆုံးခဲ့ကြတယ်။

"အချို့ကတော့ သူတို့သွားရမယ့် လားရာဘုံကို ရောက်သွားကြပေမယ့် ဒီဂူထဲမှာ ဦးတို့အပါအဝင် မကျွတ်မလွတ်သေးတဲ့ ယောကျ်ားမိန်းမ ကလေးဆယ့်သုံးယောက်ရှိသေးတယ်"

"ငါတို့လည်း ကျွတ်လွတ်ချိန်ရောက်နေပြီ၊ ကျွတ်လည်း ကျွတ်ချင်ပါပြီ"

"ဒါဖြင့် ဘာကြောင့် မကျွတ်မလွတ်သေးတာလဲ"

"အဲဒီအကြောင်းကို ပြောပြချင်လို့ ... မင်းတို့ကိုလည်း အကူအညီတောင်းချင်လို့ ဒီဂူထဲရောက်အောင် ခေါ်လိုက်တာ"

"ဗျာ ... ခေါ်လိုက်တာ"

"ဟုတ်တယ် သမင်ကြီးကို မြားနဲ့ မထိတထိဖြစ်အောင် အရင်လုပ်တယ် ... သမင်ကြီး ငါတို့ဂူဘက်ရောက်အောင် မောင်းလာခဲ့တာ"

"ဂူနားရောက်တော့ ဂူထဲဝင်အောင်လုပ်ရတာပေါ့။ ဂူထဲလည်း ရောက်ရော ပြန်မထွက်နိုင်အောင် ငါတို့ကစိုင်းပြီး ခြောက်လှန့်ကြတာ"

"ဒီဂူရှေ့ကိုရောက်ရင် ငါတို့ ဆန္ဒပြည့်ပြီပေါ့"

"ဘာကြောင့် ဂူထဲဝင်လာအောင် ခေါ်ခဲ့တာလည်းဆိုတာ ရှင်းပြ







www.burmeseclassic.com

www.burmeseclassic.com



ပါဦး"

"ဦးလေးတို့က စစ်ရှောင်ပြေးလာတာ၊ မိသားစုအားလုံး ပိုင်ဆိုင်သမျှ အတွင်းပစ္စည်းတွေပါခဲ့တယ်။ ပြီးတော့ ဦးတို့မိသားစု ကိုးကွယ်တဲ့ ရွှေစေတီ၊ ငွေစေတီ၊ ရွှေဆင်းတု၊ ငွေဆင်းတု၊ ရှေးဟောင်းဘုရားတွေရှိတယ်"

"မောင်ရင်တို့ ဟိုကျောက်ပေါ်မှာ မြင်ရတဲ့ ရွှေဆင်းတုတော်၊ ငွေဆင်းတုတော်ရယ် ရွှေစေတီ၊ ငွေစေတီတွေကို မြင်တယ်မဟုတ်လား"

ဟုတ်ပါသည်။ ရွှေစေတီ၊ ငွေစေတီများက ဉာဏ်တော်တစ်ပေသာသာခန့်ရှိမည်ဟု မှန်းဆမိသည်။

ရွှေဆင်းတု ငွေဆင်းတုတော်တို့က ပလ္လင်အပါအဝင် တစ်ပေခန့်ရှိသည်ဟု စိတ်ကမှန်းမိသည်။

"အဲဒီစေတီဘုရားတွေရယ်၊ ဒို့တို့မိသားစုတွေပိုင်တဲ့ လက်ဝတ်လက်စားတွေ ဟိုကျွန်းသေတ္တာလေးထဲမှာ ရှိတယ်"

"ကျွန်တော်တို့နဲ့ ဒီပစ္စည်းတွေက ဘယ်လိုသက်ဆိုင်လို့လဲ ဦးလေး"

"အခု ဒီတော ဒီတောင်ကထွက်ရင် မင်းတို့ တောထဲ အမြဲဝင်တဲ့ လမ်းကြောင်းကပဲပြန်ကြ၊ မြစ်ဆိပ်ကို ရောက်လိမ့်မယ်၊





မြစ်ဆိပ်ရောက်ရင် စက်လှေနဲ့ မြောက်ဘက်ကို ဆက်သွားရမယ်၊ သွားရင်းနဲ့ လှေဆိပ်တစ်ခု တွေ့လိမ့်မယ်၊ လှေဆိပ်မှာ သာသနာ့အလံတွေ ထောင်ထားလိမ့်မယ်၊

အဲဒီလှေဆိပ်က မင်းတို့ခရီးဆုံးပဲ ... အဲဒီလှေဆိပ်ကနေ အတွင်းဘက်တစ်မိုင်လောက် လှည်းလမ်းအတိုင်း လှည်းနဲ့သွားကြ၊ လမ်းဘေးမှာ သာသာနာ့အလံတွေ စိုက်ထူထားလိမ့်မယ်၊

"အဲဒီ ဘုရားတည်နေတာ ပြီးခဲ့တဲ့နှစ်ကတည်းက တည်နေတဲ့ဘုရား၊ ဒီနှစ်တပေါင်းလပြည့်နေ့မှာ ဌာပနာပိတ်ပွဲ ကျင်းပလိမ့်မယ်။ ဒီပစ္စည်းတွေ အားလုံး ဘုရား ဌာပနာဖို့ ပို့ပေးလှူဒါန်းစေချင်တယ်"

"ပြီးတော့ လပြည့်ကြရင် ကျုပ်တို့ကို ရေစက်ချ အမျှဝေပေးပါ။ ကျုပ်တို့ လပြည့်နေ့မှာ သာဓုလာခေါ်ပါ့မယ်"

"ပြီးခဲ့တဲ့ ငါးနှစ်လောက်က မုဆိုးသုံးယောက်ကို မင်းတို့လိုပဲ ဂူထဲခေါ်ခဲ့သေးတယ်"

"ပစ္စည်းတွေလည်း လက်ထဲရောက်ရော လှူဖို့မပြောနဲ့၊ အသက်ငယ်မုဆိုးနှစ်ယောက်က အသက်ကြီးတဲ့မုဆိုးကိုသတ်၊ ပစ္စည်းတွေယူပြီး ထွက်ပြေးကြမယ်လို့ တိုင်ပင်နေတာ ဒို့တို့သိလိုက်တယ်။ ပစ္စည်းတွေ ပြန်သိမ်းပြီး မုဆိုးငယ်နှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဂူထဲမှာပဲ သတ်မစ်လိုက်တယ်"

"မုဆိုးကြီးကိုလည်း ဒီအကြောင်း ဘယ်သူ့မှ မပြောဖို့ ခြောက်လှန့်ပြီး ပြန်လွှတ်လိုက်တယ်"

"အခု ဘုရားတည်နေတာနဲ့ ကြုံလို့ လှူချင်တာနဲ့ မင်းတို့ကို ယုံကြည်ပြီး အကူအညီတောင်းလိုက်တာပဲ"

"စိတ်ချပါ ကျွန်တော်တို့ ဒီတာဝန်ကို အသေအချာ ထမ်းဆောင်ပေးပါ့မယ်"

"မင်းတို့ အလကားလုပ်ပေးစရာမလိုပါဘူးကွာ။ မင်းတို့ အတွက် လုပ်ခပေးမှာပေါ့"

"ဟဲ ... ဟိုသေတ္တာလေးယူလိုက်စမ်းပါ"

ဦးလေးကြီး လက်ထဲသေတ္တာလေးရောက်လာသည်။ သေတ္တာလေးကို ဖွင့်ပြီး လက်နှိုက်လိုက်သည်။ လက်ကိုပြန်ထုတ်တော့ လက်ထဲမှာ ပတ္တမြားလက်စွပ်နှစ်ကွင်းပါလာသည်။

"ရော့ တစ်ယောက်တစ်ကွင်းယူလိုက်၊ နည်းတယ် များတယ်လည်း မတွေးနဲ့။ တစ်ခုနဲ့တစ်ခုကလည်း တန်ဖိုးသိပ်မကွာဘူး"

"ဟဲ ... ဦးလေးတို့ခိုင်းတာ လုပ်ပေးနိုင်မလား"

"ဟုတ်ကဲ့ စိတ်ရောကိုယ်ပါနှစ်ပြီး ... လုပ်ပေးပါ့မယ် ကျွန်တော်တို့ကို ယုံကြည်စေချင်ပါတယ်"





"ဟဲ ... ဒါဆို အိပ်ရာမှာ ပြန်အိပ်လိုက်ဦး ... မနက်မိုးလင်းရင် ဦးလေးတို့ပေးတာယူပြီး ပြန်ကြတော့"

"လာထကြ ... မင်းတို့အိပ်တဲ့ဆီ ပြန်ပို့ပေးမယ်"

ထိုသို့ ပြောလိုက်သည်နှင့် သူတို့နှစ်ယောက်ရှေ့မှာ ထိုင်နေသူ လူများအားလုံး တစ္ဆေကောင်ကြီးများ ဖြစ်သွားကာ အခိုးအငွေ့အသွင်နှင့် လွင့်မြောကွယ်ပျောက်သွားတော့သည်။

မနက်လင်းတော့ စောထီးရော မဲခေါင်ပါ အိပ်ရာမှ နိုးလာသည်။ ဂူကြီးထဲမှာ အမှောင်ထုက ရှိနေသေးသည်။

စောထီးရော မဲခေါင်ပါ အိပ်ရာမှနိုးသည်နှင့် လက်ထဲမှာ တစ်ခုခု ရှိနေသည်ကိုသိ၍ အသေအချာ ကြည့်လိုက်ကြသည်။

"ဟင် ... လက်စွပ်တစ်ကွင်းပါလား"

"မဲခေါင် ငါ့လက်ထဲမှာလည်း တစ်ကွင်း"

"ဒါဆို ညကအိပ်မက်ထဲမှာ လူကြီးပြောသွားတာတွေက တကယ်ပဲပေါ့။ ဒီရှေ့က ဂူထဲမှာ ရွှေသားအစစ်ဆင်းတုတော်တွေ ငွေဆင်းတုတော်တွေ လက်ဝတ်ရတနာတွေယူပြီး ဘုရားပူဇော်နိုင်းတယ်"

"ကျုပ်လည်း ခင်ဗျားလိုပဲ မကြီတယ်၊ သွားလှူရမယ့် [illegible]နဲ့ နေရာလည်း ပြောသွားတယ်။ ခင်ဗျားရော ကျုပ်ကိုရော ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပစ္စည်းတွေကို ခေါ်ပြတယ်”

“ဘယ်လိုလဲ ဆောင်ရွက်ပေးမလား”

“ဟာ ဆောင်ရွက်ရမှာပေါ့။ အခု ဒီတို့ကိုပေးထားတဲ့ ပစ္စည်း တန်ဘိုးကလည်း မနည်းပါဘူး၊ အရည်ကောင်းတဲ့ ပတ္တမြားလက်စွပ် တစ်ကွင်းစီတဲ့”

“တို့ သုံးလေးနှစ်ရှာရင်တောင် ဒီလက်စွပ်တစ်ကွင်းစာ မရ နိုင်ပါဘူး”

“ကဲ ... ဓာတ်မီးယူလိုက် ... တို့ပစ္စည်းတွေသွားယူပြီး ဂူအပြင် ထွက်ကြမယ်”

“ဂူအပြင်ရောက်ရင် အပေါ့အပါးသွားဖို့ အဓိကပဲ”

“ကဲ ... အစောင့်တွေကို အသိပေးလိုက်ဦးမယ်”

“ဒီဂူကြီးမှာရှိတဲ့ အမတ်ကြီးနှင့် မိသားစုများ ကျွန်တော်တို့ ခရီးစထွက်တော့မှာမို့ ပစ္စည်းများ ယူသွားခွင့်ပြုပါ၊ အမတ်ကြီး ပြောတဲ့ စေတီကို အခုကစပြီး အရောက်သွားပါတော့မယ်၊ လမ်းခရီး ကိုလည်း စောင့်ရှောက်ပေးကြပါ”

ထိုသို့ ပြောလိုက်ပြီးသည်နှင့် ဂူအတွင်းသို့ ဓာတ်မီးထိုးပြီး ဝင်ခဲ့သည်။ ဂူထဲမှာ ပျားဖယောင်းဆီမီးခွက်ဖြင့် ဘုရားမီးပူဇော် ထားသည်ကိုတွေ့ရသည်။





သူတို့ဘုရားကို ဦးချပြီး မဲခေါင်ကျောပိုးအိတ်ထဲမှ ပါသမျှ ပစ္စည်းများကိုထုတ်၍ ဘုရားဆင်းတုတော်နှစ်ဆူ စေတီနှစ်ဆူတို့ကို ထည့်လိုက်သည်။ ထို့နောက် မိသားစုပိုင်ပစ္စည်းများထည့်သော ကျွန်းသေတ္တာလေးကို အေးမှုကပ်၍ ထည့်လိုက်သည်။

“ပြီးတော့ ဂူအပြင်သို့ ပြန်ထွက်ခဲ့သည်”

“စိတ်ချလက်ချသွားပါ၊ နောက်ကလိုက်ပြီး စောင့်ရှောက်ပေးပါ့ မယ်”

ထူးဆန်းသော အသံက နောက်မှထွက်လာသည်။

ညတုန်းကကဲ့သို့ ကြောက်စရာမရှိတော့ဘဲ မဲခေါင်နှင့်စောထီး တို့လည်း အမတ်ကြီးပြောသည့် လမ်းကြောင်းအတိုင်း လာခဲ့ရာ ညနေသုံးနာရီခန့် လှေဆိပ်သို့ ရောက်ခဲ့သည်။

ညနေငါးနာရီခန့် သာသနာ့အလံများ လွှင့်ထူထားသော လှေဆိပ်သို့ ရောက်ခဲ့သည်။

ထိုမှ ဘုရားသို့လာသူများကို လှေဆိပ်မှကြိုဆို၍ လှည်းနှင့် ကုသိုလ်ယူ ပို့ဆောင်ပေးကြသည်။ စောထီးတို့လည်း လှည်းတစ်စီး နှင့် စေတီတည်ရာသို့ လိုက်ပါသွားသည်။

စေတီသို့ရောက်ခဲ့ပြီ။ ဘုရားတည်နေသော ပါရမီရှင်ဘရသေ့ နှင့် တွေ့ပြီး ပါသမျှ ပစ္စည်းများကို တမလွန်ရောက် အလှူရှင်များ



www.burmeseclassic.com

www.burmeseclassic.com



နာမည် ကမ္ပည်းတပ်ပြီး လှူလိုက်သည်။

ဘရသေ့လည်း အလှူရှင်များ ဆန္ဒရှိသည့်အတိုင်း တပေါင်းလပြည့်နေ့ ဌာပနာပိတ်ပွဲ အလှူရေစက်ချတရားပွဲမှာ ဝေနေယျအပေါင်းတို့အား အမျှပေးဝေခဲ့ပါသည်။

စောထီးနှင့် မဲခေါင်တို့လည်း လပြည့်နေ ဌာပနာပိတ်ပွဲအထိနေပြီး နောက်နေ့မှ မိမိနေရပ်သို့ ပြန်ခဲ့သည်။

ရွာရောက်တော့ မည်သည့်သားကောင်မှပါမလာသော စောထီးနှင့်မဲခေါင်တို့အား ပူညံဆူညံ မြည်တွန်တောက်တီးနေသည့် ဇနီးတို့ကို လက်စွပ်တစ်ကွင်းစီ ပေးလိုက်တော့မှပဲ ...

❖ ❖ ❖ ❖ ❖



# မြိုင်သေလာစခန်း မရဏာလမ်း

"ဟော့မြေး ... စာမေးပွဲ ဖြေနိုင်လား"

"ဟုတ်ကဲ့အဖိုး ... ဖြေနိုင်ပါတယ်"

"ဆယ်တန်းကို တစ်နှစ်ထဲနဲ့ အောင်မယ်ထင်တာပဲ"

"ကောင်းတာပေါ့၊ ဒီကော မမှန်းဘူးလား"

"မှန်းတာပေါ့ ... မှန်းတာမှ ဒီခြောက်လုံးပဲအဖိုး"

"အံမယ် ... စားကောင်းသောက်ကောင်းအောင် ပြောနေတယ်"

"လိုချင်တာ ပြောတာပါ အဖိုးရ ... ဒီနှစ်လုံးရရင် ကံကောင်းပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘက်က ပိုင်တယ်ဆိုရင် ကြိမ်းသေပြောလို့ရတာပေါ့"

"သားက နှစ်ခုတော့ မှန်းတယ်၊ ဒါနဲ့ အဖွားမမြင်ပါလား"

"မီးဖိုထဲမှာထင်တယ် ... အေးမေမရှိတာနဲ့ သူပဲ မီးဖိုဝ

နေတာ"

သန်းဇော်၏ အဖိုးအသက်က (၆၅)နှစ် အဖွားက (၆၁)နှ

အဖိုးနှင့် အဖွားတို့က သန်းဇော်တို့နှင့် အတူမနေ။

"သား ဘယ်က လှည့်လာတာလဲ"

မီးဖိုအတွင်းမှာ အဖွားက အပြင်ထွက်လာပြီး မေးသည်။

"မနက်ဖြန် ကျိုက်ထီးရိုးဘုရားသွားဖူးကြမလို့၊ သူငယ်ချ

တွေနဲ့ ကားလက်မှတ်ဝယ်ပြီး ပြန်လာတာ"

"လက်မှတ်ရခဲ့လား"

"ဟုတ်ကဲ့ ... သားကတစ်ခေါက်မှ မရောက်ဖူးဘူး၊ သွ

ဖူးတဲ့ သူငယ်ချင်းတွေ အတော်များများပါတယ်"

"အချို့က နှစ်ခေါက်၊ အချို့က သုံးခေါက် ဖူးပြီးကြပြ

အဖိုးက ကျိုက်ထီးရိုးဘုရားကို ဘယ်နှစ်ခေါက် သွားဖူးပြီးပြီလဲ"

"ကားလမ်းတွေ ဖောက်လိုက်ပြီး တစ်ခေါက်မှ မရောက

တော့ဘူး။ ကားကြီးတွေနဲ့လည်း မတက်ချင်တော့ပါဘူးကွာ"

"ခြေလျင်တက်ပြီး ဘုရားနှစ်ခေါက် ဖူးခဲ့ပြီးပြီ"



"ဒါနဲ့ မြေးတို့ ဘုရားဖူးသွားရင် မသောက်မစားနဲ့ ကျေး

က် တိရစ္ဆာန်တွေကိုလည်း မသတ်နဲ့၊ အဲဒီတောင် အဲဒီနယ်မြေက

တ်ကြီးတယ်။ မကောင်းတာ မဟုတ်တာလုပ်ရင် မကြိုက်ဘူး။

တ်ကျားကလည်း မကောင်းတာလုပ်ရင် ခွင့်မလွှတ်ဘူး"

"အဖိုးက သူများပြောတာ ကြားဖူးတာလား၊ ဘုရားတည်စက

ရှုန်းကျင်ကို ကျားနဲ့လိုက်ခိုင်းလို့ အမောဆို့ပြီးသေတာ စာတွေ

ထဲမှာ ဖတ်ဖူးတယ်"

"အေး အဲဒါက စာအုပ်ထဲမှာ အဖိုးရဲ့အဖေနဲ့ သူ့သူငယ်ချင်း

စ်ယောက်၊ သုံးယောက်သား ဘုရားဖူးသွားကြတယ်။ (၁၉၆၀)နှစ်

လောက်ကပေါ့၊

ဟိုရောက်တော့ အပေါင်းဘက်က အသိနှစ်ယောက်နဲ့ဆုံပြီး

းယောက်ဖြစ်သွားတယ်။ သူတို့က မုဆိုးအလုပ်နဲ့ အသက်မွေး

မ်းကြောင်း ပြုတာတဲ့၊

သူတို့နဲ့ ပေါင်းမိပြီး ဘုရားဖူးရင်း အသောက်အစားတွေ

လာတယ် ... အသောက်အစားပါလာတော့ အမှားလည်း ပါလာ

ကပေါ့"

"အပြန်ကျတော့ သူတို့အမှားလုပ်ခဲ့တဲ့အတွက် တောခြောက်ခံ

ပြီး အသေဆိုးနဲ့သေ၊ ဒဏ်ရာရသူရှုနဲ့ အပြန်မလှဖြစ်ခဲ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဖိုးတို့အဖေ ဘုရားသွားဖူးခဲ့တဲ့ အကြောင်း အဖိုးသိရဲ့ သားကို ပြောပြပါလား၊ အဖိုးသိလား"

"သိတာပေါ့ ... မြေးရဲ့"

"ဒါဆိုလည်း သားသူငယ်ချင်းတွေကိုလည်း ပြောပြလို့ရအောင် အဖိုးပြောပြပေးပါလား"

အေး ... အေး ... အဖိုးပြောပြမယ် နားထောင် ...

❖ ❖ ❖

၁၉၆၀ ခုနှစ်က ဘုရားဖူးသွားခဲ့သော လူတစ်စု ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တစ်ခုကို အဖိုးပြောပြပါသည်။

ပြွန်တန်ဆာမြို့အပိုင် ချောင်းရင်းကျေးရွာ ကျောင်းကြီး တောင်ပိုင်းရပ်ကွက်မှ ကိုအုံ့မောင်၊ ဦးကျော်ထွန်း၊ ဦးဘရှင်တို့ သုံးဦး အလုပ်အားရက်ရသည်နှင့် ဘုရားဖူးထွက်ခဲ့ကြသည်။

ပြီးခဲ့သောနှစ်က ရွာမှ မိသားတစ်စု ဘုရားဖူးထွက်ခဲ့ရာ လမ်းပမ်းသယ်ယူပို့ဆောင်မှု မကောင်း၍ အတော်ဒုက္ခရောက်ခဲ့သည်ဟုဆိုသည်။

သို့ကြောင့် မိန်းမများနှင့် ကလေးများ မခေါ်ခဲ့တော့ဘဲ ယောကျ်ားသားသုံးယောက် ဘုရားဖူးထွက်ခဲ့ကြသည်။





ထိုခေတ်က ရထားဖြင့်သာ အသွားအလာ ပြုကြသည်။ ပြွန်တန်ဆာမြို့မှ ...ခူးအထိ ရထားစီးပြီး မုတ္တမရထားကို ပြောင်းစီးကာ ကျိုက်ထိုမြို့အထိ ရထားနှင့် လိုက်ခဲ့ရသည်။

ကျိုက်ထီးရိုး ဘုရားဖူးသွားမည့်သူများ ကျိုက်ထိုဘူတာမှာ ဆင်းကြရသည်။

ကျိုက်ထိုမှ ကင်ပွန်းစခန်းသို့ လှည်းများဖြင့် သွားကြရသည်။

ဘုရားဖူးလှည်းများ ကျိုက်ထိုမှ ကင်ပွန်းစခန်းသို့ ညနေ သုံးနာရီထိုးမှ စထွက်သည်။

စော၍ထွက်လျှင် နေပူသဖြင့် လမ်းကကြမ်း၊ လူကပမ်း နွားပမ်းမည်စိုး၍ ဖြစ်သည်။

ကင်ပွန်းစခန်းလမ်းမှာ အလွန်ကြမ်းလှသည်။

တောရကျောင်း၊ ဆိတ်ဖူးတောင်တို့ကိုကျော်လျှင် ကွင်းရာရှည်သို့ရောက်သည်။

လမ်းက သိသာစွာ ကြမ်းလာသည်။

ကွင်းရာရှည်ကိုကျော်လျှင် ထားဝယ်ဆိပ်ရောက်သည်။

ထိုမှတစ်ဆင့် တောင်ကလေးကျေးရွာသို့ ရောက်သည်။

တောင်ကလေးရွာက မီးသွေးဖုတ်လုပ်ငန်းလုပ်သည်။

ထိုရွာကိုလွန်လျှင် အင်းဝစခန်း ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းဝစခန်းမှာ လှည်းဖြုတ်ပြီး နွားအနားပေးသည်။

အင်းဝစခန်းက ရွာမဟုတ်သော်လည်း ဈေးသည်များဖြင့် စည်ကားလှသည်။

အင်းဝစခန်းမှ ထွက်လာပြီးနောက် ပဒဲကောရိုး ကင်းခေါ် ဆောင်ပိန္နဲမြောင်လွန်သည်နှင့် မဟူရာချောင်းကို ဖြတ်ရသည်။

မဟူရာချောင်းကို ဖြတ်ပြီးသောအခါ ကင်ပွန်းစခန်းသို့ ရောက်ပေပြီ။

ကင်ပွန်းစခန်းသို့ရောက်လျှင် ဇရပ်ကြီးများတွင် နားနေနိုင်သည်။

ကျောက်ရေတွင်း၌ ရေအဝချိုးနိုင်သည်။ မုန့်ဝယ်စားနိုင်သည်။ ညအိပ်အနားယူပြီး မနက်စောစော ဘုရားဖူးများ တောင်ပေါ်တက်ကြသည်။

တောင်ပေါ်သို့ ကင်ပွန်းစခန်းမှ စတက်လျှင် လှည်းစခန်း၊ ရေမြောင်းကလေး၊ ရုံးပင်စခန်းကိုကျော်ပြီးလျှင် မရမ်းတောင်ခြေစခန်းသို့ရောက်သည်။

ထိုမှ ဇင်ပြွန်းပင်စခန်းသို့ ရောက်သည်။

ဇင်ပြွန်းပင်စခန်းမှာ အစားအသောက်များ ဝယ်ယူစားသောက်နိုင်သည်။



ထိုစခန်းမှထွက်လာလျှင် ရွှေရင်စို့ ထောက်ရှာပင်စခန်း ရေတံခွန်မြောင်း မျှော်တော်ယောင်ဘုရားတို့ကို ကျော်ဖြတ်ပြီး ဝေဠုဝန်တောင်စခန်းသို့ရောက်သည်။

ထိုစခန်းမှာ အနားယူရန် ဈေးဆိုင်များရှိသည်။

ထိုမှလွန်သော် ရေမြောင်းကြီးသို့ ရောက်သည်။

ရေမြောင်းကြီးမှာ ရေချိုးကြ အနားယူကြ ညအိပ်ညနေ အနားယူကြသည်။ အချို့က ကင်ပွန်းစခန်းမှာ ဘိုးပြန်တောင်သို့ ရောက်သည်။

အသက်ကြီးသူများ တောင်ကြီးမတ်စောက်ခြင်းကို မတက်ဝံ့၍ ထိုနေရာက ဘုရားကိုရည်စူး ဦးခိုက်၍ ပြန်တက်သည်ကို အစွဲပြုကာ "ဘိုးပြန်တောင်"ဟု ခေါ်ခြင်းဖြစ်ကြောင်း ပြောကြသည်။

ဘိုးပြန်တောင် ကျော်လွန်လျှင် ဘန့်ကွေးပင်စခန်း စိုင်တမော့၊ ကျောက်ဖျာစခန်း၊ ရွှေနန်းကျင်ရပ်ထု၊ ကျောက်သမ္ဗန်တို့ကို ကျော်လွန်လျှင် ကျိုက်ထီးရိုးဆံတော်ရှင်သို့ ရောက်ပြီဖြစ်သည်။

ကိုအံ့မောင်၊ ဦးကျော်ထွန်း၊ ဦးဘရှင်တို့ အုပ်စု ဆံတော်ရှင်ထံပါးသို့ မီးတုတ်များအဖော်ပြု၍ ညကိုးနာရီခန့် ရောက်ခဲ့သည်။

ဘုရားရှင်အား အားပါးတရ ရှိခိုးကြသည်။

တစ်နေ့လုံး ပင်ပန်းထားသမျှ ဘုရားရှင်အား ဖူးတွေ့လိုက်

www.burmeseclassic.com



သည်နှင့် ပင်ပန်းသမျှ ပြေပျောက်ခဲ့ရသည်။

သူတို့တသက် မဖူးခဲ့ရသော ဘုရားရှင်အား ဖူးတွေ့ရ၍ သေပျော်ပြီဟုပင် စိတ်ထဲက ထင်မိသည်။

ကိုအုံ့မောင်က (၃၅)နှစ် ဦးကျော်ထွန်းနှင့် ဦးဘရှင်တို့က အသက် (၄၀)ကျော်ခန့်သာ ရှိသေးသည်။

တစ်ကြိမ်ရောက်ပြီး နောက်မသေခင်ထပ်၍ ဖူးမျှော်ခွင့်ရပါ လို၏ဟု အကြိမ်ကြိမ် ဆုတောင်းမိသည်။

ထို့နောက် ရင်ပြင်တော်ပေါ်မှာ အခြားသော ဘုရားဖူးများ နှင့်အတူ စားရေးသောက်ရေး စီစဉ်လိုက်ကြသည်။

စားပြီးသောက်ပြီး ဆယ့်တစ်နာရီခန့် အိပ်စက်အနားယူ လိုက်ကြသည်။

❖ ❖ ❖

ညက ဘုရားရင်ပြင်တော်ပေါ်မှာ မိတ်ဆွေနှစ်ယောက် ရသည်။ သူတို့က မွန်ပြည်နယ်၊ ပေါင်မြို့ အုတ်တံတားရွာက ဘုရားဖူးလာကြသော စောင်ရေးလှနှင့် သာထစ်တို့ဖြစ်သည်။ သူတို့က ဘုရားသို့ နှစ်ခေါက်လာဖူးပြီးပြီဟု ပြောသည်။

သူတို့က ခြံအလုပ်ဖြင့် အသက်မွေးကြသည်ဟုဆိုသည်။





တစ်ခါတစ်ရံ မုဆိုးအလုပ်ဖြင့်လည်း အသက်မွေးကြသည်တဲ့။

မိုးလင်းသည်နှင့် မျက်နှာသစ်ပြီး ရင်ပြင်တော်သို့ ထွက်ခဲ့ ကြသည်။ ညက ပင်ပန်းသဖြင့် ခြောက်နာရီကျော်မှ နိုးသည်။ အာရုံဆွမ်းကပ်သည်ကို မမှီတော့။

ဘုရားကို ရှိခိုးပြီးသည်နှင့် ဈေးဆိုင်တန်းများရှိရာသို့ ထွက် ခဲ့ပြီး ထမင်းကြော် ဝယ်စားသည်။

ရှစ်နာရီခန့်ရောက်တော့ ငါးယောက်သား ကျိုက်ထီးရိုး ဆံတော်ရှင်အနီးအပါးရှိ ဘုရားစေတီများ သွားရောက်ဖူးမျှော်ရန် ထွက်ခဲ့ကြသည်။

ကျီးကန်းပါးစပ်ဂူ၊ မုဆိုးတောင်၊ ဖားဘုရား၊ ကျောက်ထပ် ကြီးဘုရားတို့ကို တစ်ဆူပြီးတစ်ဆူ ဖူးရန်ထွက်ခဲ့ခြင်းဖြစ်သည်။

ကျိုက်ထီးရိုးတောင်ပေါ်မှ ကျီးကန်းပါးစပ်သို့ ခက်ခက်ခဲခဲ ဆင်းခဲ့သည်။

ကျီးကန်းပါးစပ်ရောက်တော့ ဂူအတွင်းဝင်ပြီး ဘုရားဖူးလိုက် ကြသည်။

"ကဲ အစ်ကိုကြီးတို့ ဖူးလို့ဝပြီဆိုရင် ရှေ့ဆက်ကြမယ်"

"ကျုပ်တို့က ရောက်တုန်းရောက်ခိုက် အားပါးတရ ဖူးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သွားကြမယ်၊ ဒါပြီးရင် ဘယ်ကိုရောက်မှာလဲ"

"မုဆိုးတောင်"

မကြာခင် မုဆိုးတောင်သို့ ရောက်သွားသည်။

မုဆိုးတောင်ပေါ်သို့ တက်ပြီး ဘုရားဖူးလိုက်ကြသည်။

မုဆိုးတောင်ပေါ်မှ ကျိုက်ထီးရိုးဆံတော်ရှင်ကို အတိုင်းသား ဖူးတွေ့ရသည်။

မုဆိုးတောင်မှဆင်းပြီး နောက် ဦးဘရှင်က စောဌေးလှအား

"ကဲ ... ဘယ်သွားကြမလဲ"

"ကျောက်ထပ်ကြီးသွားကြမယ်"

"ခင်ဗျားတို့နှစ်ယောက်က ရောက်ဖူးပြီးသားဆိုတော့ ရှေ့က သွားကြ"

"ကျုပ်တို့ နောက်ကလိုက်ခဲ့မယ်"

သို့ဖြင့် ခက်ခဲသော လမ်းအတိုင်း သူတို့ငါးယောက် ထွက်ခဲ့ကြသည်။

ထိုကျောက်ထပ်ကြီးဘက်သို့ လမ်းကြမ်းသဖြင့် ဘုရားဖူးများ အရောက်အပေါက် နည်းလှသည်။

ယခု သူတို့ ဘုရားဖူးလာရာ လမ်းတစ်လျှောက် အသွားအလာ မည်သည့်အဖွဲ့နှင့်မှ မဆုံသေး။



မုဆိုးများ အထမ်းသမားတစ်ယောက် နှစ်ယောက်သာ တွေ့ရသည်။

တစ်နေရာသို့အရောက် ရှေ့ကသွားသူ နှစ်ယောက်က

"ခင်ဗျားတို့ကို အားနာတယ်၊ ဒါပေမဲ့ ကျုပ်တို့ကတော့ ဒီရောက်တိုင်း ဝင်နေကျ နေရာလေးရှိတယ်"

"အဲဒီကို ခဏဝင်ဦးမယ် ပြီးမှ ဆက်သွားကြတာပေါ့"

"ဘယ်ကိုလဲဗျ"

"ဒီနားတင်ပါ၊ ခဏပဲကြာမှာ ပြီးမှ သွားကြမယ်"

ထိုလူနှစ်ယောက်က ဘာအကြောင်းကိစ္စမှ ရှင်းမပြဘဲ တောလမ်းအတိုင်း ဝင်သွားကြသည်။

ဘုရားဖူးလမ်းမှ ငါးမိနစ်ခန့်ဆင်းသွားသည်နှင့် တောင်ထန်းရွက်များ ကာထား မိုးထားသော ထန်းရည်နှင့် အရက်ရောင်းသည့် ... ဆိုင်ကို တွေ့လိုက်သည်။

"ကဲ ... လာဗျာ ခင်ဗျားတို့သောက်တတ်ရင် ဝင်သောက်၊ ကျုပ်တို့ကတော့ နှစ်ခေါက်ရောက်တာ၊ နှစ်ခေါက်လုံး လာသောက်ဖြစ်တယ်"

"သောက်ပါ ... ခင်ဗျားတို့ပဲ သောက်ကြပါ"

"သောက်တတ်ရင် ဝင်သောက်ပါ၊ ဘုရားကြည်ညိုတာက

www.burmeseclassic.com

www.burmeseclassic.com



သုပ်သပ် သောက်တာကသပ်သပ် စိတ်ကိုထားပေါ့။ သောက်ပြီး ပြီးလိုက်ပေါ့ဗျာ”

“မဖြစ်ပါဘူးဗျာ ... ခင်ဗျားတို့ပဲသောက်ပါ”

ထိုအချိန်ကို ဘရှင်က အရက်နှင့် ထန်းရည်ကိုမြင်သဖြင့် ဟန်မဆောင်နိုင်သည့်အလား...။

“ကျုပ်လည်း တစ်ခွက်တစ်ဖလား ဝင်နွှဲလိုက်ဦးမယ်၊ ခင်ဗျား တို့လည်း ဝင်သောက်လေ ... ကျုပ်ဒကာခံပါ့မယ်”

“နေ ... နေ ... ကိုဘရှင် ... သောက်ပါ အားမနာပါနဲ့”

ကိုဘရှင်က ရွာမှာကတည်းက ညနေရောက်လျှင် အရက် သောက်နေကျ၊ ယခုလိုကြုံရတော့ ... ဘယ်လိုမှ ဟန်ဆော နိုင်သည့်ပုံမပေါ်။

ကုသိုလ်တစ်ပဲနှင့် ငရဲတစ်ပိဿာလဲမည့်ပုံစံမျိုးဖြစ်သည်။

သူတို့သုံးယောက် တဝသောက်ကြသည်။

ကျေနပ်တော့မှ ပိုက်ဆံရှင်းပြီး ထကြသည်။

တစ်နာရီခန့် အချိန်ဖြုန်းပြီး လမ်းပေါ်သို့ ပြန်တက်ခဲ့ကြ သည်။

အတက်ကြမ်းကြမ်း အဆင်းကြမ်းကြမ်း လမ်းများဖြစ်သည်။ အရက်သောက်ထားသူများလည်း မလဲအောင်ထိန်းရင်း ဖားဘုရား





သို့ ရောက်ခဲ့သည်။

ကျောက်ထီးရိုးဘုရားသို့လည်း ရောက်သည်။

မကြာခင်မှာပင် ကျောက်ထပ်ကြီးဘုရားသို့ ရောက်ခဲ့သည်။

ကျောက်ထပ်ကြီးဘုရားကို ကိုအုံ့မောင်တို့၊ ဦးကျော်ထွန်းတို့ အားပါးတရ ဖူးကြသည်။

အုစ်တံတားရွာသား စောငွေးလှတို့က ဘုရားကို မဖူးသေးဘဲ၊ ကျောက်ထပ်ကြီးဘုရားအနီးမှာ နေသော ကရင်လင်မယားနှင့် စကားသွားပြောနေသည်။

ကရင်ကြီးက ရေးရေးမျှ ပေါ်နေသော လမ်းလေးကို လက်ညှိုး ညွှန်ပြသည်။

သိပ်မဝေးဟုလည်း ကြားလိုက်သည်။

“ငါးမိနစ် ... ဆယ်မိနစ်လောက်သွားရင် ရောက်ပါတယ်”

“ကဲ လာကြ ... ဒီလမ်းက သွားမယ်”

ထိုလူညွှန်ပြသောလမ်းအတိုင်း စောငွေးလှက ဦးဆောင်ပြီး ထွက်သွားသဖြင့် ကိုအုံ့မောင်တို့၊ ဦးကျော်ထွန်းတို့ နောက်ချန် ပြီးလိုက်ခဲ့သည်။

ငါးမိနစ်ခန့်ကြာတော့လည်း ဘာမှမတွေ့။

ဆယ်မိနစ်ခန့်ကြာတော့လည်း မရောက်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ကြာတော့လည်း ထူးမခြား တောင်အောက်သို့သာ ရောက်မှန်းမသိ ရောက်လာသည်။

"ဗျို့ဆရာကြီး ဘယ်ကိုသွားနေတာလဲ"

"ထန်းရည်ဆိုင်ကိုသွားတာ"

"ထန်းရည်ဆိုင်က ဒီလောက်သွားစရာ လိုလို့လား"

"လမ်းမှားပြီး ဆင်းလာတာဖြစ်မယ်"

"သူညွှန်ပြတဲ့အတိုင်း လာခဲ့တာပဲ"

"ဒါက ... ကရင်ရွာတွေဘက် သွားတဲ့လမ်းဖြစ်မယ်"

"ရှေ့နည်းနည်း သွားကြည့်ဦးမယ်"

"သူတို့ ဆက်ပြီး ဆင်းလာခဲ့သည်"

"လာကြဗျာ အချိန်ရှိသေးတာပဲ၊ ဒီကသွားရင် ဘယ်ရောက်လဲ သိရတာပေါ့။ ကရင်ရွာတွေ့ရင်လည်း ထမင်းဝင်စားပြီးမှ ပြန်ကြမယ်"

"ဟုတ်ပါ့မလားဗျာ ... ရွာမတွေ့ဘဲ ... ကျားနဲ့တွေ့နေမှ"

"လူသွားထားလို့ လမ်းရှိနေတာပဲ ရှေ့ဆက်သွားကြည့်မယ်"

သူတို့ငါးယောက် နောက်မလှည့်တဲ့ ရှေ့ဆက်လျှောက်ခဲ့သည်။

"ဟော ... ရှေ့မှာ စမ်းချောင်းလေး"

"ဟာ ... ကိုမှာ သမင်လား ... ဆတ်လားမသိဘူး၊





ရေသောက်နေတယ်"

"တောက် မုဆိုးဘဝကို ပြန်သတိရလိုက်တာ"

"အဲဒါ ဆတ်ပေါက်လေးပဲ"

သူတို့လူစု စကားသံခြေသံကြောင့် ဆတ်လေးက ရေသောက်နေရာက တောထဲဝင်ပြေးသွားတော့သည်။

"တောက် အေးစိမ့်နေတာပဲ ရေချိုးချင်လိုက်တာ"

"ရေချိုးချင်ရင် ချိုးလေ ... ဘောင်းဘီတော့မပါဘူး"

"ချိုးကြမလား"

"မချိုးပါဘူး၊ ရှေ့နားနည်းနည်း လျှောက်ဦးမယ်"

ဒီကပဲ လှည့်ပြန်ကြမယ်၊ တော်ကြာ လမ်းပျောက်ပြီး ကျိုက်ထီးရိုးဘုရား ပြန်မရောက်ဘဲ ဖြစ်နေဦးမယ်"

"အခု ဆင်းလာတဲ့လမ်းက တစ်လမ်းတည်း ရှိတယ်မဟုတ်လား မှားစရာမရှိပါဘူး၊

ဒီလမ်းအတိုင်းပြန်တက်ရင် ကျောက်ထပ်ကြီး ပြန်ရောက်လိမ့်မယ်"

"တွေ့ကြလား ... ရှေ့က ကျောက်တုံးပေါ်မှာ စေတီတစ်ဆူ"

"ဟုတ်တယ် ... ဒီတောထဲမှာ စေတီတစ်ဆူ ရှိသေးတယ်"

သူတို့ စေတီကိုမြင်တော့ အားတက်သွားပြီး စေတီရှိရာ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တောင်ကုန်းသို့ တက်ကြသည်။

စေတီက ဖားဘုရားနှင့် ဆင်ဆင်တူသည်။

"ဟင် ... ဟိုကျောက်တုံးပေါ်မှာ ရသေ့ကြီးတစ်ပါး တရားထိုင်နေတယ်"

"တရားထိုင်နေတာ မဟုတ်ဘူး ... ကျုပ်တို့ဘက်ကိုကြည့်နေတာ"

"လာ သွားရှိခိုးကြရအောင်"

ရသေ့ကြီး ထိုင်နေရာသို့သွားပြီး ရှိခိုးလိုက်ကြသည်။

"ဒကာတို့ ဘုရားဖူးလာကြတာလား"

"မှန်ပါဘုရား"

"အင်း ... ဖူးရခဲတဲ့ဘုရားထံ အရောက်လာခဲ့ကြပြီးမှ အကုသိုလ်များအောင် လုပ်နေကြပါလား"

ရသေ့ကြီးစကားက မှန်နေသဖြင့် ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။

"အခုလည်း သူရာမှိုဝဲမလို့ အရှာထွက်လာကြတာလား"

"အသောက်အစားဖက်ရင်း ... အမှားတွေ့လိမ့်မယ် ... ဟိုဒကာနှစ်ယောက်က မုဆိုးအလုပ်နဲ့ အသက်မွေးလာကြတာတို့တော့ သွ[illegible]ငင်းလာရင်း သားကောင်များတွေ့ရင် မသတ်ဖြတ်ဖို့





ဘရသေ့ မေတ္တာရပ်ခံပါတယ်။

"တပည့်တော်တို့ ဘုရားလာဖူးတာဝါ၊ ဘာလက်နက်၊ လေးမြားမှလည်း မပါ ပါဘူးဆရာ"

"စိတ်လက်နက်က အရေးကြီးတယ် ဒကာ"

"ကဲ ဘုရားလည်း ဖူးကြဦး၊ ပြီးရင် လာလမ်းအတိုင်း ပြန်ကြ အရက်သေစာလည်း မသောက်ကြနဲ့ ကြားကြလား"

"မှန်ပါ့ဘုရား"

သူတို့ငါးယောက် ဘုရားဖူးပြီး ပြန်ခဲ့ကြသည်။

"ခင်ဗျားတို့ ရေချိုးကြဦးမလား"

"မချိုးတော့ပါဘူး၊ ခြေလက်မျက်နှာပဲ ဆေးလိုက်တော့မယ်"

သို့ဖြင့် ငါးယောက်လုံး ဒူးအထိနက်သော စမ်းချောင်းအတွင်း ဆင်း၍ ခြေလက်မျက်နှာများ ရေသန့်စင်လိုက်သည်။

ခဏကြာတော့ ငါးယောက်သား တောင်ပေါ်သို့ ပြန်တက်ခဲ့ကြသည်။

ဝါးတောများ ချုံများသစ်ပင်ကြီးများအောက်မှ တဖြည်းဖြည်း ပြန်တက်နေကြသည်။

လာစဉ်က အဆင်းမို့ ပင်ပန်းသည်ဟုမထင်၊ အပြန်က အတက်ခရီးဖြစ်သဖြင့် ပင်ပန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းမှ ထွက်ခွာခဲ့ရာ ဆယ်မိနစ် ဆယ့်ငါးမိနစ်အရောက်

"ဟာ ... စားရကံကြုံလို့ မှတ်ဆိတ်ပျားစွဲပြီ"

"ဘာလဲ"

"ဟိုမှာ ... ငါးတောထဲကို ကြည့်လိုက်"

ဆတ်တစ်ကောင်၏ ခန္ဓာကိုယ်နှင့် ငါးပင်များညှပ်ပြီး ရှေ့တိုး မရ နောက်ဆုတ်မရ ဖြစ်နေသည်ကို တွေ့လိုက်သည်။

"ပြေးရင်းလွှားရင်း ငါးတောထဲမှာ ညှပ်နေတာ"

"ဒီအကောင်ကို မပင်မပန်း ထုသတ်လိုက်ရင် ရပြီ"

"ပေါင်နှစ်ချောင်းပဲယူ၊ ကျန်တာရောင်းလိုက်ရင် အလုပ်ဖြစ်တယ်"

"ထန်းရည်ဆိုင်တွေ့ရင် ဝင်ရောင်းလို့ရတယ်"

"မလုပ်ကြပါနဲ့ဗျာ ... ရသေ့ကြီးကို ကတိပေးပြီးပြီ မဟုတ်လား"

"တမင်လိုက်သတ်တာမှ မဟုတ်တာ ... ကျုပ်တို့မသတ် လည်း တစ်ရက်နှစ်ရက်ဆို ဒီကောင်သေသွားမှာပဲ"

ကိုအုံ့မောင် ဦးကျော်ထွန်းတို့က ဆတ်ကြီးကို လွှတ်စေချင် သည်။

အားလုံး၏ ဆန္ဒ တစ်ညီတစ်ညွတ်တည်းဆိုလျှင် ဆတ်ကြီး





လွှတ်ပြီ။

ယခု တစ်မိနစ်ယောက်နှင့် ကိုဘရှင်တို့က ဆတ်ကြီးကို သတ်ပြီး အရက်နှင့် မြည်းချင်နေကြသည်။

"ကဲ ... ကိုအုံ့မောင်နဲ့ ကိုကျော်ထွန်းတို့ ရှေ့ကသွားနှင့် ကြ"

"ကျွန်တော် ကြည့်ရှင်းလိုက်မယ်၊ မုဆိုးလက်က ယဉ်ပြီး သားပါ"

သာထစ်က ကျောက်တုံးတစ်တုံး ကောက်ကိုင်လိုက်သည်။ ကိုအုံ့မောင်က သူတို့သုံးယောက် အပြုအမူကို ကြည့်ပြီး

"ခင်ဗျားတို့ဗျာ စောစောက ရသေ့ကြီးမှာလိုက်တယ် မဟုတ် လား၊ တောသတ္တဝါတွေကိုတွေ့ရင် မသတ်နဲ့ဆိုတဲ့စကားက **ဒီလို** ဖြစ်လာမယ်မှန်းသိလို့ သတိပေးတာလားမှ မသိတာ"

"သူတော်ကောင်းဆိုတာ ကောင်းတဲ့စကားပဲ ပြောမှာပေါ့ဗျာ။ ... က သူ့တာဝန်မဟုတ်လား"

"ဒါကတော့ သူတော်ကောင်းရှေ့ရောက်ရင် သူ့စကားနား ထောင်ပြရမှာပေါ့။ သူနဲ့ဝေးသွားရင် ကိုယ့်ဆန္ဒအတိုင်းပေါ့ဗျာ"

"ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ် ... မကောင်းတာ လုပ်ရင် မကောင်းတာဖြစ်မယ် ... ဒါလူတိုင်းပြောတဲ့စကားပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ... ဒီအနီးနားက မုဆိုးတွေတောင် ရခဲလှတဲ့ ဒီဆ ကြီးကို လက်လွှတ်မခံပါရစေနဲ့"

"ကဲပါဗျာ ... ခင်ဗျားတို့ ရှေ့ကသွားနှင့်"

သာထစ်က ဆတ်ကြီးကို သတ်ရန် လက်တပြင်ပြင်ဖြစ် သလို စောဒွေးကလည်း သေချာအောင် ကျောက်ခဲတစ်လုံး ကို ထားသေးသည်။

ကိုအုံ့မောင်နှင့် ဦးကျော်ထွန်းတို့လည်း နောက်ဆံတင်းမ တော့ဘဲ တောင်ပေါ်သို့ တက်ခဲ့သည်။

ဆတ်ကြီးကို ကိုအုံ့မောင် သွားရင်း လှည့်ကြည့်လိုက်သည် ဆတ်ကြီးကလည်း ရှေ့တိုးမရ၊ နောက်လည်းဆုတ်မရ။ ခေါင်း သွားပြီး ဝါးနှစ်ပင်ကြား ညှပ်မိနေရုံမက ရှေ့ခြေထောက် နောက်ခြေထောက်ပါ မြေမှာလွှတ်သကဲ့သို့ ဖြစ်နေသည်။

ထို့ကြောင့် ရုန်းအားမရှိတော့ဘဲ လူများပြုသမျှ ခံရ အခြေအနေသို့ ရောက်နေသည်။

ကိုကျော်ထွန်းတို့ ခပ်လှမ်းလှမ်းအရောက်မှာ ဆတ်ကြီး ကျောက်ခဲနှင့် ခေါင်းကို ထုသတ်သဖြင့် နာကျင်၍ အော်သည် စိတ်မကောင်းဖွယ် ကြားနေရသည်။

ဆတ်ကြီး၏ နာကျင်စွာအော်လိုက်သည့်အသံကြောင့်





တွင်းရှိ သားကောင်ငယ်များ ပြေးလွှားသံ တောင်ခြေမှာ ဆူညံ သွားသည်။

ဝေါင်း ... ဝေါင်း ... ဝေါင်း ...

ခပ်ဝေးဝေးဆီမှ တျားဟိန်းသံကိုပါ ချောက်ချားဖွယ် ကြား လိုက်ရသည်။

ကိုဘရှင်က သာထစ်နှင့် စောဒွေးလှတို့ ထုသတ်ထားသော ဆတ်ကြီးကို သုံးယောက်သား တစ်ယောက်တစ်လှည့် ထမ်းပြီး တက်ခဲ့ကြသည်။

ကိုအုံ့မောင်နှင့် ဦးကျော်ထွန်းတို့နှစ်ယောက် ရှေ့က မှန်မှန် တက်လာသည်။ နာရီဝက်ခန့်အကြာ အလာတုန်းက မတွေ့ခဲ့သော ထန်းရည်ဆိုင်ကို တန်းတန်းမတ်မတ်ရောက်လာသည်။

ဦးကျော်ထွန်းတို့လည်း ထန်းရည်ဆိုင်တွေ့လိုက်သဖြင့် ရှေ့သွားရကောင်းမည်လား၊ ရပ်စောင့်ရကောင်းမည်လား စဉ်းစား နေသည်။

နောက်က သုံးယောက်က ဆိုင်တွေ့လျှင် လုံးဝမသောက်ဘဲ နေကြမည့်သူများမဟုတ်။ ဆိုင်တွေ့အောင် ရှာနေသူများဖြစ်သည်။

"ဆရာကြီးတို့ ထန်းရည်သောက်မလား၊ အရက်သောက် မလား၊ အမြည်းတွေလည်း အစုံရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေ ... နေ မသောက်တော့ပါဘူး။ နောက်ကပါလာတဲ့ သုံးယောက်ကတော့ သောက်ကြလိမ့်မယ်"

"လာပါ ... မသောက်လည်း ထိုင်စောင့်ပါ"

ထန်းရည်ဆိုင်မှာ သောက်နေသူက နှစ်ယောက်ရှိသည်။

ဆယ်မိနစ်ခန့် စောင့်လိုက်တော့ ... ဆတ်သေကြီးကို ထမ်းလာသည့် စောဌေးလှတို့သုံးယောက် ထန်းရည်ဆိုင်သို့ ရောက်လာကြသည်။

"ဟာ ... ကျောက်ထပ်ကြီးက အပြန် ထန်းရည်ဆိုင် အောက်နားမှာရှိတယ်ဆိုလို့ ဆင်းလိုက်ပါတယ် ... တောင်ခြေ ရောက်သွားကယ်"

"အောက်ရောက်သွားတာ ဒီဆတ်ကြီးကို ရချင်လို့ဖြစ်မှာ"

စောဌေးလှက ဆတ်ကြီးကို ကျောက်တုံးတစ်တုံးပေါ် ချလိုက် သည်။

"ခင်ဗျားတို့မှာ ဓားလုံလေးမြား မပါဘဲ၊ ဒီဆတ်ကြီးဘယ်လို ရလာတာလဲ"

"ကျုပ်တို့လည်း မကြုံဖူးလို့ အံ့ဩနေတာ"

သာထစ်က ဆိုင်ကလူများကို ရှင်းပြလိုက်သည်။

ဆိုင်ရှင်က ပေါင်နှစ်ချောင်းကို ဖျက်ထုတ်လိုက်ပြီး ဆားနယ်





ကာ မီးကင်ပေးလိုက်သည်။

သူတို့လုပ်ကိုင်ပေးနေစဉ် ကိုဘရှင်၊ သာထစ်တို့သုံးယောက် အရက်နှင့်ဆိုင်မှာရှိပြီးသား ဆတ်သားခြောက်တို့ဖြင့် အမူးသောက် နေကြသည်။

"ကိုအံ့မောင်တို့ အရက်မသောက်လည်း အမြည်းစားပါ၊ ရော့ ဆတ်သားခြောက်စားကြ"

"နေ ... နေ ... စားကြသောက်ကြ ... အားမနာနဲ့"

"ဒါဆို ခင်ဗျားတို့ ... တောင်ပေါ်တက်ချင် တက်နှင့်ကြလေ"

"နေတော့ အတော်ပူနေပြီ ကျုပ်တို့ ဒီမှာ အေးအေးဆေးဆေး စားသောက်ပြီးမှ ... လိုက်ခဲ့မယ် ... ခင်ဗျားတို့ ဈေးတန်းမှာ ထမင်းစားလိုက်ကြတော့"

"ရော့ ပိုက်ဆံယူသွားကြ"

"နေ ... နေ ... ကျုပ်တို့မှာပါတယ် ... တို့သွားနှင့်မယ် ကိုဘရှင် သိပ်မူးအောင်မသောက်နဲ့ ..."

"စိတ်ချ ... ဘာမှ မဖြစ်စေရဘူး"

ကိုအံ့မောင်နှင့် ဦးကျော်ထွန်းတို့လည်း နေ့တစ်နာရီခန့် နေကို အံတုပြီး ကျိုက်ထီးရိုးဆံတော်ရှင်ရှိရာတောင်သို့ ပြန်လာ ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နားလိုက်တက်လိုက်နှင့် ပြန်ခဲ့ကြရာ နှစ်နာရီနီးပါးရှိမှ တောင်ခြေရင်းဈေးဆိုင်တန်းသို့ ရောက်ကြသည်။

ထမင်းအဝစား တစ်ကျပ်သာ ပေးရသည်။

ထမင်းဆိုင်က သိပ်မရှိလှ ဆယ်ဆိုင်ခန့်သာ ရှိမည်ထင်သည်။ ကျိုက်ထီးရိုးပြန် လက်ဆောင်ရောင်းသည့်ဆိုင်က များလှသည်။

စားသောက်ပြီးသည်နှင့် ကျိုက်ထီးရိုးရင်ပြင်သို့ တက်လာခဲ့သည်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးများ ရှင်းနေသည်။ ညက အပြည့်ရှိနေသော ဘုရားဖူးများ မနက်ပိုင်းပြန်ဆင်းသွားကြ၍ဖြစ်မည်။

ညနေ နေစောင်းသည်နှင့် ကုန်းတော်ပေါ်သို့ ဘုရားဖူးများ ရောက်လာကြပေဦးမည်။

မိမိတို့ ပစ္စည်းများ အပ်ထားသော ဇရပ်သို့ သွားကြည့်သည်။ တော်ပါသေးသည် အားလုံးရှိနေသည်ကို တွေ့ရသည်။

ကိုအုံ့မောင်နှင့် ဦးကျော်ထွန်းတို့လည်း မိမိတို့၏ အဝတ်အစားထည့်သော အိတ်များက ခေါင်းအုံးပြီး ခဏတဖြုတ် တုံးလုံးလှဲလိုက်ကြသည်။

ညနေ ငါးနာရီခန့်ရောက်တော့ သာထစ်က လာနိုးသဖြင့် ကိုအုံ့မောင်တို့ အိပ်နေရာက ထလိုက်သည်။





အစ်ကိုကြီးတို့ထတော့လေ၊ ညနေငါးနာရီထိုးပြီး တောင်ခြေပြန်ဆင်းကြမယ်ဆို ...

"အေး ... ငါတို့လည်း မင်းတို့ပြန်အလာကို စောင့်ရင်းအိပ်ပျော်သွားတာ"

"ဒီည အေးအေးဆေးဆေး ပြန်ဆင်းပြီး ... ရေမြောင်းကြီးကြမှ ညအိပ်ကြမယ် ... ဘယ်နှယ့်လဲ"

"ကောင်းတယ် ညစာကို ရေမြောင်းကြီးကျမှ စားမယ်"

သာထစ်က အင်ဖက်များဖြင့် ပတ်ထားသော ဆတ်ပေါင်နှစ်ချောင်းကို ပြသည်။

"ရေမြောင်းကြီး ရောက်ရင် ဒီပေါင်နှစ်ချောင်းကို ချက်ခိုင်းပြီး အမြည်းလုပ်ရမယ်"

"ကဲ ဒါဆို အချိန်ရှိတုန်း သိမ်းဆည်းပြီး တောင်အောက်ဆင်းကြမယ်"

"ငါတို့ ဘုရားသွားရှိခိုးလိုက်ဦးမယ်"

ကိုအုံ့မောင်နှင့် ဦးကျော်ထွန်းတို့ အိပ်ရာမှထပြီး မျက်နှာသွားသစ်လိုက်သည်။

သိမ်းဆည်းပြီးသည်နှင့် ကျိုက်ထီးရိုးစေတီတော်ကို သွားရှိခိုးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘာရှင်နှင့် အပေါင်းအပါနှစ်ယောက်တို့က၊ အမူးအရှိန်ကောင်းနေသဖြင့် ဘုရားကိုပင် သွား၍မရှိခိုးနိုင်။ အထုတ်ဆွဲပြီး တောင်ခြေအဆင်းသို့ပင် ထွက်သွားပြီဖြစ်သည်။

ကိုအုံ့မောင်နှင့် ဦးကျော်ထွန်းတို့ နောက်မှ သုတ်ခြေတင်ပြီး လိုက်ခဲ့ရသည်။

သူတို့တောင်ပေါ်ကဆင်းတော့ ခြောက်နာရီခန့် ရှိပြီဖြစ်သည်။

ထိုအချိန် တောင်ပေါ်တက်လာသူများ အုပ်စုလိုက် တဖွဲဖွဲ ရင်ပြင်တော်ပေါ်သို့ ရောက်လာနေကြသည်။

အဆင်းက အတက်လောက် ပင်ပန်းမှုမရှိ။

တစ်လမ်းလုံး ဘုရားဖူးများကို လေးယောက်အုပ်စု ငါးယောက် ခြောက်ယောက်အုပ်စုလိုက် တက်လာသည်နှင့် ကြုံကြသည်။ မီးတုတ်များနှင့် တက်နေကြသည်။ အတက်သမားများကို သိပ်မဝေးတော့ဟု အားပေးကြသည်။

အားလုံး သီချင်းတကြော်ကြော်နှင့် တက်နေကြသည်။

ညရှစ်နာရီခန့်ရောက်တော့ ရေမြောင်းကြီးစခန်းသို့ ရောက်လာကြသည်။

ရေမြောင်းကြီး စခန်းမှာ ညအိပ်သူ ဆယ့်လေးငါးယောက်ခန့်ရှိသည်။ တောင်အောက်ဆင်းသည့်အဖွဲ့ တောင်ပေါ်တက်သည့်





အဖွဲ့အစုံ တည်းခိုညအိပ်ကြသည်။

နောက်ထပ် အနည်းဆုံးနှစ်ဖွဲ့ခန့် ထပ်ရောက်မည်ဟု မှန်းဆရသည်။

သူတို့ငါးယောက်အုပ်စု၊ ဖျာနှစ်ချပ် ငှားလိုက်သည်။ ထို့နောက် ရင်ပြင်တော်ပေါ်မှာ မချက်ဖြစ်လိုက်သော ဆန်တစ်ပြည်ပေးပြီး ချက်ခိုင်းလိုက်သည်။ ဆန်တစ်ပြည်ကို ... ငါးယောက်စားလျှင် မကုန်နိုင်။

ပိုသောထမင်းကို မနက်အစာပြေ စားနိုင်သည်။ ဆတ်ပေါင် နှစ်ချောင်းကိုလည်း အခပေးပြီး ချက်ခိုင်းလိုက်သည်။

ထို့နောက် သာထစ်တို့အုပ်စု ပျောက်သွားသည်။ သူတို့က ဘုရားသို့ နှစ်ခေါက်ရောက်ပြီးဖြစ်၍ မည်သည့်နေရာမှာ အရက်ရောင်းသည်ကို သိထားပြီးဖြစ်သည်။

သို့ကြောင့် နေရာထိုင်ခင်းပြင်ဆင်ပြီးသည်နှင့် သုံးယောက်သား ပျောက်သွားကြသည်။

တစ်နာရီခွဲခန့်ကြာတော့ ထမင်း၊ ဟင်းကျက်ပြီ၊ အကြောင်းလာကြားသဖြင့် ချက်ပေးခရှင်းကာ ထမင်းအိုးနှင့် ဟင်းအိုးများကို သွားယူလိုက်သည်။

ခဏကြာတော့ အမြည်းလုပ်ရန်အတွက် ဟင်းကို စောဌးလှ



www.burmeseclassic.com

www.burmeseclassic.com



လာယူသည်။

ဦးကျော်ထွန်းက အိုးလိုက်ယူသွားခိုင်းသည်။

"ကျုပ်တော့ ဆတ်ကြီးကို မျက်လုံးထဲက မထွက်ဘူး။ ဟင်းစားရမှာ မြိုမကျဘူး ... အကုန်သာ ယူသွားကြပါ"

"ကျွန်တော်တို့ကလည်း အတင်းစားဖို့ မတိုက်တွန်းပါဘူး၊ ဆန္ဒမရှိရင် မစားနဲ့လေ ... ဒီအချိန်ဟင်းဝယ်လို့ ရပါတော့မလား"

"မတတ်နိုင်ဘူးလေ ... ရတဲ့ဟင်းဝယ်ရမှာပဲ၊ တစ်မျိုးမျိုးတော့ ရကောင်းပါရဲ့"

အချိန်က ကိုးနာရီခွဲခန့်ရှိပြီ၊ ဘုရားပူးများ၊ အတက်အဆင်းမရှိတော့။ ဈေးဆိုင်များလည်း သိမ်းစပြုပြီ။

ဦးကျော်ထွန်း ပြန်ရောက်လာတော့ ချဉ်ပေါင်ကြော်နှင့် ဘဲဥချဉ်ရည်ဟင်းတစ်ပွဲ ပါလာသည်။

ကိုအံ့မောင်နှင့် ဦးကျော်ထွန်း ဘဲဥတစ်ယောက်တစ်လုံး ချဉ်ပေါင်ကြော်တို့နှင့် ပြီးလိုက်သည်။

ဆယ်နာရီခွဲခန့် စောဌေးလှတို့အုပ်စု ပြန်ရောက်လာကြသည်။ ထမင်းစားရန် ပြင်ဆင်ကြသည်။

"ကိုအံ့မောင်တို့ အိပ်ပြီလား"

"မအိပ်သေးပါဘူးဗျာ"





"ဟင်းတွေ အများကြီးကျန်သေးတယ် ထစားပါဦးလား"

"မစားတော့ပါဘူးဗျာ . စားလိုက်ကြတော့"

သူတို့သုံးယောက် စကားပြောလိုက် စားလိုက်နှင့် ဆယ့်တစ်နာရီခန့်မှ စားသောက်ပြီးသွားကြသည်။

ကိုအံ့မောင်နှင့် ဦးကျော်ထွန်းတို့ အိပ်ပျော်သွားကြပြီ ဖြစ်သည်။

"ကဲ ... ဗိုက်လေးသွားပြီ၊ ခဏနေရင် အိပ်ကြမယ်၊ ဘုရားပူးတွေ နှစ်ဖွဲ့လောက်ပဲရှိတော့ စိတ်တိုင်းကျအိပ်လို့ရတယ်"

"ခြင်တော့ နည်းနည်းကိုက်တယ်"

ညဆယ့်တစ်နာရီ ဆယ့်နှစ်နာရီတိုင်အောင် သူတို့သုံးယောက် မအိပ်နိုင်သေး။

ရေသွားချိုးချင်တယ် လိုက်မလား။

စောဌေးလှက၊ သာထစ်နှင့် ဦးဘရှင်တို့ ရေချိုးရန် အဖော်စပ်သည်။

"ချိုးတော့ ချိုးချင်တယ် ထမင်းစားပြီးကာစပဲ ရှိသေးတယ်"

"ကျုပ်တော့ မနေနိုင်တော့ဘူး။ ရေသွားချိုးတော့မယ် သာထစ် လိုက်ခဲ့ကွာ"

"သွားပါ ... ကျုပ်လည်း လိုက်ခဲ့ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



စောဌေးလှ၊ သာထစ်နှင့် အတူ ဦးဘရှင်လည်း ရေမြောင်းကြီး ရေချိုးသည့်ချောင်းသို့ ထွက်သွားကြသည်။

ကျုပ်တို့သုံးယောက် မအိပ်ချင်သေးမှတော့ ရေအဝစိမ်ချိုးကြမယ်။ ပြီးမှ အားပါးတရ အိပ်လိုက်တာပေါ့"

သူတို့သုံးယောက် ရေလဲပုဆိုးကိုယ်စီဖြင့် ရေမြောင်းကြီး ရေချိုးစခန်းသို့ ထွက်ခဲ့သည်။

ရေချိုးသည့်နေရာမှာ မီးလုံးဝမရှိ။

တောင်ပေါ်မှ ကျသည့်ရေကို ကျောက်ကုန်းများဖြင့် ပိတ်ထားသည့်တွက် ရေကန်သဖွယ်ဖြစ်နေသည်။

ရေမြောင်းအတွင်း သုံးယောက်သား ရေစိမ်ပြီးချိုးနေကြသည်။

ထိုအချိန် သူတို့အုပ်စုနှင့် မနီးမဝေး ကျောက်တုံးတစ်တုံးအပေါ် ဆတ်တစ်ကောင်ခုန်တက်ပြီး ရေသောက်နေသည်ကို တွေ့လိုက်သည်။

"ဟင် ... ညနေက ဆတ်အရွယ်လောက်ရှိတဲ့ ဆတ်တစ်ကောင် ရေလာသောက်နေတယ် ..."

"ကြည့်နေ ကျုပ်လက် ဘယ်လောက်တည့်လဲဆိုတာ ပြမယ်"

ကျောက်ခဲခပ်ရွယ်ရွယ်တစ်လုံးကောက်ပြီး အားကုန်လွှဲပေါက်လိုက်သည်။





"ဘုန်း"

ကျောက်ခဲက ဆတ်ကို တန်းတန်းမတ်မတ်သွားထိသဖြင့် ဆတ်ကြီး ရေထဲဘေးတိုက်ပစ်ကျသွားသည်။

"ဟာ ... ထပြေးပြီ"

"ဒီကောင် အားကုန်မပြေးနိုင်ဘူး၊ လိုက်ဖမ်းမယ်"

"ဟေ့လူ အမှောင်ထဲမှာ မီးလည်း မရှိဘူး၊ အရမ်းမလိုက်နဲ့"

စောဌေးလှလည်း သာထစ်စကားကို မကြား၊ ဆတ်နောက်သို့လိုက်ရန် စိတ်စောနေသည်။

"မင်း ဗိုလ်လက်က မလွတ်ဘူး"

ပါးစပ်ကသာ ပြောနေပေမယ့် ဆတ်ကိုပစ်ရန် ကျောက်ခဲတစ်လုံးသာပါသည်။

သာထစ်နှင့် ဦးဘရှင်တို့က စောဌေးလှကို စိတ်မချ၍ နောက်မှလိုက်ခဲ့သည်။

ရေမြောင်းကြီး အထက်ဘက်မှာ လမ်းရှိ မရှိ သူတို့မသိ၊ ယခု သူတို့ စောဌေးလှနောက်မှ လိုက်ခဲ့စဉ် တောင်တက်လမ်းကလူးလူးဆန်းဆန်း ချုံနွယ်ပိတ်ပေါင်းမရှိ။ ကျောက်တုံးကျောက်ခဲမရှိသော သစ်ပင်ကြီးများသာရှိသည့် တောမျိုးဖြစ်နေသည်။

သူတို့ အမှောင်ကြောင့် စောဌေးလှကို သဲသဲကွဲကွဲ မမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ စောကြီး ... စောကြီး ဘယ်အထိလိုက်နေမှာလဲ၊ ပြန်လာခဲ့"

"သူတို့ရှေ့မှာ ... မည်းမည်း ... မည်းမည်းနှင့် ... ဆတ်နောက်သို့ လိုက်နေသော စောဒွေးလှသဏ္ဌာန်ကို မြင်နေ ရသည်။

စောဒွေးလှကတော့ ဆတ်ကြီးကို မီလုမီခင်ဖြစ်နေ၍ နောက် ပြန်မလှည့်နိုင် ဖြစ်နေသည်။

လက်ထဲက ကျောက်ခဲကိုလည်း အသင့်ပြင်ထားသည်။ အတော်လှမ်းလှမ်းအရောက် သူ့မျက်စေ့အောက်မှာ ဆတ်ကြီးက ကုန်းထလိုက်သည်ကို တွေ့လိုက်သည်။

လူက အရှိန်မထိန်းနိုင်ဘဲ ဆတ်ကြီးနား နီးကပ်သွားသည်။ ကုန်းထလာသော ဆတ်ကြီးက ဆတ်ကြီးအသွင်ပျောက်သွား ပြီး အရပ်ဆယ်ပေခန့်ရှိသည့် အရပ်ဆိုးဆိုးလူကြီးအသွင်ပြော[illegible] သွားသည်။

စောဒွေးလှ ခြေလှမ်း တုန့်ခနဲ ရပ်သွားသည်။

သူ့ပတ်ပတ်လည်မှာလည်း ဆတ်လေးငါးဆယ်ကောင်[illegible] သစ်ပင်များနောက်မှ ထွက်လာကြ၍ သူ့မျက်စိအောက်မှာပင် ကုန်း ထလာပြီး ကြောက်စရာမျက်နှာများနှင့် သရဲလိုလို အကော[illegible]





ကြီးများ ဖြစ်သွားသည်ကို မြင်ရသည်။

သာထစ်နှင့် ဦးဘရှင်တို့ ပတ်ပတ်လည်မှာလည်း ဆတ် ကောင်တဖြစ်လဲ ... သရဲကောင်များ ဝိုင်းပတ်နေသည်။

တဖြည်းဖြည်းချင်း သူတို့အနီးသို့ တစ်လှမ်းချင်း လျှောက်လာ နေသဖြင့် နောက်ဆုတ်ပြီး သွားနေကြရာ၊ သုံးယောက်သား တျော့ခြင်းကပ်အနေအထားသို့ ရောက်သွားတော့သည်။

"သ ... သရဲတွေ ... အများကြီးပဲ"

"ဘယ်လိုကဘယ်လို ဆတ်က သရဲတွေ ဖြစ်သွားရတာလဲ"

"နေ့ခင်းက သတ်လိုက်တဲ့ ဆတ်က သရဲဖြစ်ပြီး လာခြောက် တာလား"

"မသိတော့ဘူးဗျာ"

ဟား ... ဟား ... ဟား ...

ဟီး ... ဟီး ... ဟီး ...

သရဲကောင်များ၏ ပါးစပ်မှ အသံမျိုးစုံထွက်နေသည်။ ရှေ့ဆုံး က အကောင်ကြီးက စောဒွေးလှလက်ကို ဖမ်းဆွဲလိုက်သည်။

အမယ်လေး ... ကြောက်ပါပြီ။

စောဒွေးလှက ကြောက်ရွံ့လွန်းပြီး လက်ကိုဆောင့်ရုန်း၍ ထွက်ပြေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သရဲကြီးက စောင္ဒေးလုလွှတ်ချထားသော ကျောက်ခဲကို ကောက်ပြီး နောက်က အားကုန်ပစ်ထည့်လိုက်သည်။

"ခွပ်"

"အား"

ကျောက်ခဲပစ်ချက်တစ်ချက်တည်းနှင့် စောင္ဒေးလု ဦးခေါင်းကွဲကာ အသက်ထွက်သွားတော့သည်။

စောင္ဒေးလု၏ အဖြစ်ကိုမြင်ပြီး သာထစ်နှင့် ဦးဘရှင်တို့ ကြောက်ဒူးတုန်နေကြသည်။

"ကြောက် … ကြောက်ပါပြီ … ချမ်းသာပေးကြပါ"

"ဟား … ဟား … ဟား …"

"အား … ကြောက်ပါပြီဗျ"

သရဲလက်ကြီးများက သာထစ်တို့ကို ဆွဲကိုင်ဆုတ်ဖြဲ၍ ကြိုးစားနေကြသည်။

ဟီး … ဟီး … ဟီး …

သရဲကြီးများက သူတို့နှစ်ယောက်ကို အလွတ်ပေးရန် မရှိတော့။

ဝေါင်း … ဝေါင်း … ဝေါင်း …

ထိုအချိန်မှာပဲ သရဲကောင်ကြီးများနောက်မှ ကျားဟိန်းသံကြီး





ထွက်ပေါ်လာသည်။

ကျားဟိန်းသံကြောင့် သရဲများ နောက်သို့ ရှဲသွားသည်။

ကျားကြီးနောက်မှ သန်သန်မာမာ ခန္ဓာကိုယ်ကြီးနှင့် နှုတ်ခမ်းမွှေးထူထူရှိနေသော ပုဆိုးကတောင်းကျိုက်ထားသည့် လူကြီးတစ်ယောက်ကို တွေ့လိုက်သည်။

"မင်းတို့သုံးယောက် ဘာအမှားတွေ လုပ်ခဲ့လဲသိလား"

"ဟို … ဟို ဆတ်ကြီးကို ကျောက်ခဲနဲ့ ခေါင်းကို ထုသတ်ပြီး ချက်စားခဲ့ပါတယ်"

"မင်းတို့ကို ဘရသေ့က … ဒီတော ဒီတောင်ကိုလာရင် … အရက်မသောက်ဖို့ တိရစ္ဆာန်တွေ မသတ်ဖို့ မှာတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"နားထောင်ကြလား"

"နားမထောင်မိပါဘူး"

"ဘရသေ့က မင်းတို့အပြန်မှာ ဒုက္ခရောက်နေမယ့် ဆတ်ကြီးအဖြစ်ကိုမြင်လို့ … သတ္တဝါတွေ မသတ်ဖို့ ကြိုမှာခဲ့တာ မင်းတို့က သတ်ပစ်လိုက်တယ်၊ ဘုရားလာဖူးတာ အရက်သေစာကလည်း တစ်ရက်မှမလွတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အရက်သောက်တာက ခွင့်လွှတ်လို့ရသေးတယ် ... သား ကောင်တွေ လျှောက်သတ်တာကတော့ ... မိုက်မဲလွန်းလှတယ် ... နေ့ခင်းကသတ်တာ အားမရလို့ ... စောစောက ငါ့တပည့်တစ်ကောင်ကိုလည်း ဆတ်ထင်ပြီး ကျောက်ခဲနဲ့ ထုသတ်သေးတယ်"

"ဟိုတစ်ယောက်ကတော့ သေပြီ ... မင်းတို့ကို ငါ ဒီကနေ ပြန်ပြေးခိုင်းမယ် ... ငါ့ကျားကို လွတ်အောင်ပြေးနိုင်ရင် မင်းတို့ရှင်မှာပဲ ... မလွတ်ခဲ့ရင် ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲ"

"ကဲ နောက်ကြောင်းပြန်လှည့် ပြေးကြ"

ကျားကြီးနှင့် ပါလာသူ လူကြီးစကားကြောင့် သာထစ်နှင့် ဦးဘရှင်တို့လည်း ... လာလမ်းအတိုင်း ခြေကုန်သုတ်ပြေးလာခဲ့သည်။

သူတို့နောက်ကြောင်းပြန်လှည့်ပြေးသည့်လမ်းက တောထဲမှာ ပြေးနေရသကဲ့သို့မဟုတ်ဘဲ လွင်တီးခေါင်မှာ ပြေးနေရသကဲ့သို့ ဖြစ်သည်။

သူတို့ ... ပြေးလာပြီး ခဏအကြာ နောက်မှကျားကြီးကို လွှတ်လိုက်သည်။ လှားခနဲ၊ လှားခနဲ ခြေကုန်ပစ်ပြီးလိုက်တော့ သည်။



"ဝေါင်း"

ကြားဟိန်းသံတစ်ချက်ကြားလိုက်ရပြီး သာထစ်တစ်ယောက် ကျားပါးစပ်အတွင်း ခွေခနဲ ပါသွားသည်။

"အား"

ကြောက်မက်ဖွယ်အသံကြီး သွေးပျက်ဖွယ်ကြားလိုက်ရာ ဦးဘရှင် ခြေကုန်သုတ် ပြေးတော့သည်။

ဟား ... ဟား ... ဟား ...

"ဟင်"

ဦးဘရှင်၏ ပြေးလမ်းကို သရဲများက ပိတ်ဆို့ထားသည်။ နောက်မှာက ကျားကြီး ရှေ့မှာက သရဲများ ဦးဘရှင် ဘယ်လိုနည်းနဲ့မျှ ပြေးလို့မလွတ်နိုင်တော့။ အသက်ရှင်ဖွယ် မရှိတော့သည်ကို ပြေးရင်းလှားရင် သိခဲ့ပြီ။

"ကြောက်ပါပြီ ... ကြောက်ပါပြီ"

ပြေးနေသော ခြေထောက်တစ်ချောင်းကို နောက်မှ သရဲတစ်ကောင်က ဖမ်းဆွဲလိုက်သည်။

ဦးဘရှင် သရဲလက်ထဲ ယက်ကန်ယက်ကန် ပါသွားသည်။ သရဲကြီးက ဦးဘရှင် ခြေထောက်ကိုဆွဲပြီး လေထဲတစ်ပတ်လှည့်ကာ အဝေးသို့ လွှဲ၍ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

သစ်ပင်များနှင့် ရိုက် ကျောက်တုန်းများဖြင့်ဆောက်ပြီး ချောက်အတွင်းကျကာ မေ့မြောသွားတော့သည်။

မနက်လေးနာရီထိုးခန့် ကိုအံ့မောင်နှင့် ဦးကျော်ထွန်းတို့ နိုးလာကြသည်။

ဘေးဘီသို့ လှည့်ကြည့်လိုက်သည်။

"ဟင် ကိုဘရှင်တို့ စောဌေးလှတို့ အခုထိ ပြန်မလာကြ သေးပါလား"

"ညက ထမင်းစားပါသေးတယ် ... ထမင်းစားပြီးမှ ပြန် ထွက်သွားတာဖြစ်မယ်"

ထိုပြင် ဖရမြောင်းကြီး ရေချိုးကန်သို့ မျက်နှာသစ်ရေချိုးရန် သွားကြသူများထံမှ အော်သံဟစ်သံထွက်လာသည်။

"ဗျို့ ... အေးညွန့်၊ တင်မြ ဒီကိုဓာတ်မီးယူပြီး လာခဲ့စမ်း ဒီမှာ လူတစ်ယောက် လဲကျနေတယ်"

"ဘုရားဖူးအဖွဲ့တွေ ဒီလူဘယ်သူလဲဆိုတာ လာကြည့်ကြ ဗျို့ ..."

ထိုလူ၏ အော်သံကြောင့် ကိုအံ့မောင်နှင့် ဦးကျော်ထွန်းတို့ လည်း အပြေးအလွှား သွားပြီးကြည့်ကြသည်။





"ဟင်... ကိုဘရှင်မဟုတ်လား"

အကျီကွျတ်နှင့် မှောက်လျက်လဲနေသူမှာ ဦးဘရှင်ဖြစ်ကြောင်း သိလိုက်သည်။ သူ့အနီးမှာ သွေးများက မြင်မကောင်းအောင် ထွက်နေသည်။

ဦးကျော်ထွန်းက မှောက်လျက်အနေအထားနှင့် လဲကျနေသော ဦးဘရှင်ကို အခြေအနေကြည့်လိုက်သည်။

"မသေသေးဘူး"

ထို့ကြောင့် ပက်လက်အနေအထားဖြစ်အောင် အများအကူ အညီနှင့် လုပ်လိုက်သည်။

"ကိုဘရှင် ... ကိုဘရှင်"

လူတစ်ယောက်က မျက်နှာသုတ်ပုဝါကို ရေစွတ်ပြီး မျက်နှာကို ပွတ်ပေးလိုက်သည်။

ရေ၏အအေးကြောင့် လှုပ်ရှားလာသည်။

"ဟင် ... အား ... ကျွတ် ... ကျွတ် ..."

"ကျားကြီးနဲ့ သရဲကြီးတွေ လိုက်လာပြီ"

"ကိုဘရှင် သတိထား ... ကျုပ်ကို့ပါဗျ"

"ကျားကြီး ... ကျားကြီး ... သရဲတွေ ... သရဲတွေ"

"ကိုဘရှင် ... ကျားလည်းမရှိဘူး ... သရဲလည်းမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မျက်လုံးမှိတ်ပြီးအော်နေသော ကိုဘရှင် အသိပြန်ဝင်လာသည်။

"ဟင် ... သရဲတွေရော ..."

"အား ... ကျုပ် ... ကျုပ် ... လက် ... လှုပ်မရဘူး"

လက်ကျိုးသွားတာဖြစ်မယ် ... လက်ကလည်း သွေးတွေထွက်နေတယ် ... ခေါင်းလည်းကွဲသွားတယ်။

ခေါင်းကဒဏ်ရာထက် လက်ကျိုးသွား၍ အရိုးကအပြင်သို့ ဖောက်ထွက်နေသဖြင့် သွေးများ အိုင်ထွန်းနေခြင်းဖြစ်သည်။

"ခင်ဗျား ... စကားပြောနိုင်သေးလား၊ ဟိုလူနှစ်ယောက် ဘယ်မှာလဲ"

"ကျုပ်တို့သုံးယောက်ကို သရဲတွေ ဝိုင်းလိုက်လို့ ကျားကြီး၊ တစ်ကောင်လည်း ပါသေးတယ်"

"ဘယ်လိုဖြစ်တာလဲ ပြောပြပါဦး"

"ဟော့လူတွေ ဒီလူ အကျီချွတ်ကြီးနဲ့ သွေးတွေကလည်း၊ အရမ်းထွက်ထားတာ စကားသိပ်မပြောစေနဲ့ ... ဇရပ်ကို သယ်သွားပြီးမှ မေးစရာရှိတာမေး"

လူတစ်ယောက် သတိပေးလိုက်မှ ကိုဘရှင်ကို သူတို့အိပ်ရနေရာသို့ သယ်သွားပြီး လက်ကျိုးနေသောဒဏ်ရာကို သွေး





ထွက်အောင် အဝတ်နှင့်ယာယီစည်းထားလိုက်သည်။

ပေါင်တစ်ချောင်း အဆစ်ပြုတ်နေ၍ လှုပ်မရဟုလည်း သိရသည်။ ကျိုက်ထိုဆေးရုံသို့တင်ရန် အထမ်းသမားကို မှာရသည်။ ချက်ချင်းမရ မနက်ခြောက်နာရီခန့်မှ အထမ်းသမားများ ရမည်ဟုဆိုသည်။

သို့ကြောင့် စောဌေးလှတို့ အကြောင်းကို ဖြည်းဖြည်းချင်း မေးရသည်။

ဦးဘရှင်ကလည်း နားလိုက်ပြောလိုက်နှင့် ပြောပြပါတယ်။

"ငါတို့ ... ညတစ်နာရီလောက် အိပ်မရတာနဲ့ ရေသွားချိုးတယ်"

ရေချိုးနေတုန်း ကျောက်တုန်းကြီးပေါ် ဆတ်တစ်ကောင် တက်လာတာ မြင်တာနဲ့ စောဌေးလှက ကျောက်ခဲနဲ့ ပစ်လိုက်တယ်။ ကျောက်ခဲထိပြီး ဆတ်ကြီး အထိနာနာနဲ့ တက်ပြေးလို့ ငါတို့နောက်က ပြေးလိုက်ခဲ့တယ်"

"အတော်ဝေးဝေးလဲရောက်ရော ဆတ်က သရဲကြီးဖြစ်သွားတယ်။ တောထဲမှာ ဆတ်တွေအများကြီးထွက်လာပြီး သရဲတွေဖြစ်သွားတယ်"

"စောဌေးလှက သရဲကြီးပစ်တဲ့ ကျောက်ခဲ ခေါင်းမှန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သေသွားတယ်။ ငါနဲ့ သာထစ်ကို တောထဲကထွက်လာတဲ့ လူကြီးက ဘူ့ကျားကြီးလက်က လွတ်အောင်ပြေးနိုင်းတယ်။ လွတ်ရင် ရှင်မယ် မလွတ်ရင် သေမယ်တဲ့”

“သာထစ်ကို ကျားမှီသွားပြီး ကိုက်ဖဲ့နေတုန်း ငါကဆက်ပြေးတယ်။ ငါ့ကို သရဲကြီးတစ်ကောင် ခြေထောက်ကဆွဲပြီး လွှင့်ပစ်လိုက်တာ”

ကျောက်တုံးနဲ့ဆောင့် သစ်ပင်တွေနဲ့ တိုက်ပြီး မင်းတို့တွေ့တဲ့ နေရာကို လွင့်ကျလာတာပဲ။

“အဲ့ဒီ ခင်ဗျားမိတ်ဆွေတွေက တောထဲမှာပေါ့”

“တောမဟုတ်ဘူး ... ဆတ်ကြီးနောက်လိုက်တဲ့လမ်းက အောက်ခြေရှင်းနေတာ သစ်ပင်ကြီးတွေပဲရှိတယ်”

ရေမြောင်းကြီးဌာနေလူများက ဦးဘရှင်စကားကြား၍ ထူးဆန်းနေသည့်အတွက် သေချာအောင် ပြန်မေးသည်။

“ဦးတို့ ဘယ်နားက တောင်ပေါ်တက်တာလဲ”

“ရေချိုးတဲ့နားမှာ ကျောက်တုံး လေး ငါး တုံး ရှိတယ် မဟုတ်လား။ အဲဒီနားက အပေါ်ကို ဆတ်ကြီးတက်သွားတာ ကျုပ်တို့သုံးယောက်လည်း အပြေးလိုက်တက်တာ”

“အင်း ထူးဆန်းတယ် ... အဲဒီနေရာက အောက်ခြေ





နည်းနည်းရှုပ်တယ်၊ အမှောင်ထဲပြေးလို့ လွှားလို့ လွယ်တဲ့နေရာ တော့ မဟုတ်ဘူး”

“ကျုပ်တို့ ပြေးတတ်တာလည်း ရှင်းနေတာပဲ၊ ပြန်ပြေးခဲ့တော့လည်း ကျောက်တုံးကျောက်ခဲ ချုံနွယ်ပိတ်ပေါင်း မရှိဘူး။ ရှင်းနေတာ”

“ခင်ဗျားတို့ တောခြောက်ခံရပြီး၊ အမြင်လှည့်စားခံလိုက်ရတာကဲ ... မကြောက်တတ်တဲ့ လူသုံးလေးယောက်နဲ့ နယ်ခံနှစ်ယောက်လောက် တောင်ပေါ်တက်ရှာရအောင် ငါးနာရီလောက်ရှိပြီ၊ အလင်းရောင်လည်းလာပြီ သွားရှာကြမယ်”

နယ်ခံလူကြီးတစ်ယောက် ဦးဆောင်မှုနှင့် ကိုအုံ့မောင်က လိုက်သွားသည်။ ဦးကျော်ထွန်းက ဦးဘရှင်နှင့် နေခဲ့သည်။

ဒီလူတွေ တစ်နေရာမှာ အမှားလုပ်ခဲ့လို့ အခုလို ထူးထူးကဲကဲ တောခြောက်ခံရတာပဲ။ ဒီနယ်ဒီဒေသက အမှားခံတဲ့ နေရာမဟုတ်ဘူး။ ကျားအလိုက်ခံရတာဆိုရင် ဟုန်းနတ်ကြီးများက ကျားနဲ့ လိုက်နိုင်းတာလား မသိဘူး”

“တောခြောက်တာကတော့ အမျိုးမျိုးဖန်ဆင်းခြောက်လှန့်ဘတ်တယ် ... ဟာ ... ဟိုရှေ့မှာ လူတစ်ယောက် တစ်ကိုယ်လုံး ဥတ်ပြတ်နေတယ် ... ဇက်လည်းကျိုးနေတယ်”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သာထစ်ဆိုတဲ့လူပဲ"

ကိုအုံ့မောင်က ပြောလိုက်သည်။ သာထစ်တစ်ယောက် သွေးအလိမ်းလိမ်းနှင့် အသက်ကင်းမဲ့နေပြီဖြစ်သည်။

ရှေ့နားမှာ ဦးခေါင်းကြေမွပြီး အသက်ကင်းမဲ့နေသော စောဖွေး လှကို တွေ့ကြသည်။

အလောင်းနှစ်လောင်းကို ကျောက်တုံးများ ချုံပုတ်များကြားမှ ခဲရာခဲဆစ် သယ်ချလာရသည်။

ဒီလောက်ခက်ခက်ခဲခဲ ဆင်းရတတ်ရတဲ့ နေရာကို ဒီလူတွေ အောက်ခြေရှင်းတဲ့တောင်လို့မြင်အောင် တောပိုင်တောင်ပိုင်တွေက ဖန်ဆင်းခဲ့တာဖြစ်သည်။

အားလုံးတောင်ခြေသို့ ပြန်ရောက်ခဲ့သည်။ ဦးဘရှင်ကို ဆေးရုံ တင်တော့ နေ့ဆယ်တစ်နာရီဖြစ်သည်။

သက်ဆိုင်ရာကို အကြောင်းကြားပြီး စောဖွေးလှနှင့် သာထစ် တို့ကို ရေမြောင်းကြီးစခန်းမှာပင် ထားခဲ့သည်။

သက်ဆိုင်ရာက လာစစ်ဆေးပြီးလျှင် သူတို့တာဝန်ယူ သဂြိုဟ် ပေးမည်ဟုဆိုသည်။

ဦးကျော်ထွန်းနှင့် ကိုအုံ့မောင်လည်း ဦးဘရှင်အား ကျိုက်ထို ဆေးရုံမှာ တင်ထားလိုက်သည်။



BURMESE CLASSIC .com



ကိုအုံ့မောင်ကို အစောင့်ထားခဲ့ပြီး ဦးကျော်ထွန်းလည်း ဦးဘရှင် တို့ မိသားစုအား ပြောပြရန် ရွာသို့ တစ်ယောက်တည်း ပြန်လာ ခဲ့တော့သည်။

အေး ... အဲဒါ အဖိုးရဲ့ အဖေနဲ့ သူ့မိတ်ဆွေတွေ ဘုရား သွားဖူးရင်း သောက်စားမူးရစ် တိရစ္ဆာန်တွေ သတ်ဖြတ်ခဲ့လို့ အပြစ်ပေးခံခဲ့ရတာပဲ။ ရှေးခေတ်ကတော့ တောကြမ်း၊ တောင်ကြမ်း တယ်၊ အများခံတာမဟုတ်ဘူး၊

အခုနောက်ပိုင်းတော့ ဒီလောက်အကြမ်းကြီး မဟုတ်တော့ဘူး။ ဒါပေမဲ့ ကုသိုလ်ယူဖို့သွားတာ ကိုယ့်အပျော်ကို သူများဒုက္ခ ဖြစ်တာမျိုး မဖြစ်စေနဲ့"

"ဟုတ်ကဲ့ ... သားတို့ အဖိုးစကားနားထောင်ပါ့မယ်"

"အဖိုးရဲ့ အဖေက ဦးအုံ့မောင် မဟုတ်လား"

"အေးလေ ... မင်းအမေက ဆွေစဉ်မျိုးဆက် မပြောပြဘူး လား"

"အမေတစ်ခါပြောဖူးပါတယ်။ ဝဲအဖိုးက ဦးအုံ့မောင် အဖွား က ဒေါ်ချစ်တဲ့"

"အေး ... အေး ... အိမ်ပြန်ပြီး ယူသွားရမယ့် ပစ္စည်းတွေ စုံစေ့အောင်ထည့် အသုံးလည်း မကြမ်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမြခင် မင်းမြေးကို မုန့်ဘိုးပေးလိုက်ဦး"

အဖွားက အိမ်ခန်းထဲက ထွက်လာသည်။

"ကျုပ်လည်း ပေးမလို့ အခန်းထဲဝင်သွားတာ တော်တို့စကား ကောင်းနေလို့ ရော့မြေး ... ပိုက်ဆံ နှစ်သောင်း ..."

"ရပါတယ်အဖွား သားမှာ သုံးစရာရှိပါတယ်"

"သား အသုံးမလိုတော့လည်း ဘုရားမှာ ရွှေသက်န်းကပ် အလှူလေး ဘာလေးလုပ်ပေါ့"

သို့ဖြင့် သက်ဇော်လည်း အဖိုးအိမ်မှ ပြန်ခဲ့သည်။

❖ ❖ ❖

နောက်နေ့ ဆယ်နာရီထွက်သော မှန်လုံကားကြီးနှင့် သက်ဇော်တို့ သူငယ်ချင်းတစ်စု ကျိုက်ထီးရိုးသို့ ဘုရားဖူး ထွက်ခဲ့သည်။

စာမေးပွဲများ ပြီးကုန်ပြီဖြစ်၍ တစ်ကားလုံး ဘုရားဖူးကျောင်းသားများဖြင့် ပြည့်နေသည်။

နေ့နှစ်နာရီထိုးကာနီးတော့ မှန်လုံကားကြီး ကင်ပွန်းစခန်း ကားဂိတ်သို့ ဆိုက်ရောက်သည်။

အထုတ်အပိုးများဆွဲ၍ တောင်ပေါ်တက်သည့် ကားဂိတ်သွား၍ တန်းစီကြရပြန်သည်။





မကြာခင် တောင်တက်ကားကြီးများကို စီးရင်း အဖိုးပြောပြသော ရှေးခေတ်ကျိုက်ထီးရိုးဘုရားသို့ ခြေလျင်လမ်းလျှောက်တက်ကြသူများ၏ ပျော်ရွှင်မှုကို မျက်လုံးထဲမှာ ခံစားမြင်ယောင်ရင်း တောင်ပေါ်သို့ အသည်းတယားယား စိတ်လှုပ်ရှားစွာနှင့် လေးဆယ့်ငါးမိနစ်ပင်မကြာ ရောက်ခဲ့တော့သည်။

# ဇေကန်မင်း

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com